ဓမ္မဘောဂီစာစဉ်



ဓမ္မဘောဂီ အရှင်ဝီရိယ(တောင်စွန်း)

# မထေရ်မြတ်တို့စကားဝိုင်း

ဒီဇိုင်း - လင်းဝဏ္ဏ

ဓမ္မဘောရီ အရှင်ဝီရိယ(တောင်စွန်း)

# မထေရ်မြတ်တို့စကားဝိုင်း



ဖုန်း ၀း ၃၈ - း ၃၅၈

# မထေရ်မြတ်တို့ စကားဝိုင်း

မမ္ဘောရီအရှင်ဝိရိယ (တောင်စွန်း)

ဖြန့်ချိရေး

. ရာပြည့်စာအုပ်ဆိုင်
အမှတ်-၄၁၆၊ မဟာဗန္ဓုလလမ်းနှင့်၃၅-လမ်းထောင့်၊
ရန်ကုန်မြို့။ဖုန်း ၀၁-၇၁၀၁၀၃

| | |
|---|---|
| အတွင်းခွင့်ပြုချက် | ၃၉၈/၂၀၀၂ (၇) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၄၆/၂၀၀၂ (၈) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်၊<br>စက်တင်ဘာလ၊ ၂၀၀၂ ခုနှစ်။ |
| အုပ်ရေ | ၃၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ဗဂျီလင်းဝဏ္ဏ |
| အတွင်းပလင် | အေဇက် · ဟန်ဝင်းအောင် |
| ကာလာခွဲ | လပ်ကီး |
| ကွန်ပျူတာအတွင်း Layout | နေဇော် (Y.P.T)<br>Bantam Media Group |
| ထုတ်ဝေသူ | ဦးကျော်ဟင်း - ၀၉၁၀<br>(ယုံကြည်ချက်စာပေ)<br>၁၁၁၊ ၃-ထပ်(ယာ)၊ ၃၃-လမ်း။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် (၀၅၉၀၁)<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ်(၁၉၉)၊ လမ်း (၅၀)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | ကိုမြင့် |
| | ၇၀၀ ကျပ် |

# မာတိကာ


- စာရေးသူ၏အထုပ္ပတ္တိ .....
- အကြောင်းပြန်နဲ့ ကျေးဇူးပတ္ထနာ ......

၁။ မပြည့်ဆင်းရဲသားများ ၁၃
၂။ အမှိုက်ကရွှေဖြစ်အောင် ၁၇
၃။ သက်မဲ့တို့ရဲ့ လွတ်လပ်ခွင့် ၂၂
၄။ တစ်ခွက်တည်းနဲ့ ဘယ်ဟင်းမှ မကောင်းနိုင်ဘူး ၂၈
၅။ ဂတိမတည် ဥစ္စာမရှိ ၃၁
၆။ သတိပေးညင်သာ လိုက်နာလေးနက် ၃၈
၇။ ဆယ်ပေါ်ငါးကျော်ရင်ဟင်းအိုးထဲ ရောက်တတ်တယ် ၄၂
၈။ ဖိနပ်ခုတ်၊ နတ်ရုပ်၊ ပလုတ်တုတ် ၄၅
၉။ သစ်တစ်ပင်နဲ့ တောတစ်ခု ၄၉
၁၀။ ရှင်အတူ သေမကွာ ၅၂
၁၁။ ပညတ်နဲ့ ပရမတ် ၅၈
၁၂။ နောက်ဆုံးမဟုတ်ပါ ၆၂
၁၃။ ကြွက်ချေးထဲဆွမ်းဆန်မရောစေချင်လို့ ၆၆
၁၄။ အဆိပ်ပုလင်းနဲ့ နို့ပုလင်း ၇၀
၁၅။ ဘုန်းကြီးလို့ သက်ရှည် ၇၅
၁၆။ အဝါလမ်းကလမ်းမှန် ၇၈

| | | |
|---|---|---|
| ၁၇။ | ဖောင်ရုံမရ မမွဆုံး | ၈၄ |
| ၁၈။ | အစောင့်အရှောက်နဲ့ အနှောင့်အယှက် | ၈၇ |
| ၁၉။ | ဉစ္စာပျောက် ငရဲဝေး | ၉၀ |
| ၂၀။ | ဆုံးရှုံးတယ်ဆိုတာ | ၉၂ |
| ၂၁။ | ဆုံးရှုံးရယူ | ၉၄ |
| ၂၂။ | မကျေနပ်ရင် ငုံ့ကြည့်လိုက် | ၉၇ |
| ၂၃။ | ဧရာဝတီမြစ်ကြီးလက်ပစ်ကူးပြီးကာမှ ဝက်လူးအင်းထဲ နစ်မသေကြစေနဲ့ | ၁၀၉ |
| ၂၄။ | ရှိပြီးမှပြော | ၁၀၈ |
| ၂၅။ | သာသနာပြုလုပ်ငန်းနဲ့ ဒေသဓလေ့ | ၁၁၀ |
| ၂၆။ | ဇရာ | ၁၁၆ |
| ၂၇။ | အိုနာသေရဲ့ကျေးဇူး | ၁၁၈ |
| ၂၈။ | ဝေဖန်ရေး | ၁၂၁ |
| ၂၉။ | အတွေ့အကြုံ | ၁၂၆ |
| ၃၀။ | အပြောနဲ့အလုပ် | ၁၃၀ |
| ၃၁။ | ဘုန်းကံနဲ့စာရေးတံမဲ | ၁၃၅ |
| ၃၂။ | အနားမညီတြိဂံ | ၁၄၁ |
| ၃၃။ | ကမ္ဘာကြီးနဲ့ ယာကွက် | ၁၄၇ |
| ၃၄။ | တစ်ယောက်တည်းတည့်အောင်နေတတ်ဖို့ | ၁၅၃ |
| ၃၅။ | ခန္ဓာကိုယ်တွင်းချန်ပီယံဘောလုံးပွဲ | ၁၅၈ |
| ၃၆။ | ဂျို (ချို)တုတရားရှင် | ၁၆၅ |
| ၃၇။ | ရခဲတဲ့ကျွန်ဘဝ | ၁၇၁ |
| ၃၈။ | အံ့ဩစရာအထူးအဆန်းများရဲ့အန္တရာယ်ဆိုး | ၁၇၅ |
| ၃၉ | အတိုးကြီးတဲ့ အငှားကိုအမြတ်များအောင် အသုံးချပါ | ၁၇၉ |

# တပြုသူအကြောင်း

၁။ ၁၃၀၇ ခုနှစ်က နတ်မောက်မြို့နယ် အရှေ့ဖျား၊ ရိုးမ တောင်ခြေမှာရှိတဲ့ ဥယျာဉ်တောင်ရွာမှာ အဘ ဦးပု - အမိ ဒေါ်မင်းတို့က ဖွားမြင်ခဲ့ပါတယ်။

၂။ သာသနာအနွယ်ကတော့ မန္တလေးမြို့ ဘုရားကြီးတိုက်၊ ပခန်းဆရာတော်ကြီးရဲ့ တပည့်စဉ်ဆက် "ပခန်းနွယ်" ဖြစ်ပါတယ်။

၃။ ၁၃၂၃-ခုနှစ်မှာ အမရပူရမြို့တူမောင်းတိုက်ကို ရောက်ရှိ ပြီး ပညာသင်ခဲ့ပါတယ်။

၄။ ၁၃၂၅-ခုနှစ်မှာ ပထမငယ်တန်းကို တစ်နိုင်ငံလုံး (တတိယ) ဂုဏ်ထူးနဲ့ အောင်မြင်တယ်။

၅။ ၁၃၂၆-ခုနှစ်ကစပြီး တူမောင်းတိုက်မှာ စာချကိုရင် အဖြစ်နဲ့ အငယ်တန်း အဘိဓမ္မာနဲ့ ဉာဝါတို့ကို ပို့ချရင်း စာသင်သား စာချ နှစ်တာဝန်ကို ထမ်းဆောင်ရပါတယ်။

၆။ ၁၃၃၂-ခုနှစ်မှာ အစိုးရ ဓမ္မာစရိယ စာမေးပွဲ အောင်မြင်တယ်။

၇။ ၁၃၃၈-ခုနှစ်က ဒေးဒရဲမြို့ ကွင်းကျောင်းတိုက်မှာ အရှင်အာဒိစ္စဝံသရဲ့ တပည့်ကြီးများဖြစ်တဲ့ ကမ္ဘာ့ ဗုဒ္ဓ သာ သ န ာ ပြု ဆ ရာ တော် အရှင်သေဋ္ဌိလ၊ တောင်တွင်းကြီး နတ်မှီတောရ ဆရာတော်၊ လွိုင်ကော်မင်းကျောင်း ဆရာတော်တို့ ဦးစီးပြီး ကွင်းကျောင်းဆရာတော် ဘန္တဉာဏတိက ပို့ချတဲ့ အရှင်အာဒိစ္စဝံသမူ နိကာယ သင်တန်းကို စာဆို အဖြစ်နဲ့ နိကာယငါးရပ် ပေါက်အောင် သင်ယူခဲ့ပါ တယ်။

ဒီသင်တန်းမှာ -

၁။ ပါဠိတော်ရဲ့ တိုက်ရိုက်အနက် (သဒ္ဒတ္ထ)
၂။ ဘုရားရှင်ရဲ့ ဆိုလိုရင်း (အဓိပ္ပါယတ္ထ)
၃။ သာဝကတို့ ခံယူကျင့်သုံးရမည့် (ဘဝတ္ထ) ဆိုပြီး အနက်သုံးမျိုးနဲ့ ကောက်ယူပုံကို စနစ်တကျ သင်ယူရပါတယ်။

၈။ ၁၃၄၂-ခုနှစ် တိပိဋကရေ ရွေးချယ်ရေးစာမေး ပွဲမှာ ဒီဃနိကာယ (သုတ်သုံးကျမ်း)ကို အာဂုံပြန်ဆို နိုင်တဲ့အတွက် ပိဋကတ်တစ်ပုံဆောင် "ဒီဃဘာ ဏက" ဘွဲ့ ရရှိခဲ့ပါတယ်။

၉။ ၁၃၄၃-ခုနှစ်မှာ ဒီယနိကာယ-ပါဠိ-အဋ္ဌကထာ-ဋီကာ-သဘောရေး ဖြေ စာမေးပွဲမှာ တစ်နှစ်တည်း သုံးကျမ်း လုံးကို ဒုတိယ အမှတ်အများဆုံးနဲ့ အောင်မြင်ခဲ့လို့ နိကာယဓ္ဓဇတက-ဒီယနိကာယ-အဂ္ဂမဟာစရိယ ဘွဲ့တံဆိပ်နဲ့ ခြောက်ထပ်ကြီး ဆရာတော်ရဲ့ ပညာသင် အထူးဆုရရှိခဲ့ပါတယ်။

၁၀။ ၁၃၄၃-ခုနှစ်ကစပြီး အမရပူရမြို့ တူးမောင်းတို့နဲ့ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် တို့မှာ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပဆရာတော် ဘုရားရဲ့ ဥပနိဿယအတိုင်း ပဋ္ဌာန်းစာဝါကို (ယမကနာ-သဘာဂ-ပစ္စနိက်-အစုံ) ပို့ချခဲ့ရာ ခုထိ နှစ်စဉ်ပို့ချဆဲဖြစ်ပါတယ်။

# အကြောင်းပြန့် ကျေးဇူးပတ္တနာ

နီတိလို့ ဆိုရမလား၊ ဒဿနလို့ ခေါ်ရမလား တော့ မသိဘူး၊ မှတ်သားရဖူးတဲ့ စကားကတော့၊

အေးစက်နေတဲ့ ကျောက်ခဲတစ်လုံးကို သံတုံးနဲ့ ထုခတ်လို့တဲ့အခါ မီးပွင့်ပြီး အလင်းရောင် ဖြစ်လာတတ် တယ် . . . တဲ့။

ပြီးတော့ သက်မဲ့ဖြစ်တဲ့ ကြေး၊ ကြိုး၊ သားရေ၊ သစ်၊ ဝါးတို့ကို စနစ်တကျ တီးခတ်လိုက်ရင် ဂီတသံစဉ် များ ဖြစ်ပေါ်လာတတ်ပါသတဲ့။

မိမိအခုလို စာတိုပေစလေးတွေ ရေးဖြစ်ခဲ့ရတာ ကို ပြန်စဉ်းစားကြည့်ရင် ဒီသဘောနဲ့ ခပ်ဆင်ဆင် ပြောရလိမ့်မယ်။

၁၃၆၂-ခုနှစ်၊ နှစ်ဦးပိုင်းလောက်မှာ ရဝေနွယ် (အင်းမ) ရဲ့ ဆုံစည်းပေးမှုအရ စာရေးဆရာ ကံထွန်းသစ် ရယ်၊ ရဝေနွယ်ရယ်၊ မိမိတို့ သုံးဦးဆုံမိခဲ့ကြတယ်။ ကံထွန်းသစ်ကို လူချင်းမတွေ့ဘူးခင်ကတည်းက သူရဲ့ "မြင့်မိုရ်ခရီး"၊ "တုံခါပီတိ"၊ "ပျော်ဝင်ဝေဒနာ" တို့က တစ်ဆင့် ပျော်ဝင်ပေါင်းဆုံ ရင်းနှီးပြီးသားဖြစ်ပါတယ်။ ရဝေနွယ် (အင်းမ)ကတော့ တပည့်ရင်းလဲဖြစ်၊ သူရဲ့ "ရွှေစကားတို့မြစ်ဖျား" လေ့လာရေးခရီးမှာလဲ အဖော် အဖြစ်လိုက်ပါပေးခဲ့ရလို့ အမြဲထိတွေ့ဆက်ဆံနေရတာပါ။

စကားဝိုင်းဖွဲ့မိကြတဲ့အခါ မိမိက ကံထွန်းသစ်ကို မိမိ ရေးစေချင်တဲ့အကြောင်းအရာများကို ပြောဆို တိုက်တွန်းမိပါတယ်။ လူတိုင်းကြားဖူးနားဝဖြစ်နေပြီ ထင်ရတဲ့ ဖြစ်ရပ်တွေမှာပဲ လူတိုင်းမကြည့်တဲ့နေရာက ကြည့်လိုက်တဲ့အခါ လူတိုင်းမမြင်တဲ့ မြင်ကွင်းအမှန်တစ်ခု ရှိတတ်လို့၊ ဒီမြင်ကွင်းအမှန်ကလေးတွေကို သူရဲ့ ရသ အတတ်ပညာနဲ့ ပုံဖော်ပေးစေချင်တဲ့အကြောင်းပြောပြပြီး တိုက်တွန်းခဲ့တာပါ။

စကားဝိုင်းရဲ့ နိဂုံးပိုင်းရောက်တဲ့အခါမှာတော့ သူတို့နှစ်ယောက်လုံးက မိမိတွေ့မြင်ရတဲ့မြင်ကွင်းများကို မိမိကိုယ်တိုင်ပဲ ရေးသားဘို့ ဝိုင်းပြီးတိုက်တွန်းကြပါတော့ တယ်၊ ဒါနဲ့ နောက်ဆုံးတော့ ကံထွန်းသစ် ဒုက္ခခံပြီး

ကမကထပြုနေတဲ့ "မြတ်သတိဝါဒီ" ပုံမှန်မဂ္ဂဇင်းမှာ "မိုးခါးမိတဲ့ မျိုးစေ့ကောင်း" နဲ့ စတင်ပါဝင်ပြီး သူတို့နဲ့အတူ ဒုက္ခဘုံထဲက ပျော်စရာများကို ကြံဖန်ရှာဖွေရင်း ပျော်ဝင်မိသွားခဲ့တာပါပဲ။

ဒါကြောင့် မိမိရေးခဲ့တဲ့ စာပုဒ်များကို ဖတ်ပြီး သိမှုအလင်းတစ်ခုကို တွေ့လိုက်ရတယ်။ ဓမ္မရသတစ်ခုကို ခံစားလိုက်ရတယ်ဆိုရင် ဒီပုဂ္ဂိုလ်နှစ်ဦးဟာ ဒီအလင်း၊ ဒီရသတို့ရဲ့ ကြီးမားတဲ့အကြောင်းတရား (ဥပနိဿယ ပစ္စည်း)များ ဖြစ်ပါတယ်။ (ကလျာဏမိတ္တ) ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေနပစ္စယောဆိုတဲ့ ပဋ္ဌာန်းဒေသနာတော် အတိုင်းပါပဲ။

ဒီစာအုပ် "မထေရ်မြတ်တို့ စကားဝိုင်း" ဖြစ်ပေါ်လာခဲ့တဲ့အကြောင်းပြစကားကိုလဲ နည်းနည်း ပြောပြချင်ပါတယ်။

ဝေးတဲ့အကြောင်းလို့ခေါ်တဲ့ အခြေခံ မူလအကြောင်း (နူရေနိဒါန်း)အနေနဲ့တော့ စာအုပ်ထဲက "ရွှေမကျည်းသီးတောင့်များ" မှာ ပါတဲ့အတိုင်းပါပဲ။

မနီးမဝေးအကြောင်း၊ ဒါမှမဟုတ် ရှေ့နောက်ဆက်စပ်မှုအကြောင်း၊ (အဝိဒူရေနိဒါန်း) ကတော့ မိမိမှာ ဟောရေး၊ ပြောရေး၊ ဆိုရေး၊ ဆုံးမရေးများ ကြုံတွေ့ရတဲ့ အခါ မထေရ်မြတ်များထံမှ နာခံမှတ်သားခဲ့ရတဲ့ ဒီဆရာ

အာငွေများနဲ့ မှုတ်ရတာဟာ အပေါက်အလမ်းတဲ့ခဲ့တာက များလို့ အကြောင်းတိုက်ဆိုင်လာတိုင်း မပြတ်သုံးစွဲနေတဲ့ အတွက် မေ့လျော့ပျောက်ကွယ်မသွားခြင်းပါပဲ။

မထေရ်မြတ်တို့ စကားဝိုင်းဖွဲ့ကြတယ်ဆိုတာလဲ စာပေရေးလောကရေး၊ ဓမ္မရေးတို့နဲ့ ပတ်သက်ပြီး ဖြေရှင်းစရာ တစ်ခုခုကို အကြောင်းပြုပြောဆိုကြသာ ချည်းလိုလိုဖြစ်လေတော့ မထေရ်မြတ်တို့ စကားဝိုင်းဟာ လောကဓမ်ကို ရင်ဆိုင်ဖြေရှင်းရေးနဲ့ ဘဝပြဿနာ၊ ဓမ္မ ပြဿနာ ဖြေရှင်းရေးတို့အတွက် အလွန်ထိရောက်ခိုင်မာ တဲ့ ပွဲတွေနည်းများသာဖြစ်တယ်လို့ အလေးအနက် ခံယူထားတဲ့အတွက် အကြောင်းတိုက်ဆိုင်တဲ့အခါ မထေရ် မြတ်တို့လို "ကျမ်းကိုး" မစုံတဲ့ မိမိတို့အတွက် "စကားကိုး" များကိုပဲ အားထားရပါတယ်။ ဒါဟာ ဒီစကားတွေ မေ့ပျောက်မသွာခြင်းရဲ့ မဝေးတဲ့ အကြောင်းတရား (အဝိဒူရေနိဒါန်း)ပါပဲ။

အနီးကပ်အကြောင်းတရာ (သန္တိကေနိဒါန်း) ကတော့ စာစရေးဖြစ်တဲ့အချိန်လောက်က ကျန်းမာရေး အတွက် လှိုင်မဟာစည်ရိပ်သာမှာ နားနေရတော့ ညနေ ပိုင်းမှာ ရင်းနှီးခင်မင်တဲ့ အောင်ကျော်တိုး+နုနုရီ (အင်းဝ) တို့ တိုက်ခန်းက မိမိရဲ့ ပဝတ္တိရပ်နီးသူတွေဖြစ်လို့ ရပ်ဆွေ ရပ်မျိုးလို ရင်းနှီးနေကြတာပါ။

တစ်နေ့မှာတော့ ဇနီးမောင်နှံနှစ်ယောက်လုံးက မိမိနဲ့ သဘောချင်းတိုက်ဆိုင်မယ့် ဂျာနယ်တစ်စောင် ရှိတယ်။ သူတို့ရဲ့ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက် ဦးစီးထုတ်ဝေနေတာ၊ အဲဒီမှာ စာရေးပါလို့ တိုက်တွန်းတာနဲ့ လေးငါးပုဒ်လောက် ရေးကြည့်ပြီး သူတို့လက်ထဲ အပ်ခဲ့ပါတယ်။

မိမိက ခရီးစဉ်အရ ပဝတ္တိမိဘများရှိရာ အမရပူရမြို့က မိခင်တိုင်းရင်းဖြစ်တဲ့ တူးမောင်းမှာ နွေရာသီ ပဋ္ဌာန်းစာဝါပို့ချဖို့ ခရီးဆက်ခဲ့ရာက ရန်ကုန်ပြန်ရောက်တော့ မိမိရေးတဲ့စာမူများ "အတွေးသစ်"မှာ ဖော်ပြထားတာတွေ့ရတယ်။ အတွေးသစ်ရဲ့ ခေါင်းကြီးပိုင်း ဆရာထက်ခေါင်နဲ့ တွေ့ရတဲ့အခါ မပြတ်ရေးပေးပါဆိုလို့ ရေရှည်ရေးနိုင်အောင် စဉ်းစားရင်း မထေရ်မြတ်တို့ စကားများကို ရေးဘို့ စိတ်ကူးရလာတာနဲ့ မှတ်တမ်းစာအုပ်မှာ တပ်ထားတဲ့ခေါင်းစဉ်အတိုင်း "မထေရ်မြတ်တို့ စကားဝိုင်း" လို့ ခေါင်းစည်းတပ်ပြီး လေးငါးပုဒ် ရေးပေးလိုက်ပါသည်။

စီစဉ်ညွှန်ကြားသူများက ဒီခေါင်းစည်းဟာ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံတော်မှာ အလွန်ကျက်သရေရှိတဲ့ ခေါင်းစီးဖြစ်သလို ဒီစကားများဟာလည်း နောင်လာနောက်သားများအတွက် အဖိုးတန်ပါ

တယ်။ "အတွေးသစ်" ဂျာနယ်မှာ ဒီခေါင်းစဉ်းနဲ့ ကဏ္ဍ တစ်ခု ပုံမှန်ထားပြီး ရွှေရတု အထိမ်း အမှတ်ကစပြီး အသုံးပြုပါမယ်ဆိုပြီး ဂျာနယ်အမှတ်စဉ် "၅၀"မှ စတင် ဖော်ပြခဲ့ပါတယ်။ ဒီလိုနဲ့ မိမိရဲ့ မှတ်တမ်း စာအုပ်များမှာ တိုတစ်စ ဒီတစ်စ မှတ်သားထားတဲ့ မထေရ်မြတ်တို့ရဲ့ စကားအမြုတေများဟာ တစ်စု တစ်စည်းတည်း စကားအမြုတေ ဘဏ္ဍာတိုက်အဖြစ် ရောက်ရှိခဲ့တာပါ။

အဖိုးတန်ပြီး သုံးလို့မကုန်နိုင်တဲ့ရတနာတွေကို မိမိလက်ထဲမှာသာ ဆုပ်ကိုင်ထားခဲ့ရာက အခုလို အများနဲ့ ဆက်ဆံအောင် ဖြန့်ဝေပေးခွင့်ရတာကိုပဲ မိမိအနေနဲ့ တော့ ကျေနပ်ဝမ်းသာလှပါပြီ။ ဒါပေမယ့် စာအုပ်အဖြစ် စုပေါင်းထုတ်ဝေမယ်ဆိုရင်တော့ ပေးသင့်ပေးထိုက် လှူသင့် လှူထိုက်တဲ့ ပုဂ္ဂိုလ်များကို မတွန့်မတိုဘဲ ပေးလှူ ချင်တယ်၊ ထုတ်ဝေသူတစ်ဦးဦးကို ပေးလိုက်ရမယ် ဆိုရင် သူတို့က မိမိအတွက်တုံ့ပြန်ပေးမယ့် ပမာဏနဲ့ မိမိက တစ်ဆင့်ပြန်ပြီးပေးလှူရမယ့် ပမာဏက ဂဏန်း တစ်လုံး စာလောက် ကွာဟနေပါလိမ့်မယ်။

ဒီအကြောင်းကို တပည့်များနဲ့ တိုင်ပင်တဲ့အခါ ဒီနှစ် တိပိဋကရွေးချယ်ရေးစာမေးပွဲမှာ ဝိနည်း ငါးကျမ်းရေးဖြေအောင်မြင်ခဲ့တဲ့ တပည့် အရှင်နေမိန္ဒာ လင်္ကာရာဘိဝံသက သူ့အတွက် ရရှိမယ့် ဓမ္မပူဇာ

နဝကမ္မများကို မ,တည်ပြီး တပည့်ဒကာဒကာမအများ စုပေါင်းလှူဒါန်းတဲ့ နဝကမ္မများနဲ့ ရေးပြီးသားစာမူများကို "ဓမ္မဘေရီစာစဉ်" အဖြစ် စာအုပ်ထုတ်ဝေသွားဖို့ ရဝေနွယ် (အင်းမ)နဲ့ တိုင်ပင်စီစဉ်ကြတဲ့အတွက် အခု "ဓမ္မဘေရီစာစဉ်-၁" အဖြစ် မထေရ်မြွတ်တို့စကားဝိုင်း ပေါင်းချုပ် ပတွဲ စတင်ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဓမ္မဘေရီစာစဉ်များ ဆက်လက်ထွက်ပေါ်လာနိုင်ရေး ကိုလည်း တပည့်များသဘောကျပဲ စီစဉ်ဖို့ တာဝန် ပေးလိုက်ပါတယ်။

ရည်ညွှန်းချက် - ရတနာသုံးပါး မထေရ်အဆက် ဆက်များ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ကျေးဇူးရှင် များနဲ့ မိဘတို့ကို ဒီစာစုများနဲ့ပူဇော်ကန်တော့ပါတယ်။

ဖြစ်ပေါ်အောင်ဝိုင်းဝိုင်းအားပေးကြတဲ့ ဓမ္မ မိတ်ဆွေ၊ စာပေမိတ်ဆွေများနဲ့ စာအုပ်ဖြစ်ပေါ်လာ အောင် စီစဉ်ကြသူ၊ စုပေါင်းပါဝင်ကြသူ ကုသိုလ်ရှင်များ ကိုလည်း ဒီစာအုပ်နဲ့ပအတူ အခိုင်အမာမှတ်တမ်းပြုရင်း ကျေးဇူးတုံ့ပြန်လိုက်ပါတယ်။

ဒီနေရာမှာ တစ်ခုမှာစရာရှိပါသေးတယ်။ မူလ က အထုတ္ထုပတ္တိထည့်ဖို့ အစီအစဉ်မရှိပါဘူး။ တပည့် ဖြစ်သူ ရဝေနွယ် (အင်းမ)က သူ့ဆရာကို ဘာအထင် သေးမှာ စိုးလို့လဲမသိပါဘူး၊ ထည့်ပါဆိုတာနဲ့ သူ့အစီအစဉ်

အတိုင်း ထည့်လိုက်ပါတယ်။

လောကကျိုး၊ ဓမ္မကျိုးကပိုပေးစွမ်းနိုင်တဲ့ မထေရ်မြတ်တို့ရဲ့ အဆုံးအမ အဆိုအမိန့်များကို မိမိရဲ့ လက်တစ်ဆုပ်စာအဖြစ်နဲ့ နိဂုံးချုပ်မသွားစေဘဲ အများနဲ့ ဆက်ဆံအောင် ဖြန့်ဝေပေးနိုင်ခဲ့တဟာ ပညာပါရမီတစ်ခု လို့ ခံယူလိုတဲ့အတွက် ဒီလိုပါရမီမြောက်အောင် ဝိုင်းဝန်း ချီးမြှောက်ကြသူအားလုံးတို့ရဲ့ ကျေးဇူးတရားကို အနုပါဒိ သေသနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် ဘဝအထိ သတိရနိုင် ပေးဆပ်နိုင်ရသည်ကိုဖြစ်ရပါစေသား။

*ဓမ္မဘောရီ အရှင်ဝီရိယ (တောင်စွန်း)*

# ရွှေပန်းကျည်းသီးတောင်များ

မထေရ်ကြီးတို့ စကားပိုင်နားကို ရဲရဲ သာကပ်၊ မေးရင်ရဲရဲ သာဖြေ၊ ကိုယ်မှားရင် မှန်အောင်ပြင်ပေးလိမ့်မယ်၊ မှန်ရင် ပိုခိုင်မြဲ တာပေါ့။

(ဘုရားကြီးတိုက်၊ အမရပူရဆရာတော်)

အမရပူရမြို့မှာ တူမောင်းပရိယတ္တိတိုက်ကို ၁၃၂၂ ခုနှစ်က ပြန်လည်တည်ထောင်တယ်။ ယခင် ညဝါအကျော် ဖြစ်တော်မူတဲ့ ဆရာတော်ကြီး၊ ဘဒ္ဒန္တနန္ဒိယက မန္တလေး ဘုရားကြီးတိုက် ပခန်းဆရာတော်ကြီးရဲ့ တပည့်ကြီး ဖြစ်ခဲ့ လေတော့ အခုတစ်ဖန် ပြန်လည်တည်ထောင်တော့လဲ ပခန်းဆရာတော်ရဲ့ တပည့်ကြီး များကပဲ စီစဉ်တည်ထောင် ပေးပါတယ်။ အဓိကစီစဉ်ပေးတာကတော့ မန္တလေး ဘုရား ကြီးတိုက်၊ အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာ ဘိဝံသမထေရ်မြတ် ဖြစ်ပါတယ်။

စာသင်တိုက်တည်ထောင်ပြီးကတည်းက ဥပုသ်သီတင်း အဖိတ်နေ့ညနေပိုင်းဆိုရင် ဘုရားကြီး ဆရာတော်၊ ရွှေရေးဆောင် ဆရာတော်၊ ဗန်းမော်ဆရာတော် အစရှိတဲ့ ဆရာတော်များ ကြွလာ ကြပါတယ်။ ကျောင်းတိုက်ထဲမှာ သိမ်ညှောင်စောင်းကွက်တစ်ခုကို စနစ်တကျရေးပြီး ညဉ့်ဦးပိုင်းမှာ ရဟန်းငယ်များကို သိမ်သင်တန်းပေးပါတယ်။ ပြီးရင် ဆရာတော်များ အညှောင်းပြေ အနင်း အနှိပ်ခံကြတယ်။ အမရပူရ ဆရာတော်က မိမိကိုတော့ နင်းပေးတာ စိတ်ရှည်လို့ဆိုပြီး အနားမှာ အမြဲခေါ်ထားလေ့ရှိပါတယ်။ နင်းပေးသူ မပျင်းရအောင် မန္တလေးက ရှေးခေတ် ဆရာတော် ကြီးများရဲ့ စကားဝိုင်းအတွေ့အကြုံတွေကို ပြန်လည်ပြော ပြပါတယ်။ ဆရာတော်က စာချရာမှာဖြစ်ဖြစ်၊ အကြောင်း အရာတစ်ခုခု ပြောပြ ရာမှာဖြစ်ဖြစ် တစ်ဖက်သားနားလဲလည်၊ စိတ်လဲ ဝင်စားအောင် ပြောပြတတ်ပါတယ်။

ဆရာတော်ထံက ပထမဆုံးရလိုက်တဲ့ အဖိုးတန် ဩဝါဒကတော့ "မထေရ်ကြီးတွေ စကားဝိုင်းနားကို ကပ်ရဲ ရတယ်၊ ရေနွေး ဝိုင်းမှာဆိုရင်လဲ မထေရ်ကြီးတွေဝိုင်းမှာ ရေနွေးငှဲ့ပေးရင်း စကားကို နာယူရတယ်၊ မေးရင်တစ်လုံးပဲ သိသိ၊ ရဲရဲသာဖြေ၊ ကိုယ်ဖြေ တာမှားနေရင် သူတို့က မှန်အောင်ပြင်ပေးလို့ အမှန်ဖြစ်သွားမယ်၊ မှန်ပြီးသားဆိုလဲ မထေရ်ကြီးတွေရှေ့အတည်ပြုလိုက်ရတော့ခိုင်မြဲသွားတာပေါ့။

"မြဲမြဲမှတ်ထား၊ အကျိုးလိုလားတဲ့ ဆရာသမား ရှေ့မှာ ပြောစရာရှိရင် ရဲရဲသာပြော၊ စေတနာသာ မှန်ပစေ အားလုံးမှန် သွားလိမ့်မယ်"တဲ့။

ဆရာတော်ရဲ့ ဩဝါဒကြောင့်ပဲ မထေရ်မြတ်တို့ စကားဝိုင်းမှာ ဝင်ဆံ့ရဲတဲ့ အလေ့အထရလာပါတယ်။ ဆရာတော်အမိန့် ရှိသလိုပါပဲ။ မသိတာတွေလဲ အသစ်သိ လာရခြင်း။ ဝေခွဲမရဖြစ် တာတွေ အမြင်ကြည်လင် လာခြင်း စတဲ့ အကျိုးတွေ အများကြီး ရလာပါတယ်။

တစ်နေ့တူမောင်းတိုက်ထဲမှာ လှူပွဲတော်ပတ္တမြားက ဆောက်တဲ့ကျောင်းကြီး ရေစက်ချတော့ မင်းကွန်းတိပိဋက ဓရ ဆရာတော်ကြီးအပါအဝင် မန္တလေးမှာရှိတဲ့ စာသင်တိုက် ကြီးတွေက ဆရာတော်ကြီးတွေ အတော်ကိုစုံစုံ ဆုံမိကြ တယ်။ နေ့ဆွမ်း မကပ်မီ မွန်းလတ်လောက်မှာ ရေနွေးကြမ်း ဝိုင်းထိုင်ကြရင်း စကားစပ်မိကြရာက ဆရာတော်တစ်ပါးက–

"လယ်တီဆရာတော်ကြီးရဲ့ စာပေတွေနဲ့ ပတ်သက် လို့ ပညာရှင်တစ်ဦးက "လယ်တီဆရာတော့် စာတစ်ပိုဒ် ကို ရွှေမန်ကျည်းသီး တစ်ဆစ် တစ်ဆစ်တန်တယ်" လို့ မှတ်ချက် ချတဲ့အကြောင်း ပြောဆိုတဲ့အခါ တိပိဋကရေ မင်းကွန်း ဆရာတော်ကြီး က–

"တပည့်တော်အနေနဲ့တော့ လယ်တီဆရာတော်ရဲ့ စာတစ်ပိုဒ်တစ်ပိုဒ်ဟာ ရွှေမန်ကျည်းသီး တစ်ဆစ်

မဟုတ်ဘူး၊ တစ်ထောင့် တစ်ထောင့် တန်တယ်လို့ပဲ ပြောချင်တယ်။ ပိဋကတ်တော် အဆိုအမိန့်တွေကို ဆရာတော်ကြီး အမိပ္ပါယ်ကောက်ယူပြလိုက်တာတွေဟာ အမြင်ကြည်လင် သွားတာပဲ၊ ဆရာတော်ကြီး အဆိုအမိန့်တွေက စာပေကျမ်းဂန်နဲ့လဲ ဘယ်တော့မှ လွတ်တယ် မရှိဘူး။

"တပည့်တော် အခုလို ပြောရတာဟာလဲ အလကာ်ာမြောက်အောင် တင်စားပြောတာ မဟုတ်ပါဘူး၊ မှချစကား ပြောတာပါ၊ လယ်တီဆရာတော့် စာလို စာတစ်ပိုဒ်လောက် ပြောနိုင် ရေးနိုင်လောက် အောင်အထိ ကြီးရင့်တဲ့ ပညာပါရမီမျိုးဖြစ်ဖို့အတွက် ဘဝပေါင်းဘယ်လောက်၊ စည်းစိမ်ဥစ္စာပေါင်း ဘယ်လောက်ကို စွန့်လွှတ်ပြီး ပါရမီဖြည့်ခဲ့ ရတယ်ဆိုတာ မှန်းဆလို့တောင် မရနိုင်ပါဘူး" လို့ မိန့်ကြားပါတယ်။

မိမိအနေနဲ့ကတော့ လယ်တီဆရာတော်ကြီးရဲ့ စာပေတွေသာမကဘူး၊ မထေရ်မြတ်တို့ရဲ့ ကရုဏာပညာနဲ့ မိန့်ကြား တဲ့စကားတစ်ပိုဒ်တိုင်း တစ်ပိုဒ်တိုင်းရဲ့ တန်ဖိုးကိုလဲ အလားတူ တန်ဖိုးထားရှိပါတယ်။

အဲဒီရွှေမန်ကျည်းသီးတောင့်များကို အခုဖြန့်ဝေပေးလိုက်တာပါ။ ကိုယ်တိုင်တန်ဖိုးဖြတ်ကြည့်ကြပါဘိ။

❋ ❋

# ပပြည့်ဆင်းရဲသားများ

မြတ်စွာဘုရားသိစေလိုတဲ့ ဒုက္ခသစ္စာကို ထိုးထွင်းသိမြင်ပြီလို့ ပြောနိုင်တဲ့ ပုဂ္ဂိုလ်ကို တွေ့ရခဲပေမယ့် 'ဒုက္ခ'ဆိုတဲ့ စကားလုံးကို ရွတ်ဆိုညည်းညူကြသူကတော့ မြန်မာစကားပြောတတ်သူတိုင်းပါပဲ။ သစ္စာတရားအဖြစ် မသိကြပေမယ့် အလိုမကျတဲ့အခါ ရေရွတ်ရမယ့် အာမေဋိတ်အဖြစ်နဲ့တော့ လူမျိုးဘာသာမရွေး သိနေ၊ ပြောနေ၊ လက်ခံနေတဲ့ စကားလုံးပါ။ သူ့ကို အစားထိုးသုံးစရာကလဲ သူ့လောက်ဩဇာဂုဏ်မြောက်တဲ့ စကားလုံးက ခုထိရှာမရသေးဘူးထင်ပါရဲ့။

ဒီစကားလုံးသုံးသူတိုင်းသာ သူတို့ပါးစပ်ကပြောတဲ့အတိုင်း အမှန်ဖြစ်မယ်ဆိုရင်တော့ ကမ္ဘာကြီးဟာ ဒုက္ခသည်

စခန်းကြီးပါလား။ တရားသဘောအရ အမှန်ဖြစ်ပေမယ့် လောကသုံးအနေနဲ့တော့ ဒီလောက်ကြီးဟုတ်မယ် မထင်ပါဘူး၊ ဘယ်လိုဒုက္ခသည်တွေပါလိမ့်။

စားဝတ်နေရေး မပြည့်စုံကြလို့ ညီးညူကြတဲ့ မရှိဆင်းရဲသားအတော်များများကို တွေ့ဖူးပါတယ်။ သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးလို့ ပြေလည်သွားပြီဆိုတာနဲ့ ညည်းညူသံလဲရပ်သွားတာပါပဲ။ သိပ်ညည်းကြောမရှည်ကြပါဘူး၊ ကူညီလို့ လွယ်ကူတဲ့ ဒုက္ခသည်မျိုးပါ။

**အခု အတွေ့များနေတဲ့ ဒုက္ခသည်တွေကတော့ တစ်မျိုးပါ၊ မရှိဆင်းရဲဒုက္ခသည်မျိုး မဟုတ်ဘူး၊ အလွန်ကူညီဖို့ခက်တဲ့ မပြည့်ဆင်းရဲဒုက္ခသည်မျိုးတွေပါ။**

ခင်မင်တဲ့ မိတ်ဆွေတစ်ယောက်ရဲ့အိမ်မှာ ဆုံတွေ့ရဖူးတဲ့ ဒုက္ခသည်အဒေါ်ကြီးတစ်ယောက်ကို သတိရမိပါသေးတယ်၊ ရောက်လာကတည်းက ညည်းလိုက်တာ၊ နစ်နာရိနီးပါးကြာပါတယ်၊ သူ့တစ်ကိုယ်လုံးကိုကြည့် လိုက်ရင်တော့ ညည်းညူရမယ့်အခြေအနေ ဘာမှမတွေ့ရပါဘူး၊ ခန္ဓာကိုယ် (မျက်နှာအရေပါးမပါ) ရယ်၊ လည်ပင်းမှာဆွဲထားတဲ့ ကျောက်စိမ်းဆွဲကြိုးရယ်၊ လက်မှာဝတ်ထားတဲ့ ပတ္တမြားလက်ကောက်နှစ်ကွင်းရယ်ကလွဲလို့ ပြည်တွင်းဖြစ် ဘာမှမပါတဲ့

အမျိုးသမီးကြီးပါ၊ သူညည်းညူနေတာတွေကတော့...

နိုင်ငံခြားသွားနေတဲ့သားက ပို့လိုက်တဲ့ကား မော်ဒယ် အောက်လို့ဆိုလား အိမ်ကသားက သဘောမကျလို့ရောင်း ပြီး အသစ်ပြန်ဝယ်တာ အဆင်မပြေတဲ့အကြောင်း...

ကောလိပ်ဆိုလား၊ တက္ကသိုလ်ဆိုလား တက်နေတဲ့ သမီးက ကိုယ်ပိုင်ကားနဲ့မှ ကျောင်းတက်မယ်ဆိုလို့ ကားတစ် စီးသီးသန့်ဝယ်ပေးရတဲ့အကြောင်း...

တိုက်ခန်းတွေ အများကြီးဝယ်ထားမိလို့ အခု ပြန်ရောင်းမထွက်တဲ့အကြောင်း...

လက်ရှိနေတဲ့အိမ်ကို နိုင်ငံခြားကပြန်လာမယ့်သားက မကြိုက်လို့ အေးဆေးဆိတ်ငြိမ်မယ့်နေရာမှာ ခြံကျယ်ကြီးနဲ့ အိမ်တစ်လုံးအသစ်ဆောက်လုပ်ပြီးလို့ အဲဒီမှာပြောင်းရွှေ့နေ ထိုင်ရတဲ့အတွက် မိတ်ဆွေသင်္ဂဟများဆီ အလည်လာရတာ အရင်ကလောက်မနီးတော့တဲ့အကြောင်း...စတာတွေပြောပြီး ဒုက္ခများတဲ့အကြောင်း ညည်းညူနေပါတယ်။ တကယ်ပဲ ဒုက္ခအဖြစ်နဲ့ ညည်းညူနေတာလား၊ သူခဖြစ်လှုပြီထင်ပြီး ဝင်္ကဗတ္တိအလင်္ကာမြောက်အောင် ကြွားပြနေသလားတော့ မပြောတတ်ပါ၊ ဒုက္ခလို့ညည်းနေတဲ့ သူ့မျက်နှာမှာတော့ အတော်ကျေနပ်အားရနေပုံမျိုးနဲ့ မပြတ်တရစပ်ပြောနေတော့ တာပါပဲ။

အိမ်ရှင်ကတော့ အလိုက်သင့် အင်းလိုက်နေပါတယ်။ မိမိအပါအဝင် တခြားညည်းသည်များမှာတော့ တကယ်ပဲဒုက္ခသည်အဖြစ် ဆိုက်ရောက်ကြရပါတော့တယ်။ ပြောလို့အတော်မောလောက်မှ "ကဲ…စကားပြောလို့တော့ ကောင်းပါရဲ့၊ ကားကိစ္စ စကားပြောစရာရှိလို့ ပြန်လိုက်ပါဦးမယ်"ဆိုပြီး ထပြန်သွားလို့သာ ကျန်လူများ၊ သက်ပြင်းချနိုင်တော့တယ်၊ တကယ်တော့ သူကြုံတွေ့နေရတာတွေဟာ လောကရဲ့ ဒုက္ခ မဟုတ်ပေမယ့် ခုလိုလိုက်ပြောနေရတာကတော့ တကယ့်ဒုက္ခအစစ်ပါ၊ ဒါကို သူကတော့ သတိထားမိပုံမရဘူး၊ ကူညီဖို့အလွန်ခဲရင်းတဲ့ ဒီလိုမပြည့်ဆင်းရဲဒုက္ခသည်တွေ ဘယ်လောက်များတိုးပွားနေပါလိမ့်။

✺ ❦ ✺

# အမှိုက်ကရွှေဖြစ်ရအောင်

မြန်မာစကားပုံမှာ အမှိုက်နဲ့ပတ်သက်လို့ ဆန့်ကျင်ဘက် အဓိပ္ပါယ်ဆောင်တဲ့ စကားပုံနှစ်ခုရှိပါတယ်။ "အမှိုက်ကစ ပြသာဒ်မီးလောင်"ဆိုတာရယ်၊ "အမှိုက်ကရွှေဖြစ်"ဆိုတာရယ်ပေါ့။

အမှိုက်ဆိုတာ ဘာမှတန်ဖိုးမရှိ အသုံးမဝင်လှတဲ့ အသေးအမွှားကိုဆိုလိုတာပါ။ ပြာသာဒ်ဆိုတာကတော့ ဘာသာရေးအဆောက်အုံတို့၊ နန်းတော်စတဲ့ တော်ဝင်အဆောက်အုံတို့ရဲ့ အထွက်အမြတ်အရေးပါတဲ့ နေရာပါ။ ရွှေဆို တာကတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။

ရေးကြီးခွင့်ကြယ်မဟုတ်တဲ့ ကိစ္စလေးတွေကို အကြောင်းပြုပြီး အရေးကြီးတဲ့အရာတွေ ထိခိုက်ဆုံးရှုံးရတဲ့ အခါနဲ့ မထင်မှတ်လောက်အောင် အဖိုးတန်တဲ့အရာတွေ

ဖြစ်ပေါ်လာတဲ့အခါမျိုးမှာ ဒီစကားပုံတွေကို ထိုက်သင့်သလိုသုံးကြပါတယ်။ တိုကျဉ်းထိမိတဲ့ ဩဇာဂုဏ်မြောက်စကားပုံလေးတွေပါပဲ။

ဘဝနဲ့ဆက်စပ်တွေးယူရမယ် ဆိုရင်တော့ လူ့ဘဝဆိုတာ တစ်ဖက်ကကြည့်ရင် ရခဲတဲ့ဘဝမို့ မြင့်မြတ်တယ်လို့ ဆိုနိုင်သလို အသက်လို့ခေါ်တဲ့ ရုပ်ဓာတ်နာမ်ဓာတ်တို့ကို စောင့်ရှောက်ပေးတဲ့ 'အာယု' ဓာတ်ရယ်၊ ဥသ္မာခေါ်တဲ့ကိုယ်ငွေ့ရယ်၊ သိတတ်တဲ့ဝိညာဉ်ရယ်၊ ဒီသုံးခုပျက်စီးသွားပြီဆိုရင် ဒီခန္ဓာကိုယ်ကြီးဟာ ထင်းခွဲတဲ့အခါ ဘေးစဉ်ကျလာတဲ့ အမှိုက်လိုပါပဲလို့ မြတ်ဗုဒ္ဓဆုံးဖြတ်ခဲ့တဲ့အတိုင်း အမှိုက်တုံးကြီးပါပဲ။

အမှိုက်ဆိုပေမယ့် ပေါ့သေးသေးတော့ မမှတ်လိုက်နဲ့၊ သူ့ကြောင့် ပြာသာဒ်မီးလောင်နိုင်သလို၊ ရှေလဲဖြစ်နိုင်တယ်ဆိုတာကို အထူးသတိပြုရလိမ့်မယ်၊ အခုရရှိထားတဲ့ ဘဝခန္ဓာ ကိုယ်ကြီးဟာ ရခဲတဲ့ လူ့ဘဝ ခန္ဓာကိုယ်ကြီးဖြစ်လို့ 'မနုဿတ္တ ဒုလ္လဘာ' ဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံရုံ မကဘူး၊ ကြုံခဲတဲ့ မြတ်စွာဘုရား သာသနာတော်ကြီးနဲ့ ကြုံနေရတာဖြစ်လို့ 'ဗုဒ္ဓုပ္ပါဒဒုလ္လဘာ' ဆိုတဲ့ ထပ်ဆင့်ဂုဏ်ထူးနဲ့ ပြည့်စုံနေတဲ့ ခန္ဓာကိုယ်ကြီးပါ၊ ဒီဂုဏ်ထူးတွေဟာ ဘဝ

အတွက် အလွန်ရေးပါမြင့်မြတ်တဲ့ ပြာသာဒ်ကြီးတွေ ပါပဲ။

ဒါပေမယ့် လူဆိုတာ ဘဝကိုစခဲ့တာကိုက "ဘဝ နိကန္တိက လောဘဇော"လို့ခေါ်တဲ့ ဘဝကို တွယ်တာတဲ့ အလိုဆန္ဒနဲ့စခဲ့ကြတာဖြစ်လေတော့ ဘာမဆိုကိုယ့်အလိုဆန္ဒ ကိုပဲ ရှေ့တန်းတင်စဉ်းစားတတ်ကြပါတယ်။ ကိုယ့်အလို ဆန္ဒနဲ့ မကိုက်ညီကြတဲ့အခါ၊ ကိုယ့်ဆန္ဒရဲ့ဆန့်ကျင်ဘက်နဲ့ တွေ့ကြတဲ့ အခါမှာတော့ အလိုဆန္ဒက အသိဉာဏ်ကို ကန်းသွားစေ တတ်ကြပါတယ်။ ဒီလိုနဲ့ပဲ လူအချင်းချင်း ခိုက်ရန် ဖြစ်ပွားကြ၊ မနာလိုဝန်တိုဖြစ်ကြရုံမက လူ့အသက် ပေါင်းများစွာကို ဆုံးရှုံးစေတဲ့စစ်ပွဲကြီးတွေအထိ ဖြစ်ပွား တတ်ကြပါတယ်။ အမျိုးဘာသာ သာသနာအတွက် မဟုတ်ဘဲ ကိုယ့်အလိုဆန္ဒ ပြည့်ရေးတစ်ခုတည်းအတွက် ဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေဟာ ကမ္ဘာ့သမိုင်းနဲ့ချိကြည့်ရင် နည်းလှမယ် မဟုတ်ပါဘူး။ ဟစ်တလာဆိုတဲ့ လူ တစ်ယောက်ရဲ့ ရူးရူးမိုက်မိုက်အလို ဆန္ဒကြောင့် သေခဲ့ရတဲ့အသက်ပေါင်းကိုက နည်းနော့သလား၊ တကယ် အခြေအမြစ်လိုက်ကြည့်ရင်တော့ ဒီအမှိုက်ခန္ဓာကိုယ်ကြီးရဲ့ အလိုဆန္ဒမီးပွားလေးကစပြီး ရခဲတဲ့လူ့ဘဝ၊ ကြုံခဲတဲ့ သာသနာဆိုတဲ့ အခွင့်ထူးပြာသာဒ်ကြီးတွေကို အချိုးနီးလောင် ကျွမ်း ပျက်စီးစေခဲ့တာပါပဲ။

တခြားဘက်က ကြည့်မယ်ဆိုရင်တော့ ဒီအမှိုက်ခန္ဓာကိုယ်ကြီးရဲ့ ဘာမှအသုံးလဲမကျ၊ တာရှည်လဲမခံ၊ အနှစ်သာရလဲမရှိတဲ့ သဘောတွေကို သဘာဝကျကျတွေးခေါ်ပြီး သုံးလို့ရ သလောက်အတွင်းမှာ လောကကျိုး၊ သာသနာကျိုးအတွက် အသုံးချနိုင်ကြလို့ လောကရဲ့ ဂုဏ်ပြုစံထားခြင်းခံကြရသူ တွေရှိသလို ဒီခန္ဓာကိုယ်ကြီးက ဖော်ပြနေတဲ့သဘောလက္ခဏာ အစစ်အမှန်တွေဖြစ်တဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောတွေကို သိမြင်ပြီး လောကကိုအပူဟပ်စေတဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီးစတာတွေကိုငြိမ်းသတ် နိုင်ကြလို့ ကိုယ်တိုင်လဲငြိမ်းအေး ကိုယ်နဲ့ဆက်စပ်ရာ ပတ်ဝန်းကျင်ကိုလဲ အေးမြစေနိုင်တဲ့ အမတဓာတ်ကိုရရှိသွားကြတဲ့ အရိယာပုဂ္ဂိုလ်တွေလဲ ဒီသာသနာအတွင်းမှာမရေမတွက် နိုင်အောင် ပေါ်ထွက်နိုင်ခဲ့ပါတယ်။ ဒီနည်းနဲ့အမှိုက်ကရွှေ ဖြစ်ဆိုသလို အဖိုးတန်မြင့်မြတ်တဲ့ အကျိုးတွေကိုလဲ ဒီခန္ဓာနဲ့ပဲ ရင်းပြီးရနိုင်ကြတာပါ။

လူတိုင်းလူတိုင်းဟာ အလုပ်တစ်ခုခုကို နိုးချိန်ကစပြီးအိပ်ပျော်ချိန်အထိ လုပ်နေကြပါတယ်။ စိတ်နဲ့ကြံစည်တဲ့အလုပ်၊ နှုတ်ကပြောဆိုတဲ့အလုပ်၊ ကိုယ်နဲ့လှုပ်ရှားလုပ်ကိုင်တဲ့အလုပ်၊ တစ်ခုမဟုတ် တစ်ခုတော့ လုပ်ကြပါတယ်။ အေးအေးဆေးဆေး လုပ်ကြတာလဲရှိတယ်။ ပူပူပြင်းပြင်းလုပ်ကြတာလဲ ရှိပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ ပုံစံအမျိုးမျိုး လုပ်နေကြတာပါပဲ။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမအရကတော့ ဘာပဲလုပ်နေနေပါ၊ အဲဒီလုပ်တဲ့အလုပ်ကို သတိရှိရှိနဲ့ ကိုယ့်အလုပ်ကိုယ်သိနေ ဖို့က အရေးကြီးတယ်လို့ မိန့်ကြားပါတယ်။ သတိပဋ္ဌာန်အလုပ်ဆိုတာအဲဒီလိုသတိထားအသိပွားစေတဲ့အလုပ်ပါ။ အမှတ်တမဲ့ ကြံစည်ပြောဆိုလုပ်ကိုင်နေကြရင်သာ ကိုယ့် အလုပ်ကို အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်မစိစစ်မိပေမယ့် သတိထားတဲ့အကျင့်ရလာပြီဆိုရင် ကိုယ့်အလုပ်ကို စိစစ်ပြီးသားဖြစ်နေပါတယ်။ အဲဒီအခါမှာ လူဆိုတာ အပြစ်ကင်း ပြီး အကျိုးလိုလားတဲ့ဗီဇသတ္တိရှိခဲ့ကြတဲ့အတိုင်း အပြစ်ကိုရှောင်ပြီး အကျိုးကိုသာဆောင်လာကြမှာ မလွဲပါဘူး။

သတိ ထားကြည့်ပါ၊ အနည်းဆုံး ကိုယ်လုပ်တဲ့အလုပ် (အကြံ အစည်၊ အပြောအဆို၊ အလုပ်အကိုင်) အားလုံးဟာ အမှိုက် ကစပြီး ပြာသာဒ်မီးရှို့ပစ်နေကြတာလား၊ အမှိုက်က ရွှေကို ထုတ်ယူနေကြတာလား။

အမှိုက်က ရွှေဖြစ်နိုင်ကြပါစေ။

# သက်မဲ့တို့ရဲ့ လွတ်လပ်ခွင့်

မန္တလေးမြို့ မိုးကောင်းတိုက်က သက်တော်ရှည် ဒေးဝန်းဆရာတော်ဘုရားကြီးဆိုတာ မန္တလေးမြို့မှာရှိတဲ့ ရဟန်းရှင်လူတို့သာမက မြန်မာပြည်အရပ်ရပ်မှာရှိကြတဲ့ ပရိယတ္တိသာသနာတော်ကို မျက်ခြည်မပြတ်ကြတဲ့ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကြားသိလေးစားကြရတဲ့ ဆရာတော်ကြီးပါ။

ဆရာတော်ကြီး ဝိနည်းတော်ကို အလွန်လေးစားတာ၊ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးမားတာတို့အပြင် ပရိယတ္တိ သာသနာတော်ရဲ့ အဆင့်အမြင့်ဆုံး စာမေးပွဲကြီးဖြစ်တဲ့ တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးမှာ မိမိရဲ့ခန္ဓာကိုယ်လှူပ် ရှားနိုင်သမျှ ဦးဆောင်နာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ တာဖြစ်လို့ ပရိယတ္တိနယ်မှာ လေးစားစံထားခြင်းခံရတဲ့ ဆရာ

တော်ကြီးတစ်ပါး ဖြစ်ပါတယ်။ ဒကာ၊ ဒကာမတို့ကို ဆုံးမ ဩဝါဒပေးရာမှာလဲ လိုရင်းတိုရှင်းနဲ့ မှတ်လောက်သား လောက်အောင်၊ မဖြစ်မနေလိုက်နာချင်လာအောင် ဆုံးမညွှန် ကြားလေ့ရှိတာမို့ မန္တလေးမှာရှိကြတဲ့ သာသနာရေး၊ လူမှုရေး စတဲ့အဖွဲ့အစည်းတွေအားလုံးလောက်ဟာ ဆရာတော်ကြီး ထံမှာ ဆုံးမဩဝါဒခံယူလေ့ရှိကြပါတယ်။

တစ်ခါက လူကြီးလူငယ်အတော်စုံလင်တဲ့ အဖွဲ့တစ်စု ဆရာတော်ကြီးထံ ဆုံးမဩဝါဒခံယူဖို့ ရောက်လာကြတယ်။ ဦးဆောင်ဦးရွက်ပြုတဲ့ ဒကာကြီးက "တပည့်တော်တို့ ဒကာ ဒကာမများအတွက် ဘဝဒုက္ခ၊ လူမှုဒုက္ခတွေက လွတ်မြောက် နိုင်ဖို့အတွက် ဆရာတော်ဘုရားရဲ့ လမ်းညွှန်ဆုံးမဩဝါဒကို ခံယူဖို့ရောက်လာကြတာ ဖြစ်ပါကြောင်း" လျှောက်ထားတဲ့ အခါ ဆရာတော်ကြီးက–

"အေး...ဒကာတို့ သက်ရှိဖြစ်တဲ့လူတွေ ဒုက္ခအားလုံး က လွတ်မြောက်လိုကြတယ်ဆိုရင် အဲဒီလူတွေက သက်မဲ့ တွေကို အရင်ဆုံးလွတ်လပ်ခွင့်ပေးကြဦးကွယ့်"လို့ မိန့်ကြား လိုက်ပါတယ်။ "သက်မဲ့တွေ လွတ်လပ်ရေးပေးကြ"ဆိုတဲ့ ဆရာတော်ကြီးရဲ့ စကားက အထူးအဆန်းဖြစ်နေတဲ့ အတွက် အံ့ဩထူးဆန်းတဲ့ အမူအယာနဲ့ ဆရာတော်ကြီးကို မော့ကြည့်ကြပြီး–

"ဆရာတော် သက်မဲ့တွေကို ဘယ်လိုများ လွတ်လပ်

ခွင့်ပေးစရာလိုနေပါသလဲဘုရား”လို့ လျှောက်ထားကြပါတယ်။ ဆရာတော်ကြီးက–

“ဒကာတို့ တို့နိုင်ငံဟာ ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံကြီးပဲ၊ ဗုဒ္ဓဘာသာဝင် အများစုကြီးနေတဲ့ နိုင်ငံလဲဟုတ်တယ်၊ ဒီလိုနိုင်ငံမျိုးမှာ ဒကာတို့ စဉ်းစားကြည့်စမ်း၊ လမ်းဘေးမှာရှိကြတဲ့ သောက်ရေအိုးစင်တွေမှာ ရေမှုတ်၊ ရေခွက်တွေ လွတ်လွတ်လပ်လပ်နေခွင့်ရရဲ့လား၊ သံကြိုးနဲ့ကို အချည်ခံနေရတယ်ဗျ။ ပြီးတော့ ကျောင်းကန်ဘုရားတို့ အလှူအတန်းတို့ ကိုသွားကြတဲ့အခါမှာကော ဖိနပ်တွေဟာ လွတ်လွတ်လပ်လပ် ချွတ်ထားလို့ရသလား၊ သံဆန်ခါအကန့်အကန့်လေးတွေထဲမှာ ထည့်ထားခံရတယ်မို့လား။ အဲဒီသက်မဲ့ရေမှုတ်ရေခွက်တွေ ဖိနပ်တွေ လွတ်လပ်ခွင့်မရတာဟာ ဘယ်သူတွေကြောင့်လဲ။ သက်ရှိလူတွေကြောင့်မဟုတ်လား။ လူတွေဆိုတာ တခြားဘာသာဝင်တွေ မမှတ်လိုက်နဲ့။ “တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေချည်းသွားကြတဲ့ အလှူပွဲတွေ ဘုရား တန်ဆောင်းတွေမှာကို ဖိနပ်တွေ ဒီအတိုင်းထားလို့ မရကြသေးဘူးမို့လား၊” အဲဒါတွေ လွတ်လပ်ခွင့်ရအောင် အရင်လုပ်ရဦးမှာဗျ။

“ဒုက္ခဆိုတာ ဘယ်လိုဒုက္ခမျိုးကပဲ လွတ်ချင်လွတ်ချင်အခြေခံအကျဆုံးက ကိုယ်ကျင့်သီလပဲ၊ ကိုယ်ကျင့်သီလ

မလုံ ခြုံရင် ဘဝဒုက္ခတွေက လွတ်မြောက်ဖို့မပြောနဲ့ ဘဝလုံခြုံမှု ကိုတောင် မရနိုင်ဘူး၊ ဒီလိုအခြေခံကျတဲ့ ကိုယ်ကျင့်တရား အရာမှာ ဗုဒ္ဓသာသနာတော် ထွန်းကားတဲ့ နိုင်ငံကြီးတစ်နိုင်ငံ အနေနဲ့ တခြားတန်ဖိုးရှိတဲ့ ပစ္စည်းတွေ မဆိုထားနဲ့။ သောက် ရေအိုးစင်က ရေမှုတ် ရေခွက်လို ပစ္စည်းလေးတစ်ခုတောင် လွတ်လွတ်လပ်လပ် ထားလို့ မရသေးဘူးဆိုတာ တခြားတိုင်း တစ်ပါးသားတွေမြင်ရ တွေ့ရရင် ဘယ်လောက်ရှက်စရာကောင်းလဲ။ နိုင်ငံကြီး သားဖြစ်ဖို့ဆိုတာ တိုက်ကြီး တာကြီးတွေ ရှိနေရုံနဲ့ ကမ္ဘာကျော်တဲ့ သူဌေးကြီးတွေရှိနေရုံနဲ့ နိုင်ငံကြီးလို့ မခေါ်နိုင်ဘူး၊ ကိုယ်ကျင့်တရားကြီးမားတဲ့ လူတွေ နေမှဖြစ်တာ။ အဲဒီလိုနိုင်ငံသားကိုမှ နိုင်ငံကြီးသား လို့ ဆိုနိုင်မှာဗျ။ ကဲ–ဘယ့်နှယ်လဲ”လို့ မေးလိုက်တော့ အားလုံးပဲ ခေါင်းငိုက်စိုက်ကျသွားကြပါတော့တယ်။

အမှန်ကတော့ ဒီအဖြစ်တွေကို တွေ့မြင်နေကြရတာ ကြာလဲကြာပါပြီ။ တစ်နေရာတည်းမှာလဲ မဟုတ်ပါဘူး။ အရပ်ဒေသတိုင်းနေရာတိုင်း လိုလိုမှာ ဖြစ်နေကြတာပါ။ လူတို့ရဲ့ ကိုယ်ကျင့်တရားချွတ်ယွင်းမှုနဲ့ လူ့တန်ဖိုးကို အလေး မထားမှုကြောင့် သက်မဲ့အရာတွေမှာ လွတ်လပ်မှုမရှိရုံမျှမက လုံခြုံမှုကင်းမဲ့တဲ့အဖြစ်မျိုး၊ တွေ့ကြုံနေရတာတွေလဲ အများ ကြီးပါပဲ။ လူအများ တည်းခိုနားနေဖို့ ဆောက်လုပ်ထားတဲ့

ဖရပ်၊ တန်ဆောင်းတွေမှာ ကွက်လပ်မကျန်အောင် အယုတ္တ အနတ္တ (မသင့်လျော်၊ အကျိုးမရှိ)တဲ့စာတွေ ရေးသားကြတာ။ အုတ်ရေအိုးစင်တွေမှာ ကွမ်းသွေးများ ပေကျံနေတာ။ အများ သောက်တဲ့ ရေအိုးစင်နားမှာ ရွံရှာဖွယ်အညစ်အကြေး နှပ်၊ သလိပ်တွေ ထွေးထားကြတာ၊ စတာ စတာတွေ။

ပြီးတော့ သက်ရှိလူတို့ရဲ့ စည်းကမ်းမဲ့မှုကြောင့် သက်မဲ့ တွေအဆဲခံရတာလဲ ရှိသေးတယ်။ လမ်းသွားလမ်းလာ မလွတ်လပ်တဲ့ နေရာမှာရပ်ထားတဲ့ ကား၊ စက်ဘီး၊ လှည်း တွေ အဆဲခံရတာမျိုး။ ရန်အပြုခံရတာမျိုးလဲ ရှိသေးတယ်။ အိမ်ရှေ့ လမ်းမမှာရပ်ထားတဲ့ ဝါးလှည်းကို ညမှောင်မှောင် ဝင်တိုက်မိလို့ ဝါးတွေနဲ့လှည်းကို ဓားနဲ့လာခုတ်သွားတာမျိုး တွေ၊ တစ်ခုခုနဲ့ ဝင်အတိုက်ခံရတာတွေ တခြားအရာ ကိစ္စတွေလဲ အများကြီးရှိနေကြဦးမှာပါ။

ဒါတွေ အားလုံးဟာ သက်ရှိတွေထဲမှာ အသိဉာဏ် အကြီးဆုံးနဲ့ အယဉ်ကျေးဆုံးဖြစ်တဲ့ လူတို့ရဲ့စည်းကမ်းမဲ့မှုကြောင့် သက်မဲ့တွေမှာ ကြုံတွေ့ရတဲ့ဖြစ်ရပ်တွေပါပဲ။

ဆရာတော်ကြီးရဲ့ ဆိုလိုရင်းကတော့ သက်မဲ့တွေမှာ သက်ရှိ (အထူးသဖြင့် လူ) တွေကြောင့် ကြုံတွေ့ရတဲ့ ဒီမနှစ်မြို့စရာတွေ ပပျောက်အောင် လူတွေရဲ့ ကိုယ်ကျင့်တရားတွေကို ပထမဦးဆုံးပြုပြင်ဖို့ အရေးကြီးတယ်။ လူတွေမှာ ဒီလိုကိုယ်ကျင့်တရားတွေနဲ့ ပြည့်စုံကြမယ်၊ ယဉ်ကျေးကြမယ်ဆို

ရင်၊ လူမှုဒုက္ခနဲ့ ဘဝဒုက္ခအမျိုးမျိုးက လွတ်လပ်ဖို့အတွက် အခြေခံ (သီလသိက္ခာ) ပြည့်စုံပြီးဖြစ်လို့ ရည်မှန်းသမျှ မှချရနိုင်မယ်လို့ ဆိုလိုတာပါပဲ။

မိမိတို့ကိုယ်တိုင် ဆရာတော်ကြီး မိန့်ကြားတဲ့ "သက်မဲ့တို့ကို မလွတ်လပ်အောင်၊ လုံခြုံမှုကင်းမဲ့အောင်၊ ရန်ပြုခံရအောင် ပြုလုပ်နေကြသူများ" စာရင်းထဲက ကင်းလွတ်ကြပါရဲ့လား။ တကယ်လို့များ ဒီစာရင်းထဲ ပါဝင်နေသေးတယ်ဆိုရင် ဘာကိုအရင်လုပ်ကြမလဲဆိုတာ စဉ်းစားပြီး အမှန်အကန်သုံးသပ်ဆုံးဖြတ် အကောင်အထည်ဖော်နိုင်ကြပါစေ။

* * *

# တစ်ခွက်တည်းနဲ့ ဘယ်ဟင်းမှ မကောင်းနိုင်ဘူး

"တစ်ခွက်တည်းနဲ့ဘယ်ဟင်းမှ မကောင်း နိုင် ဘူး၊ တစ်ခွက်တည်းနဲ့လဲ ဆွမ်းတစ်ပွဲ ဖြစ်တာ မဟုတ်ဘူး၊ ပွဲထဲမှာရှိသမျှ ဘယ် ဟင်းမဆို သူ့ဟာနဲ့သူ အရေးပါတာချည်းပဲ"

(အမရပူရ တူမောင်းဆရာတော်)

အမရပူရမြို့ တူမောင်းတိုက်ဆိုတာ ရှေးက တောင်မြို့ ညဝါအကျော်ဖြစ်တဲ့ ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ ညဝါပို့ချ နေတဲ့ စာသင်တိုက်ကြီးပါ။ အဲဒီခေတ်က ပြောစမှတ်ပြုကြ တာ တောင်မြို့မှာ အသံကြီးသုံးသံထွက်သတဲ့၊ ရက်ကန်းသံ၊ ရထားသံ၊ ညဝါရွက်သံတွေပါတဲ့။ တူမောင်းတိုက် တံခါးမ ကြီးဖွင့်လိုက်ရင်တောင် "ဟောဟန်ကား"လို့မည်ဆိုပဲ၊

"ဟောဟန်ကား"ဆိုတာ ညဝါဆိုတဲ့အခါ ဘယ်လိုဟောတယ် ဆိုတာ ထုတ်ဖော်ရွတ်ဆိုဖို့စလိုက်တဲ့ စကားချီးပါ။

ရှေးက ဆရာတော်ကြီးတွေ ပြောလေ့ရှိတာကတော့ မန္တလေးမှာ သဒ္ဒါရေးကျွမ်း၊ ပခုက္ကူမှာ ကျမ်းပေါက်၊ တောင်မြို့ရောက်လို့ညဝါဆိုပြီးမှ အဘိဓမ္မာဦးခေါင်းဆုံးပါသတဲ့။

တူမောင်းဆရာတော်ကြီးက အရွယ်ကောင်းတုန်းမှာ ညဝါကို မပြတ်ပို့ချခဲ့ပြီး စစ်အတွင်း စာသင်သားတွေ ဟိုဟိုဒီဒီပြန့်ကျဲသွားပြီးနောက် စာသင်တိုက် ရပ်ဆိုင်းသွားခဲ့တာ ၁၃၂၂ ခုနှစ်ရောက်မှ စာသင်တိုက်ကို ပြန်တည်ထောင်ခဲ့တယ်။

စာသင်တိုက်အသစ် ပြန်စတော့ စာချဘုန်းကြီးတို့ စာသင်သားသံဃာတို့သာ အရေးပါတယ်လို့ထင်ပြီး တိုက်ထဲ မှာမူလကတည်းက ရေစက်မောင်း၊ ကုဋီသန့်ရှင်းစတဲ့ ဝေယျာဝစ္စဆောင်ရွက်နေကြတဲ့ ရဟန်းတော်များက သူတို့ကိုယ်သူတို့ အရေးမပါတော့ဘူးလို့ ထင်လာကြတယ်။ တချို့ပြောင်းကြ ရွှေ့ကြမယ်လို့ ဆရာတော်ကြီးကို လျှောက်ထားကြလို့ ဥပုသ်နေ့ သံဃာစုံတဲ့အခါ အထက်ပါစကားကို မိန့်ကြားတာ ပါ။

ဆရာတော်ကြီးစကားက သူ့ဥပမာနဲ့သူ ထင်ရှားပြည့်စုံပြီးသားမို့ ဘာမှထပ်ရှင်းဖို့မလိုအောင် ဩဇာရောက်ပြီးသားပါ။

(စာရေးတဲ့အခါ ဩဇဂုဏ်ဆိုတဲ့စကားကို ထည့်ထည့်ရေးမိတယ်လို့ ဒီအကြောင်းနည်းနည်းပြောပါရစေ၊ အရပ်ထဲမှာ စကားနည်းနည်းပြောလိုက်တာနဲ့ ကြားရသူတွေ လေးစား လိုက်နာရတဲ့ ပုဂ္ဂိုလ်ကို ဩဇာရှိတယ်လို့ ပြောကြတာဟာ ဒီဩဇဂုဏ်ကို ပြောတာပါ။ ပြောဆိုရေးသားရာမှာ စကားလုံး နည်းနည်းနဲ့ အဓိပ္ပါယ် ကျယ်ဝန်းထိရောက်တာကို ဩဇဂုဏ် မြောက်တယ်လို့ ခေါ်ပါတယ်။)

အလုပ်တစ်ခု အရေးပါတယ် မပါဘူးဆိုတာ အသွင်အပြင်ပမာဏနဲ့ တိုင်းတာလို့မလုံလောက်ပါဘူး။ အခြေအနေရဲ့ လိုအပ်ချက်နဲ့ လုပ်ဆောင်သူရဲ့ စေတနာသာ အဓိကပါ။ ဘုရားအလောင်းတော် ဗောဓိမဏ္ဍိုင်ကို ကြွတော်မူစဉ်က သောတ္ထိယမြက်ထမ်းသမားလှူတဲ့ မြက်ရှစ်ဆုပ်နဲ့ အနာထ ပိဏ်သူဌေးလှူတဲ့ ဇေတဝန်ကျောင်းတော်တို့ဟာ သူ့အချိန်အခါ သူ့နေရာအလျောက် အရေးပါကြတာချည်းပါပဲ။ လှူသူတို့ စေတနာထက်သန်သလောက် အကျိုးလဲများကြပါတယ်။

ကိုယ့်စေတနာကိုယ် သုံးသပ်ပြီး ကိုယ့်ရဲ့ အရေးပါမှုကို ဆုံးဖြတ်နိုင်ကြပါစေ။

# ကတိမတည် ဥစ္စာမရှိ

"ဥစ္စာမရှိ ကတိမတည်" ဆိုတဲ့ မြန်မာစကားပုံ တစ်ခုရှိတယ်။ ဒီစကားပုံဟာ ယေဘုယျ အမှန်တရားတစ်ခုတော့ မဖြစ်နိုင်ပါဘူး။ ဥစ္စာမရှိတိုင်းကတိမတည်ကြသူ မဟုတ်ကြပါဘူး၊ တစ်ဦးတလေ ရှိကောင်းရှိပေမယ့် အများအားဖြင့်တော့ ဥစ္စာမရှိပေမယ့် ကိုယ့်ကျင့်စာရိတ္တရှိသူတိုင်း ကတိတည်ကြပါတယ်။ အဲ-ကတိမတည်သူ ဥစ္စာမရှိနိုင်တာကတော့ ရာနှုန်းပြည့်လောက် မှန်ပါတယ်။ စကားပုံဆိုတာ ယေဘုယျ အမှန်တရားဖြစ်ရမယ်ဆိုရင်"ကတိမတည် ဥစ္စာမရှိ"လို့သာ ဆိုသင့်ပါလိမ့်မယ်။

တပည့်တစ်ယောက် နယ်မြို့လေးတစ်ခုမှာ အင်ဂျင်စက်နဲ့ ဘက်ထရီသွင်းတဲ့ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်။ သူ့ဆိုင်မှာရေးထားတာက...

"နံနက်ပိုင်းအပ်လျှင် ၁၂ နာရီရမယ်။
မွန်းလွဲပိုင်းအပ်လျှင် ညနေ ၅ နာရီ ရမည်"တဲ့။

နောက် ခြောက်လလောက်ကြာတဲ့ အခါမှာတော့ သူ့လုပ်ငန်း လုံးဝရပ် ဆိုင်းသွားတာတွေ့ရတယ်။ အကျိုးအကြောင်းမေးကြည့်တော့ အစပိုင်း တစ်လလောက်တော့ ဟုတ်သလိုလိုရှိတယ်၊ သူကလဲ ပြောတဲ့အတိုင်း လုပ်တယ်တဲ့။ နောက်တော့ တစ်ခါတလေ ဘက်ထရီအိုးတစ်လုံး တည်းလာအပ်တဲ့အခါ အင်ဂျင်မောင်းတဲ့ စက်ဆီဖိုးနဲ့မကိုက်လို့ ပြောထားတဲ့အချိန်မီအောင် သွင်းမပေးနိုင်ဘူး။ အဖော်စောင့်ပြီးမှ သွင်းပေးနိုင်တယ်။ ဒါနဲ့ အပ်တဲ့လူတွေကလဲ အပြောနဲ့အလုပ် မညီဘူးဆိုပြီး သိပ်မယုံကြည်ကြတော့ဘူး။ နောက်တော့ တဖြည်းဖြည်း အလုပ်အပ်မယ့်သူမရှိတာနဲ့ လုပ်ငန်းရပ်လိုက်ရတယ်တဲ့။

တပည့်တစ်ယောက်လဲဖြစ်၊ သူ့စိတ်ထားကိုလဲ သဘောမကျတာနဲ့...

"နေပါဦး...မင်းက ဘာအတွက် အလုပ်လုပ်တာလဲ၊ အလုပ်ဖြစ်ဖို့ အလုပ်လုပ်တာလား၊ ငွေရဖို့ အလုပ်လုပ်တာလား"လို့ မေးလိုက်မိတယ်။

"အား...အလုပ်လုပ်ပါတယ်ဆို ငွေရဖို့ချည်းပေါ့၊ ဘာအတွက် လုပ်ရဦးမှာလဲ"တဲ့။ "အေး...ဒီလိုဆို မင်းဘယ်တော့မှ ငွေမရနိုင်တော့ဘူးလို့သာ မှတ်ပေရော့"ဆိုတော့

"ဘာလို့လဲဘုရား"တဲ့။

"အလုပ်လုပ်တယ်ဆိုတာ အလုပ်ဖြစ်ဖို့ လုပ်ရတယ်၊ အလုပ်ဖြစ်မှ ငွေရမှာပေါ့၊ ငွေရဖို့အဓိကထားရင် ဘယ်အလုပ် ဖြစ်တော့မလဲ၊ အလုပ်မဖြစ်ရင် ငွေက ဘယ်ကနေ ရမှာလဲ" ဆိုတော့...

"ဟင် ဦးဇင်း ဟာကလဲ ဘယ်လိုကြီးတုံး၊ နားမရှင်းဘူး"တဲ့။

"အလုပ်နဲ့ ငွေဆိုတာ အကြောင်းနဲ့ အကျိုးကွ၊ လူဆိုတာ အကြောင်းတရားကို ကောင်းအောင်လုပ်ရတယ်၊ အကြောင်းကောင်းမှ အကျိုးက ကောင်းမှာပေါ့၊ အကြောင်းကောင်းအောင်ဆိုတာ အကြောင်းတရားပေါ်မှာ စေတနာရော ဉာဏ်ရော လုံ့လရော အတတ်နိုင်ဆုံး ကောင်းအောင် စိုက်ထုတ်မှ ကောင်းတာ၊ မင့်ဟာ အကြောင်းတရားပေါ်မှာ စေတနာမထားဘဲ အကျိုးတရားပေါ်မှာပဲ စေတနာကရောက်နေတော့ အကြောင်းတရားတွေချို့တဲ့ကုန်တာပေါ့၊ အကြောင်းကမှ မကောင်းတော့ဘူးဆိုမှတော့ အကျိုးတရားကလဲ ဘယ်လိုလုပ်ကောင်းတော့မလဲ၊ ဒါဟာ မြတ်စွာဘုရား ဟောကြားတဲ့ ကမ္မနိယာမပဲ"

"အင်း တပည့်တော် သဘောကျချင်သလိုလိုတော့

ရှိလာပြီ၊ ဆက်ပြောပါဦးဘုရား"တဲ့။

"ကုသိုလ်ပဲရှာရှာ၊ ပညာပဲရှာရှာ၊ စီးပွားပဲရှာရှာ၊ ကိုယ်လိုချင်တာက အကျိုးတရားဖြစ်ပေမယ့် အကျိုးတရားကို တိုက်ရိုက်ရှာလို့မရဘူး၊ အကျိုးတရားကိုဖြစ်စေနိုင်တဲ့ အကြောင်းတရားကိုသာ ကောင်းအောင်ကြိုးစားရတယ်။ အကျိုးတရားကို မမျှော်ရဘူး၊ ကုသိုလ်ပြုတဲ့နေရာမျိုးမှာ အကျိုးတရားကိုမျှော်လင့်ပြီး လုပ်ရင်...မျှော်လင့်တယ် တောင့်တတယ်ဆိုတာ တရားကိုယ်က လောဘတရားပဲ၊ လောဘဆိုတာ အကုသိုလ်တရားပဲ၊ အကုသိုလ်ရှေ့သွားနဲ့ လုပ်တဲ့ ကုသိုလ်ဟာ အညံ့စားကုသိုလ်မျိုးပဲဖြစ်မယ်။

"ရှေးဆရာတော်ကြီးများ ဆုံးမလေ့ရှိတာက... 'အကုသိုလ်ကာံ၊ ရှေ့နောက်ရံ၊ မှတ်ရန်ဩမက'တဲ့။ ဩမက ဆိုတာ အယုတ်စား အညံ့စားလို့ ပြောတာ'

"ဒီလိုဆို ကောင်းတာလုပ်ရင် ကောင်းကျိုးရတယ်လို့ တောင် မမျှော်လင့်ရဘူးပေါ့"

"အဲဒါက မျှော်လင့်ရမှာမဟုတ်ဘူး၊ ယုံကြည်ရမှာ လက်ခံရမှာ၊ ယုံကြည်လက်ခံတာက လောဘမဟုတ်ဘူး 'သဒ္ဓါ'တရား၊ အဲဒါ ကုသိုလ်တရား၊ ဒီကုသိုလ်တရားရှေ့ထားပြီးပြုတဲ့ ကုသိုလ်မျိုးကျတော့...'ကုသိုလ်နှစ်တန်၊ ရှေ့နောက်ရံ၊ မှတ်ရန်ဥက္ကဋ္ဌ'တဲ့။ ဥက္ကဋ္ဌဆိုတာ အမြတ်စား၊ အကောင်းစားလို့ပြောတာ။ ယုံကြည်လက်ခံရမှာနဲ့

မျှော်လင့် တောင့်တတာ တခြားစီပဲ၊ ရောမသွားစေနဲ့၊ ယုံကြည်ရမယ်၊ မမျှော်ရဘူး။ 'ကောင်းကျိုးရမယ်'လို့ မင်းပြောလိုက်တဲ့စကားကို သေသေချာချာ ပြန်စဉ်းစားကြည့်ပါ။ အဲဒီထဲမှာ 'ကျိုး' ဆိုတဲ့စကားလုံးကို သတိထားကြည့်၊ အကျိုးဆိုတာ အကြောင်းရှိမှဖြစ်တာ 'အကျိုးပေးကောင်းတယ်'ဆိုတာလဲ အကြောင်းတရားကောင်းမှ ကောင်းတာ၊ ဒီလိုသဘောကျ လက်ခံနိုင်မှ ကမ္မသကတ သမ္မာဒိဋ္ဌိစစ်တာ၊ မင့်ဟာ ဗုဒ္ဓဘာသာလဲဆိုသေး "ကမ္မသကတသမ္မာဒိဋ္ဌိ"လောက်မှ စင်စင်ကြယ်ကြယ် မဖြစ်သေးဘူးလား "တင်ပါ့- နည်းနည်းသဘောပေါက်လာပါပြီ ထပ်ရှင်းပါဦး" မင့်ဟာ ခုထိလဲ နဲနဲပဲသဘောပေါက်တုံးလား မြတ်စွာဘုရားဟောတဲ့ ကမ္မသကတ သမ္မာဒိဋ္ဌိဖြစ်ဖို့ ယုံကြည်လက်ခံရမယ့် 'ကမ္မဝါဒ'ဆိုတာ ကုသိုလ်လုပ်တဲ့အခါ ကုသိုလ်ဖြစ်ဖို့ဆိုတဲ့ စေတနာထက်ထက်သန်သန်ထားပြီး ကုသိုလ်လုပ်၊ ကောင်းကျိုးရဖို့ဆိုတဲ့ မျှော်လင့်ချက်မထားနဲ့၊ ကုသိုလ်ဖြစ်လို့ ကုသိုလ်အားကောင်းရင် ကောင်းကျိုးက ကမ္မသတ္တိအရှိန် ကြောင့် ဖြစ်ကိုဖြစ်လာမှာ၊ အကြောင်းကံကိုသာ လူကလုပ်လို့ရတာ အကျိုးကို လူက လုပ်ယူလို့မရဘူး၊ ကံကလုပ်ပေးမှရတာ၊ ဒါကို သဘောကျ လက်ခံပြီဆိုရင် ကမ္မသကတ သမ္မာဒိဋ္ဌိဖြစ်ပြီ၊ ကုသိုလ်ရေးကို သဘောကျပြီဆိုရင် ကျန်တဲ့ပညာရေး၊ စီးပွားရေးမှာလဲ

ဒီအတိုင်းပဲ အကြောင်းကံ ကို အကောင်းဆုံ တည်ဆောက်မှ ကိုယ်လိုချင်တဲ့ အကျိုးကို ရရှိမှာ၊ အကျိုးကို မျှော်ကိုးနေရင် အကြောင်းတရားချို့တဲ့ပြီး အကျိုးပါယုတ် မှာသေချာတယ်။ အဲ မဟုတ်ပါဘူးဆိုရင် တော့ အဲဒါ အတုကြီးပဲ၊ စာမသင်ဘဲ အမှတ်များများရပြီး အောင်တယ်ဆိုရင် အဲဒါ အတုကြီးပဲပေါ့၊ အမှတ်သာရ အောင်လုပ်ပေးရင် ပေးနိုင်မယ်၊ အရည်အချင်းကတော့ ဘယ်သူလုပ်ပေးလို့မှ မရဘူး၊ ကိုယ်လုပ်မှ ကိုယ်ရမယ်ဆိုတာ ကလေးတောင် သိလောက်ပါတယ်"

"ဒါဖြင့် တပည့်တော် ဘာဆက်လုပ်ရမလဲ၊ ခုဆို အလုပ်တူအပြိုင်အဆိုင်တွေကလဲ နှစ်ဦးသုံးဦးတောင် ရှိနေပြီ"

"လုပ်နေကျအလုပ်ကိုပဲ ဆက်လုပ်ပေါ့၊ ဘယ်ပြိုင်ဘက်မှ ယှဉ်ပြိုင်လို့မရတဲ့ ဂုဏ်ထူးတစ်ခုရှိဖို့တော့ လိုတယ်"

"ဘယ်လိုဂုဏ်ထူးလဲဘုရား"

"ပြောသလို လုပ်တယ်၊ လုပ်သလိုသာ ပြောတယ်ဆိုတဲ့ ဂုဏ်ထူးပေါ့"

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိတုန်းက မြတ်စွာဘုရားနဲ့ ဆန့်ကျင်ဘက်လုပ်ကြတဲ့ ဗြဟ္မဏဝါဒီ ဂိုဏ်းဆရာကြီးတွေရှိတယ်။ သူတို့ဟာ မြတ်စွာဘုရားနဲ့ ပတ်သက်လို့ အမျိုးမျိုးအပြစ်ရှာကြ ပြောကြတယ်၊ ဒါပေမယ့် ... 'ယထာဝါဒီ တထာကာရီ ယထာကာရီ တထာဝါဒီ

ခလုဘော ဂေါတမော' ဂေါတမနွယ်ဖွားဟာ ပြောသလို လုပ်ပြီး လုပ်သလိုသာပြောတယ်ဆိုတဲ့ အချက်နဲ့ ပတ်သက်လို့ကျတော့ ဘယ်သူမှ မဟုတ်ဘူးလို့ မငြင်းဝံ့တော့ဘူး၊ အပြောနဲ့အလုပ် မညီတဲ့ အချက်ရယ်လို့လဲ မြတ်စွာဘုရားအပေါ်မှာ သူတို့ထောက်ပြစရာမရှိဘူး။ ဒီဂုဏ်ထူးကို သဘောကျလေးစားပြီး မြတ်စွာဘုရားထံ သွားရောက်တွေ့ဆုံကြ၊ တရားစကား ဆွေးနွေးနာယူကြလို့ တရားကို လက်ခံကျင့်သုံးပြီး ဘုရားရှင်တပည့်သား အရိယာအဖြစ်ရောက်ကုန်ကြတဲ့ ပြဟ္မဏ ဂိုဏ်းဆရာကြီးတွေအကြောင်း ပိဋကတ်တော်မှာ အများကြီး ပဲ၊ ပေါက္ခရသာတိတို့၊ ကူဋဒန္တတို့ဆိုတာ အဲဒီထဲမှာ ထင်ရှား တဲ့ ပုဂ္ဂိုလ်တချို့ပေါ့"

× × × × × ×

ခုတစ်ခေါက် အထက်မှာပြောခဲ့တဲ့ နယ်မြို့ကလေးကို ရောက်သွားတဲ့အခါမှာတော့ အဲဒီတပည့် ဘက်ထရီလုပ်ငန်းနဲ့ အတော်လေးကြီးပွားနေတာကို တွေ့ရတယ်။ တီဗွီကို အချိန်မီကြည့်ချင်ရင် သူ့ဘက်ထရီဆိုင်သွားလို့တောင် လူတွေက ပြောနေကြလေရဲ့။

ကတိတည်ပြီး ဥစ္စာရှိကြပါစေ။

# သတိပေးညှင်သာ လိုက်နာလေးနက်

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်မှာ ပခန်းဆရာတော်ဘုရားကြီး ပဓာနနာယကအဖြစ် ဆောင်ရွက်အုပ်ချုပ်ရတဲ့ အချိန်တုန်းက အနီးအနားတစ်ဝိုင်မှာရှိကြတဲ့ ညောင်ကန်ဆရာတော်၊ ကုသိနာရုံဆရာတော်၊ ထီးလင်းဆရာတော်၊ အသောကာရာမဆရာတော်ဘုရားကြီးများ၊ ညနေပိုင်းစာဝါပြီးတဲ့အချိန်မှာ ဝါတော်အကြီးဆုံးဖြစ်တဲ့ ဘုရားကြီးတိုက်နာယက ပခန်းဆရာတော်ဘုရားကြီးကျောင်းမှာ ဆုံကြပြီး စာကြောင်းပေကြောင်း နှီးနှောကြပါတယ်။

နီးနှောဆွေးနွေးကြပုံကလဲ ဘုရားကြီးဆရာတော်ဘုရားက သာသနာတော်မှာ အမြင့်ရှင်းအောင် ဝေဖန်ဆုံးဖြတ်သင့်တဲ့အကြောင်းအရာ ခေါင်းစဉ်လေးတွေကို စာရွက်သေးသေးပေါ်မှာ ရေးပြီး မဲလိပ်လိုလိပ်ထားတာ ညနေ ဆရာတော်တွေစုံတော့ ဒီစာရွက်လိပ်ကလေးတွေကို အလယ်ခေါက်မှာမှောက်လျက်ဖြစ်နေတဲ့ ကွမ်းအစ်ဖုံးပေါ်ပစ်ချလိုက်တယ်။ ဆရာတော်ကြီးများက ကိုယ့်ရှေ့ရောက်တဲ့ စက္ကူလိပ်ကိုကောက်ယူဖြေကြည့်ပြီး ပါတဲ့အကြောင်းအရာကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစတဲ့ ကျမ်းဂန်အသီးသီးမှာလာတဲ့အတိုင်း အဓိပ္ပါယ်ပြောပြ၊ ကျန်တဲ့ဆရာတော်များက ထောက်တန်ထောက်၊ ညှိတန်ညှိနဲ့ ဝိုင်းဝန်းဆွေးနွေးကြတာတဲ့။

ဒီလိုပဲ ညနေတိုင်း ကွမ်းအစ်တစ်လုံးအလယ်မှာချပြီး ဆွေးနွေးပြောဆိုလိုက်ကြ၊ ကွမ်းဝါးလိုက်ကြနဲ့ ညဥ့်ဦးပိုင်းဘုရားဝတ်တက်ဖို့ သူ့တိုက် ကိုယ့်တိုက်က အသီးသီးအုန်းမောင်းတို့၊ ထိုးစည်တို့ တီးကြ ခေါက်ကြတော့မှ ကိုယ့်တိုက်ကိုယ်ပြန်ကြတာပဲတဲ့။

တစ်နေ့တော့ ဘုရားကြီးတိုက်ဆရာတော်ကြီးရဲ့ကျောင်းဒကာများက ပုဂံဘုရားဖူးပြန်လာလို့ ဖလားစုံရုပ်စုံကွမ်းအစ်ကြီးတစ်လုံး အထဲမှာလဲ ကွမ်းနဲ့ကွမ်းစားပစ္စည်းအစုံထည့်ပြီး လာလှူတယ်။ ဘုရားကြီးဆရာတော်ကအကာပ်မခံသေးဘဲ..."ညနေပိုင်း ညောင်ကန်ဆရာတော်

ရောက်မှကပ်ကြ"လို့ ပြောပြီး ကိုရင်တစ်ပါးကို သိမ်းထားခိုင်းလိုက်တယ်။ ညောင်ကန်ဆရာတော်ကြီးဟာ ဘုရားကြီးဆရာ တော်ပြီးရင် ဝါတော်လဲအကြီးဆုံး၊ အနေအထိုင်ကလဲ အေးအေးဆေးဆေး၊ ဆုံးဖြတ်ပြောဆိုရာမှာလဲ အေးအေးလေးလေးကြီးနဲ့အလွန် ညင်သာတိကျပါသတဲ့။

ညနေ ညောင်ကန်ဆရာတော်ကြီးကြွလာတော့ ဘုရား ကြီးဆရာတော်က "ကိုရင်...ကွမ်းအစ်ကပ်ဟဲ့"လို့ အမိန့်ပေး လိုက်တယ်။ ကိုရင်က ညောင်ကန်ဆရာတော်ကြီး ရှေ့မှာ ဒူးတုပ်ပြီး ကွမ်းအစ်ကပ်မယ်လုပ်တော့ ညောင်ကန် ဆရာတော်ကြီးက ကွမ်းအစ်ကို သေသေချာချာကြည့်ပြီး အကပ်မခံဘူး။ လက်ကာပြီးတားသတဲ့။

ဘုရားကြီးဆရာတော်ကြီးက..."ညောင်ကန် အကပ်ခံလိုက်လေ ဘာလို့တုံး"လို့ပြေတော့ ညောင်ကန်ဆရာတော်ကြီးက... "ဘုရားကြီးဆရာတော့်ကွမ်းအစ်က အရုပ်တွေနဲ့လား"လို့ မေးသတဲ့။

"အရုပ်တွေနဲ့ဆို မအပ်ဘူးလား ညောင်ကန်" ဆိုတော့ ... ညောင်ကန်ဆရာတော်ကြီးက သူ့ပင်ကိုယ်ဟန်အတိုင်း လေးလေးအေးအေးကြီးနဲ့ "မိန်းမရုပ်တွေများ ပါမလားလို့"လို့ ဆိုပြီး စကားကိုရပ်လိုက်တယ်။ ဘုရားကြီးဆရာတော်ကြီးကလဲ ဘာမှတ်ထပ်မပြောတော့ဘူး။ ထုံးစံအတိုင်း ဘုရားဝတ်ပြုချိန်တန်လို့ ဆရာတော်တွေ အသီးသီး

ပြန်ကြွကြတော့မှ ဘုရားကြီးဆရာတော်က ကိုရင်တစ်ပါး ခေါ်ပြီး"ကိုရင်..ဒီကွမ်းအစ် ကျောင်းဒကာ အိမ်ပြန်ပို့လိုက်၊ ဖြောင်ကွမ်းအစ်တစ်ခုနဲ့ လဲပေးပါလို့ပြော"ဆိုပြီး မိန့်ကြား လိုက်ပါသတဲ့။

သတိပေးတဲ့ဆရာတော်ကြီးကလဲ သုဘာသိတ (ကောင်းမွန်ညင်သာပြောဆိုခြင်း)ဂုဏ်တော်နဲ့အညီ ပြောသလို လိုက်နာတဲ့ဆရာတော်ကလဲ သုဝစ (ဆုံးမပြောဆိုလို့ လွယ်ကူခြင်း) ဂုဏ်တော်နဲ့အညီ ဘာမှစောဒကမတက်ဘူး။ ကွမ်းအစ်မှာ မိန်းမရုပ် ပါ မပါလဲ စစ်ဆေးမနေဘူး၊ အလေးအနက်ခံယူ လိုက်နာပုံဟာ လေးစားကြည်ညိုဖို့ ကောင်းသ လောက် အတုယူလိုက်နာစရာ အလွန်ကောင်းတဲ့ အချက်ပါပဲ။

# ဆယ်ပေါ်ငါးကျော်ရှင်
# ဟင်းအိုးထဲရောက်တတ်တယ်

ပျော်ဘွယ်အနောက်လက်က ကျောင်းရွာ မကျီးကုန်း ဆိုတာရှေးက အလွန်ထင်ရှားခဲ့တဲ့ တောရွာစာသင်တိုက်ကြီး တစ်ခုပေါ့။ ဆရာတော်ကြီးက မော်လမြိုင် တောင်လေးလုံး ဆရာတော်ကြီးနဲ့ အပြန်အလှန်စာသင်ပေးခဲ့ဖူးကြတဲ့ ပါဠိနဲ့ သက္ကဋ အလွန်တော်တဲ့ ဆရာတော်ကြီး။ အဲဒီနယ်တစ်ဝိုက် မှာ အလေ့အထတစ်ခုက သာရေးနာရေး အကြောင်းကြီးငယ် ရှိလို့ ပတ်ဝန်းကျင် ဆရာတော်တွေကို ပင့်တဲ့အခါ အလှူပွဲ အကြိုနေ့ညနေ အရောက်ကြွကြတယ်။ ညမှာ ဟိုကျောင်း ဒီကျောင်းက ဆရာတော်တွေ ဆုံမိကြပြီဆိုရင်လဲ စာကြောင်း ပေကြောင်း ပြောကြတာပဲ။ အထူးသဖြင့် ကျောင်းရွာမကျီး ကုန်းကျောင်းမှာ ဆုံဖြစ်ကြပြီဆိုရင်တော့ ဆရာတော်ကြီးရဲ့ အရှိန်အဝါကြောင့် စာပေအကြောင်းကလွဲပြီး ရပ်ရေးရွာရေးနဲ့ ပတ်သက်တဲ့အကြောင်းကို မပြောဝံ့ကြဘူး။

တစ်ညမှာတော့ စာပေစကားဝိုင်းမှာ 'စန်းတော' ဆရာတော်ကြီးပြောနေတဲ့ အယူအဆတွေဟာ တခြားပုဂ္ဂိုလ်များရဲ့အမြင်နဲ့ မကိုက်ညီတဲ့အတွက် ပိဋကတ်ဘောင်ကို ကျော်လွန်နေတယ်လို့ ထင်ရတယ်။ ဒါကြောင့် 'ရုံးကုန်း' ဆရာတော်ကြီးက...

"စန်းတောဆရာတော် ဆယ်ပေါ်ကိုငါးကျော်ရင် ဟင်းအိုးထဲရောက်တတ်သနော်၊ ဆရာတော်ပြောနေတာတွေဟာ ဆယ်ပေါ်ငါးကျော်နေတယ်ထင်တယ်"လို့ ဝင်ထောက်လိုက်တယ်။ အဲဒီအခါမှာ မကျီးကုန်းဆရာတော်ကြီးက–

"ဆယ်ပေါ်ငါးကျော်တာ ဒီအတိုင်းဖမ်းလို့ ဘယ်ရမလဲ၊ တောင်းနဲ့အုပ်ဖမ်းမှပေါ့"လို့ မိန့်ကြားလိုက်ပါတယ်။

ဒီစကားဝိုင်းမှာတော့ ဆရာတော်ကြီးများရဲ့စကားက အချင်းချင်း ပညာရှင်ဆန်ကြလို့ နံဘေးကကြားရသူတွေ လွှတ်ခနဲ နားမလည်နိုင်ကြဘူး။

ဆယ်ပေါ်ငါးကျော်တယ်ဆိုတာက ပြောတဲ့စကားဟာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှာ မိန့်ဆိုထားတဲ့ဘောင်ကို ကျော်လွန်နေတယ်လို့ ဆိုတာပါ။

ဟင်းအိုးထဲ ရောက်တတ်တယ်ဆိုတာ အပါယ်ငရဲကျ ရောက်တတ်တယ်လို့ ဆိုလိုတာ။

တောင်းဆိုတာ ပိဋကတ်သုံးပုံကို ပြောတာ။ ပါဠိဘာသနဲ့ ပိဋကသဒ္ဒါက တောင်းလို့ အဓိပ္ပါယ်ရ

တယ်။ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဓမ္မခန္ဓာတွေကို အုပ်စုတူရာတူရာပေါင်းပြီး ဝိနည်းအုပ်စု၊ သုတ္တန်အုပ်စု၊ အဘိဓမ္မာအုပ်စုအဖြစ်နဲ့ စုပေါင်းသင်္ဂါယနာတင်တာဟာ ပစ္စည်းဝတ္ထုတွေကို ဖရိုဖရဲ မဖြစ်အောင် တောင်းထဲမှာ စုထည့်ထားတာနဲ့ တူလို့ အဲဒီဓမ္မခန္ဓာအုပ်စုသုံးမျိုးကို ပိဋကတ်သုံးပုံလို့ ခေါ်ကြတာပါ။

ဆရာတော်ကြီး အမိန့်ရှိတဲ့ "ဆယ်ပေါ် ငါးကျော်တာ ဒီအတိုင်းဖမ်းလို့ ဘယ်ရမလဲ" ဆိုတာက ပိဋကတ်စာပေ အထောက်အထားမပါဘဲ ဒီအတိုင်းအလွတ်ပြောလို့ ဘောင်မဝင်ဘူးလို့ ဆိုလိုက်တာ၊ "တောင်းနဲ့အုပ်ဖမ်းမှပေါ့" ဆိုတာ ကတော့ ပိဋကတ်အထောက်အထားနဲ့ ဘာကြောင့်ဘယ် အချက်ဟာမှားတယ်လို့ တိတိကျကျပြောမှပေါ့လို့ ဆိုလိုပါတယ်။

ရှေးမထေရ်မြတ်တို့ရဲ့ လေးနက်တဲ့စကား ဝိုင်းတစ်ခုကို အာရုံပြုကြည့်ညိုနိုင်ဖို့ တင်ပြလိုက်ရတာပါ။

ဆယ်ပေါ်ငါးမကျော်စေဖို့နဲ့။

ကျော်လာရင် တောင်းနဲ့အုပ်ဖမ်းနိုင်ဖို့အတွက်ယူ အားကျစေချင်တာလဲတစ်ကြောင်းပေါ့။

❋ ❦ ❋

## ဖိနပ်ချွတ်၊ နှတ်ရှုပ်၊ ပလုတ်တုတ်

ကြည့်မြင်တိုင် ထီးထန်းဈေးနားက သဘာဝမွေ့ဆရာတော်ကျောင်းမှာ ဒေးဒရဲဆရာတော်၊ အမရပူရ မဂ်လာတိုက်ဆရာတော်တို့ပါ ဆုံမိကြပြီး စကားဝိုင်းဖွဲ့နေကြတုန်း အင်းဝက ဆရာတော့်မြေးတစ်ယောက် ရောက်လာတယ်။ အလုပ်လာရှာတာတဲ့။ "ဘာတွေများ လုပ်တတ်သလဲ"လို့ မေးကြည့်တော့ ဗေဒင်လဲဟောတတ်တယ်၊ မြန်မာဆေးလဲ ကုတတ်တယ်။ နှိပ်လဲနှိပ်တတ်တယ်တဲ့။ "အခုဘာလုပ်သလဲ" ဆိုတော့ ဆောင်းဦးတုန်းက အညာက တမာရွက်သယ်ပြီး ရန်ကုန်မှာ ရောင်းတာ နည်းနည်းအဆင်ပြေတယ်။ အဲဒီမှာ အတူဈေးရောင်းရင်းခင်တဲ့ မိတ်ဆွေက ရထားပေါ် ပစ္စည်းလိုက်သယ်ရတာ ပိုကောင်းတယ်ဆိုလို့ တမာရွက်မသယ်တော့ဘဲ မော်လမြိုင်ရထားပေါ်လိုက်တာ အစပိုင်း

တော့ အဆင်ပြေ တယ်။ ခုတော့ ရှာဖွေရေးနဲ့ တွေ့လို့ဆိုလား လူချည်းကျန် တော့သတဲ့။ အဲဒီလူပြောတာနားထောင်ပြီး သဘာဝဓမ္မ ဆရာတော်ကြီးက–

"တို့အငယ်တုန်းက အင်းဝမှာ 'စံဘော်'ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ လက်မှုပညာအတော်လက်မြောက်တယ်၊ ဘာမှအလုပ်မည်မည်ရရတော့ မရှိဘူး။ ဒါနဲ့တို့ကျောင်းဝိုင်းဘေးမှာ ဖျောက်ဆိတ်ပင်ကြီးတွေပေါတော့ ဒီအပင်ကြီးတွေ ခုတ်ပြီး မင်းတတ်သလိုလုပ်စားလို့ ဆရာတော်က ခွင့်ပြုတယ်။

"စံဘော် အဲဒီအပင်တွေ ခုတ်၊ ပိုင်း၊ ခွဲပြီး ပထမဆုံး ခုံဖိနပ်ခုတ်တယ်၊ လက်ရာကတော့မြောက်ပါတယ်။ သူများလုပ်တာထက်သပ်ရပ်တယ်။ ဆေးရောင်လေး ဘာလေးသုတ်ပြီး မန္တလေးဘက်တက် စပ်ရောင်းတာ နောက်ဆုံးဘုရားကြီးဈေးက ခုံဘိနပ်ဆိုင်က အကုန်လုံးသိမ်း ဝယ်လိုက်တယ်။ သူ့လက်ရာသဘောကျလို့ အဝယ်များလာတော့ နောက်ထပ် မှာဖို့ဆိုပြီး အင်းဝလိုက်လာကြတယ်။

"အင်းဝဈေးနားတစ်ဝိုက်မှာ ဖိနပ်ခုတ်တဲ့ကိုစံဘော်ဆိုတာ မေးလို့ကိုမရဘူး၊ နောက်ဆုံးကိုစံဘော်တော့ရှိတယ် ဖိနပ်တော့ မခုတ်ဘူးဆိုတာသိလို့ လိုက်သွားကြတော့ ကိုစံဘော် အစစ်ပါပဲ။ ဖိနပ်ခုတ်နေတာ မဟုတ်ဘူး၊ နတ်ရုပ်လုပ်နေတာ၊ ဖျောက်ဆိတ်သားက အရုပ်ထုလို့ကောင်းလို့ မြင်းဖြူ

ရှုပ်ရုပ်ထုတာတဲ့၊ မြင်းရုပ်လဲအချိုးကျကျ လက်ရာမြောက် ပါတယ်။ ဒါနဲ့ လာမိတဲ့လူတွေလဲ စရိတ်မှ ကျေကျေဆိုပြီး သူထုတဲ့အရုပ်တွေ ဝယ်သွား၊ မန္တလေးရောက်တော့ ဖောက် သယ်ဆိုင်တင်ကြည့်တာ သူ့လက်ရာ လူကြိုက်များတာပဲတဲ့။

"ဒါနဲ့ ဝါဆိုဦးလောက်ရောက်တော့ တောင်ပြုံးပွဲအမီ နတ်ရုပ်အော်ဒါပေးမှပဲဆိုပြီး ဖောက်သည်တွေလိုက်လာကြ တော့ စံဘော်က နတ်ရုပ်ထုတာ ငြီးငွေ့လို့တဲ့ 'ပလုတ်တုတ်' လုပ်နေတယ်။

"စံဘော်ဆိုတာ အစုံလုပ်တတ်တယ်။ ဘာမှမည်မည် ရရ မလုပ်ဘူး၊ တစ်ခုခုတော့လဲ မပြတ်လုပ်နေတာပဲ၊ သေတဲ့ အထိလဲ တဲကုပ်ကမတတ်ဘူး"ဆိုပြီး စံဘော်အကြောင်း စကားရပ်ပြီးတော့မှ သူ့မြေးဘက်လှည့်ပြီး–

"ကြီးပွားအောင်မြင်ဖို့ဆိုတာ အလုပ်ကိုဟိုစပ်စပ် ဒီစပ်စပ် မလုပ်ရဘူးကွ၊ အလုပ်တွေ မပြတ်ရှုပ်နေမယ့် ဘာလုပ်တယ်လို့ မည်မည်ရရ မပြောနိုင်သမျှ ဘာမှမဖြစ်ဘူး၊ ကိုယ်ဘာလုပ်တယ်ဆိုတာ အများကအသိအမှတ်ပြုလာ အောင် အလုပ်မြဲမှကွ၊ မင့်ဟာ'မတ်တတ်လုပ် မတ်တတ် စားပဲ' ဆိုတော့ တုံးလုံးလဲသွားရင် ဘာစားမလဲ"တဲ့။

ဆရာတော်ကြီးက သူ့မြေးကို အကြောင်းပြုပြီး လောကရေးကိုပြောနေပေမယ့် ဓမ္မရေးရာမှာလဲ အရေးကြီးတဲ့ သြဝါဒပါ။

ရည်မှန်းချက်တစ်ခု ပြီးမြောက်အောင်မြင်ရေးအတွက် ရှိရမယ့်အရည်အချင်းများနဲ့ ပတ်သက်လို့ မေတ္တာသုတ်တော်မှာ "အပ္ပကိစ္စော=ကိစ္စနည်းရမယ်"လို့ မြတ်စွာဘုရားဟောညွှန်ထားပါတယ်။ တစ်ခုခုအောင်မြင်ချင်ရင် အဲဒီတစ်ခုခုကိုပဲ စိုက်လိုက်မတ်တတ်လုပ်ရမယ်လို့ ဆိုလိုတာပါ။

တချို့ ကြိုးစားသလောက် ခရီးမရောက်ဘူးလို့ ပြောကြသူတွေ စံဘော်ကြိုးစားသလိုများ ဖြစ်နေကြမလားလို့။

❋ ❋

## သစ်တစ်ပင်နဲ့ တောတစ်ခု

တစ်ပင်တည်း ကောင်းနေလို့ အရိပ်လဲ
မှုအောင် မပေးနိုင်ဘူး၊ လေပြင်းဒဏ်လဲ
မခံနိုင်ဘူး၊ တစ်တောလုံး အုပ်ဆိုင်းနေမှ"
(တောင်မြို့ ညဝါအကျော် ဆရာတော်ကြီး)

ဆရာတော်ကြီးရဲ့ ၇၅ နှစ်မြောက် မွေးနေ့မှာ တပည့်ရဟန်းတော်တွေကော ဒကာ ဒကာမတွေပါ စုံကြဆုံကြတယ်။ စကားဝိုင်းတွေမှာလဲ ဆရာတော်ကြီးရဲ့ ဂုဏ်သတင်းတွေကိုပဲ ပြောကြဆိုကြတာများတယ်။ ဒီတော့ ဆရာတော်ကြီးက–

"မင်းတို့ ပြောပြောနေကြတာ 'သစ်တစ်ပင်ကောင်း ငှက်အပေါင်းခိုနိုင်'တဲ့ ဟုတ်လား၊ အဲဒါ တစ်ပင်တည်း အထီး တည်းသစ်ပင်မျိုး ပြောတာမဟုတ်ဘူးကွ၊ တစ်ပင်

တည်း ကောင်းနေလို့ အရိပ်လဲမှုအောင်မပေးနိုင်ဘူး၊ လေပြင်းဒဏ် လဲ မခံနိုင်ဘူး၊ တစ်တောလုံး အုပ်ဆိုင်းနေမှ။

"စာချကောင်းတဲ့ ဘုန်းကြီးဖြစ်ဖြစ်၊ တရားဟော ကောင်းတဲ့ ဘုန်းကြီးဖြစ်ဖြစ် ကိုယ်ခွဲလက်ထောက်ကော အခြံ အရံကောရှိနေမှ သူ့ချည်း အထီးတည်းနေလို့ ဘယ်သူ့ကို ဟောပြောပို့ချမလဲ၊ သူမရှိရင်ကော ဘယ်သူက ဆက်လုပ် မလဲ၊ မျိုးဆက်မရှိရင် နတ်သကြားဖန်ဆင်းတဲ့ ပဒေသာပင် ဖြစ်ဖြစ်ဘယ်လောက်မှ တန်ဖိုးမကြီးဘူး၊ သူ့တစ်သက်ပြီး ပြတ်ရော။

"အဲဒါ ကိုယ် တစ်ကိုယ်တော် တော်နေရုံနဲ့ ကျေနပ် မနေကြနဲ့၊ မျိုးဆက်တွေတိုးလာအောင် စာသင်တိုက်တွေ ကြိုးစားတည်ထောင်ကြ၊ ကိုယ့်ပညာ သူများဆီဖြန့်ထားခဲ့ နိုင်မှ ပညာမျိုးစေ့မခန်းမှာ 'ကိုယ့်ပညာကို ပါရမီမြောက် အောင် လုပ်ထားခဲ့နိုင်မှ ပညာက သေရွာပါတယ်' ဘယ်သူ့မှ သင်မပေးဘဲ ပညာကို သေရွာယူသွားလို့ ရတာမျိုးမဟုတ်ဘူး"

ဆရာတော်ကြီးရဲ့ ဩဝါဒဟာ တပည့်အားလုံး အတွက် ရှေ့ဆက်ပြီး ဘာလုပ်ရမယ်ဆိုတာကို လမ်းညွှန်မီး မောင်းထိုးပြလိုက်သလိုပါပဲ၊ အားလုံးကလဲ ကြည်နူးဝမ်းသာ ဖြစ်ကြလို့ 'သာဓု'သုံးကြိမ် သံပြိုင်ခေါ်ကြတယ်။ ဆရာတော် ကြီးက–

"သာခု"ဆိုတာ ကောင်းပါပြီလို့ ဝန်ခံတာနော်၊ ကိုယ်ဝန်ခံတဲ့အတိုင်းဖြစ်အောင်လုပ်ကြ"ဆိုပြီး စကားလက်စသတ်လိုက်ပါတယ်။

ဆရာတော်ကြီး စကားထဲမှာ "အရိပ်လဲမျှအောင်မပေးနိုင်ဘူး"ဆိုတာ နီတိကျမ်းများရဲ့ အဆိုလို့ထင်ပါတယ်။ အထီး တည်းသစ်ပင်ကြီးများဟာ အဝေးကကြည့်ရင် ခမ်းနားတယ်။ အနီးကပ်သွားတော့ ပင်ခြေမှာ အရိပ်ရှိခဲ့တယ်၊ နံနက်ပိုင်းမှာ အနောက်ဘက်၊ မွန်းတည့်ချိန်မှာ ပင်ခြေအောက်၊ ညနေပိုင်း မှာ အရှေ့အရပ်ဆိုပြီး တစ်ချိန်မှာ အရပ်ဒေသတစ်ခုလောက်သာ အရိပ်ပေးနိုင်တယ်၊ တစ်ချိန်တည်းမှာမျှအောင် မပေးနိုင်ပါဘူး။ တစ်တောလုံး အုပ်ဆိုင်းနေရင် ဘယ်အရပ်ကပဲလာလာ၊ ဘယ်အချိန်မှာဖြစ်ဖြစ် အရိပ်ရစေပါတယ်–တဲ့။

အထူးသဖြင့်တော့ ဆရာတော်ကြီးရဲ့ "ပညာကို သေရှာယူနည်း"ဟာ မှတ်သားလိုက်နာစရာ စကားဝိုင်းရဲ့ အနှစ်သာရပါပဲ။

ပညာကို သေရှာယူတတ်ကြပါစေ။

# ရှင်အတူ သေပကျာ

“ဘယ်သူမဆို အပေါင်းအဖော်နဲ့ နေရတုန်းမှာ အထီးတည်း နေတတ်မှ၊ အထီးတည်း နေရတဲ့အခါ အပေါင်းအဖော်ကောင်းကို ရနိုင်တယ်”

(တောင်မြို့ ညဝါအကျော် တူမောင်းဆရာတော်)

တောင်မြို့လို့ခေါ်တဲ့ အမရပူရမြို့တူမောင်းတိုက်မှာ စာသင်သားအဖြစ် နေကြတုန်းက ည ၁၀ နာရီကျော်လို့ စာပြန်ပြီးချိန် ရောက်ပြီဆိုရင် ငယ်ရွယ်တဲ့ စာသင်သားတွေက စကားဝိုင်းဖွဲ့ပြီး စပ်မိစပ်ရာ ပြောနေလေ့ရှိကြတယ်။ စပြီး ပြောတုန်းက တိုးတိုးတိတ်တိတ် ရှိပေမယ့် ရယ်စရာအကြောင်းစပ်မိရင် သတိလက်လွတ် ရယ်မောဆူညံကြလို့

အေးအေးဆေးဆေး အိပ်စက်နားနေကြတဲ့ စာသင်သားကြီးများအတွက် အနှောင့်အယှက်ဖြစ်ကြရတယ်။ ကြာတော့ ဒီအကြောင်း ဆရာတော်ကြီး နားအထိ ပေါက်ကြားသွားရော။

ဥပုသ်နေ့ညနေ ဩဝါဒပေးတဲ့အခါ ဆရာတော်ကြီးက စာသင်သားဆိုတာ ညမှာအိပ်ရေးပျက်လွန်းရင် နေ့ခင်းစာဝါမှာ ထိုင်းမှိုင်းငိုက်မျဉ်းတတ်ကြောင်း၊ အအိပ်၊ အစား၊ စာတက်၊ စာအံမှန်အောင် ဂရုစိုက်ပြီး ကျန်းမာရေးကော ပညာရေးပါ ပြည့်စုံအောင် သတိထားတတ်ဖို့လိုကြောင်းနဲ့ အစချီပြီး–

၁။ သင်္ဃနိကာရာမ= အပေါင်းအဖော်နဲ့ မွေ့လျော်မှု၊
၂။ ကမ္မာရာမ= ဝါသနာပါရာ အလုပ်တစ်ခုခုနဲ့ မွေ့လျော်မှု၊
၃။ ဘဿာရာမ=အကျိုးမရှိ၊ စပ်မိစပ်ရာ၊ ရောက်တတ်ရာရာ စကားတွေ ပြောဆိုမွေ့လျော်မှု

ဆိုတဲ့ အကျိုးစီးပွားပျက်စေတဲ့ မွေ့လျော်မှု သုံးမျိုးတို့ဟာ ပညာရှာချိန်မှာ ပညာပျက်တယ်၊ တရားရှာချိန်မှာ တရားပျက်တယ်၊ လူဆိုရင်လဲ စီးပွားပျက်တယ်ဆိုတဲ့အကြောင်း အကျယ်တဝင့် ဆုံးမပါတယ်။

ဆက်လက်ပြီး ဆရာတော်ကြီးက "ဘယ်သူမဆို အပေါင်းအဖော်နဲ့ နေရတုန်းမှာ အထီးတည်းနေတတ်မှ၊ အထီးတည်းနေရတဲ့အခါ အပေါင်းအဖော်ကောင်းကို ရနိုင်တယ်"လို့ မိန့်ကြားပါတယ်။

ဆရာတော်ကြီး မိန့်ကြားတာက ပဟေဠိဆန်ဆန် ဖြစ်နေလို့ အားလုံးက ငြိမ်ပြီးနားစွင့်နေကြတော့ သိပ်ပြီး သဘောမပေါက်ကြဘူးဆိုတာ ရိပ်မိတဲ့အတွက် ဆက်လက် မိန့်ကြားပါတယ်။

"အပေါင်းအဖော်နဲ့ နေရတုန်းမှာ အထီးတည်းနေ တတ်ရမယ်ဆိုတာ သူများနဲ့ မခေါ်မပြော တစ်ကိုယ်တည်း နေရမယ်လို့ ဆိုလိုတာမဟုတ်ဘူး၊ စောစောက ပြောခဲ့တဲ့ အကျိုးမဲ့မွေ့လျော်မှုမျိုးကို ရှောင်ရှားပြီး မိမိစိတ်ကို ဟိုဟို ဒီဒီအာရုံတွေဆီ လွင့်မနေအောင် သတိနဲ့ထိန်းသိမ်းရမယ်။ မိမိလုပ်သင့် လုပ်ထိုက်တဲ့အလုပ်အာရုံအပေါ်မှာသာ စူးစိုက် တည်ငြိမ်အောင်ထားပြီးနေရမယ်။ စာအံ၊ စာကြံနေတုန်း ဟိုစကား ဒီစကားပြောတာတွေကို စိတ်မဝင်စားကြရဘူးလို့ ဆိုလိုတာ။

"အပေါင်းအဖော်တွေ စုဝေးမိတဲ့အခါလိုက်နာကျင့် သုံးရမယ့် တာဝန်နှစ်ရပ်ရှိတယ်လို့ မြတ်စွာဘုရားက ပညတ် ချက်ထုတ်ခဲ့တာ ရှိတယ်-

၁။ ဓမ္မီဝါကထာ=တရားနဲ့ပတ်သက်တဲ့ စာပေ ပိဋကတ် သင်ကြားမှုနဲ့ ပို့ချသင်ယူ ဆွေးနွေးမေးမြန်းမှုမျိုးကိုရင်လဲ ပြောဆိုနေရမယ်။

၂။ အရိယောဝါ တုဏှီဘာဝေါ= အရိယာပုဂ္ဂိုလ်တို့လို တရားမှုကိုနှလုံးသွင်းပြီးရင်လဲဆိတ်ဆိတ်နေရမယ်တဲ့။

"အရိယတုဏှိဘာဝ"ဆိုတာ သတိလက်မလွတ်ဘဲ ဆိတ်ဆိတ်နေတာကို ပြောတာ။ ကျားထိုးကစားတာ၊ အိပ်ငိုက်တာ၊ တွေဝေ ငေးငိုင်နေတာတို့လို ဆိတ်ဆိတ်နေနည်းမျိုး မဟုတ်ဘူး။ စိတ်ကို သတိနဲ့ထိန်းပြီး ကိုယ်နှလုံးသွင်းရမယ့် အာရုံပေါ်မှာသာ တည်နေတဲ့ သမ္မာသမာဓိနဲ့ နေရမှာကိုပြောတာ၊ စာသင်သားဆိုရင်လဲ ကိုယ့်စာအပေါ်မှာ နှလုံးသွင်းကြံစည်ပြီး နေရမယ်၊ တရားအားထုတ်ရင်လဲ တရားအာရုံကို နှလုံးသွင်းပြီးနေရမယ်လို့ ဆိုလိုတာပေါ့။

"ခုအခါမှာ တွေ့ကြုံဆုံကြရတဲ့ မိတ်ဆွေသင်္ဂဟတွေဆိုတာ ဘယ်လောက်ပဲ ချစ်ခင်ကြပါတယ်ဆိုနေနေ တစ်သက်လုံး ရှင်အတူ သေမကွာဆိုတာ နေနိုင်ကြရိုး ထုံးစံမရှိဘူး၊ မြတ်စွာဘုရားရှင် ဟောတော်မူခဲ့သလိုပဲ–

"နာနာဘာဝေါဝါ=တစ်ရပ်တစ်ရွာစီ နေကြရပြီး ကွဲကွာခြင်း၊ ဝိနာဘာဝေါဝါ=ကိုယ့်ကံအလျောက် သေချိန်တန်သေပြီးတော့ ကွဲကွာရခြင်းဆိုတဲ့ နေကွဲ၊ သေကွဲ တကွဲကွဲနဲ့ မုချခွဲခွာကြရမှာ။

"ဒီလို ခွဲခွာကြရတဲ့အခါ၊ အပေါင်းအဖေါ်နဲ့မှမွေ့လျော်တတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လိုနေပြီး ဘယ်လိုဖြေကြမလဲ၊ တချို့ဆို မဖြေတတ်၊ မနေတတ်နဲ့ စိတ်ထောင်းကိုယ်ကြေရောဂါတွေ ဖြစ်လိုဖြစ်၊ တချို့လိုက်ပြီး သေလိုသေကြနဲ့ ကြားဖူးကြတယ်မို့လား။

"မြတ်စွာဘုရား အဆုံးအမအတိုင်း အပေါင်းအဖော်နဲ့ နေရတုန်းကတည်းက ကိုယ့်စိတ်က ကိုယ်နှလုံးသွင်းရမယ့် အာရုံအပေါ်မှာသာထားပြီး အထီးတည်း နေတတ်မယ်ဆိုရင် ဗဟိဒ္ဓအပေါင်းအဖော်တွေ နည်းနည်းသွားလေ အတွင်းက အပေါင်းအဖော်ကောင်းက ပိုပြီးအားကောင်း၊ ပိုပြီးခိုင်မြဲလေလေ ဖြစ်လာတာပဲ။ ဒီအပေါင်းအဖော်ကမှ ရှင်တုန်းလဲအတူတူ၊ သေပြီးလဲ မကွာမကွဲ ဆိုသလို နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အထိ ကူညီပေးမယ့် မိတ်ကောင်းဆွေကောင်းအစစ်ဖြစ်တယ်။ ဒီလိုအပေါင်းအဖော်ကောင်းနဲ့ မွေ့လျော်တတ်တဲ့ ပုဂ္ဂိုလ်မျိုးမှ နေကံလဲကောင်း၊ သေကံလဲကောင်းလို့ သံသရာ တစ်လျှောက်လုံးအတွက် အကောင်းဆုံးအဖော်ကို ရတယ်လို့ ဆိုနိုင်တာ" ဆိုတဲ့ အကြောင်းမိန့်ကြားပြီး ညညမှာစာပြန်ပြီး အိပ်ချိန်မှာ စကားမပြောကြဖို့ တားမြစ်လိုက်ပါတယ်။

ဆရာတော်ကြီး စကားကို ကြားနာခဲ့ရစဉ်တုန်းကတော့ မှတ်ထိုက်သားထိုက်တဲ့ အဆုံးအမတစ်ခုလောက်ပဲ သဘော ထားခဲ့မိတယ်။ အခု ကိုယ်တိုင်ဆရာဖြစ်ခဲ့တာ အတော်လေး ကြာလာလို့ "လူငေါက်နဲ့ လူ၊ အတူမနေ" ဆိုသလို တပည့်များက ကိစ္စထူးမရှိဘဲ အနားကပ်လေ့ မရှိတဲ့အတွက် အထီးတည်း နေရချိန်တွေ များများလာတော့မှ ဆရာတော်ကြီး ဆုံးမစကားက " ဒီလိုအခါမျိုးမှာ

တကယ့်ကို အစွမ်းထက် မြက်တဲ့ စိတ်ဓာတ်အားတိုး ဆေးကြီးတစ်ခုပါလား"လို့ သဘော ပေါက်လာရတော့ တယ်။

❖ ကုသိုလ်ကောင်းကျိုး၊ ဆွေမျိုးဥစ္စာ၊ ဘယ်ဟာမကာ၊ အားကိုးရ၊ မှချမိတ်ဆွေစစ်

❖ မိတ်ဆွေစစ်ကို၊ မြဲစေလို၊ မိတ်ဆွေတုကို ဖယ်ရှားပစ်။

❖ မိတ်ဆွေစစ်လျှင်၊ သံသာခွင်၊ သေသေရှင်ရှင် ပေါင်းမည်ဖြစ်။

(ယောဆရာတော်)

❋ ❧ ❋

# ပညတ်နဲ့ ပရမတ်

"ပရမတ်အစစ် မပေါက်ဘဲ၊ ပညတ်ကို ဖျောက်ရင် ခွေးရူးထက် ကြောက်စရာ ကောင်းတယ်"

(နတ်မှီတောရဆရာတော်)

တောင်တွင်းကြီးအပါအဝင် မြေလတ်ပိုင်းမြို့တွေမှာ ငါးရက်တစ်ဈေးခေါ်ကြတယ်။ တခြားနေ့တွေမှာလဲ ဆိုင်ကြီးတွေဖွင့်ထားကြပေမယ့် ဈေးနေ့အဖြစ် သတ်မှတ်ထားတဲ့ ငါးရက်တစ်ဈေးနေ့တွေ ရောက်မှပဲ တောရွာတွေက ရောင်းသူ၊ ဝယ်သူတွေနဲ့ စည်ကားတာ။

နတ်မှီတောရဆိုတာ မြို့နဲ့ တော်တော်လေးလှမ်းတာမို့ ဈေးလွန်တစ်ရက်လို့ခေါ်တဲ့ ဈေးနေ့ပြီး နောက်တစ်ရက်ကို ဥပုသ်သီတင်းဆောက်တည်တဲ့ရက်အဖြစ် သတ်မှတ်ထား ကြတယ်။ ဈေးနေ့မှာ ရောင်းရေး ဝယ်ရေး ကိစ္စတွေပြီးရင် ချက်ပြုတ်စရာဝယ်၊ နောက်နေ့မနက်စောစော

ချက်ပြုတ်ပြီး ဆွမ်းချိုင့်များ ဆွဲသူဆွဲ၊ ဆွမ်းအုပ်ရွက်သူရွက်နဲ့ ကျောင်းတက် ကြတာ။

ဒကာကြီးတစ်ယောက်က ဝက်သားတော်တော်ကြိုက်တယ်။ သူ့ဆွမ်းချိုင့်က အမြဲတမ်းဝက်သားဟင်းချည်းပဲ၊ နတ်မှီတောရဆရာတော်ကြီးက သတ်သတ်လွတ်စားတယ်၊ အိန္ဒိယမှာကတည်းက အသားမစားတဲ့ အကျင့်ပါလာလို့ နောက်လဲ မစားတော့ဘူး။

တစ်နေ့ ဝက်သားကြိုက်တဲ့ဒကာကြီး ကျောင်းတက်အလာမှာ ဆရာတော်ကြီးနဲ့တွေ့တော့ ဆရာတော်ကြီးက..

"ဘာဟင်းတွေများ ချက်လာတုံး ဒကာကြီး"လို့ မေးလိုက်တယ်။

ဒကာကြီးက ဆရာတော်အသားမစားမှန်းသိတော့ ဝက်သားဟင်းပါလို့ လျှောက်ထားဖို့ခက်နေပုံရပါတယ်၊ ပြီးတော့မှ...

"ဆရာတော်ပဲ ဟောထားတာပဲ၊ အားလုံးဟာ ဓာတ်လေးပါးချည်းဆို၊ ခုလဲ ဓာတ်လေးပါးဟင်းပေါ့ ဘုရား" တဲ့။

ဆရာတော်ကြီးက ပြုံးတဲ့ပြီး "အေး...ဈေးထဲမှာတုန်းက ပေါက်ဖော်ကြီးဆိုင်မှာ 'ဓာတ်လေးပါးငါးဆယ်သားလောက် ပေးပါ'လို့ ပြောပြီးဝယ်လာတာဆိုရင်တော့ ဒကာကြီးဟာ ဓာတ်လေးပါးဟင်းပဲပေါ့လေ၊ ဘယ်လိုပြောပြီး

ဝယ်လာတုံး” ဆိုတော့ ဒကာကြီးက ရယ်ကျဲကျဲနဲ့…

“ဆရာတော်ကလဲ ကတ်သီးကတ်သတ် ဘယ် ဒီလိုတော့ ပြောဝယ်လို့ရမလဲ ဘုရား၊ ဝက်သားလို့ ပြောဝယ်ရတာပေါ့”ဆိုတော့ ဆရာတော်ကြီးက…

“ဝက်သားလို့ပြောဝယ်လာရင်တော့ ဝက်သားဟင်းပဲဖြစ်မှာပေါ့ ဒကာကြီးရဲ့၊ ခတ်လေးပါးလို့ ပြောဝယ်မှ ခတ်လေးပါးဟင်းဖြစ်မှာပေါ့”လို့ မိန့်လိုက်ပါတယ်။

နေ့ဆွမ်းစားအပြီး အချိုပွဲဝိုင်းမှာ ရပ်ဝေးကရောက်လာတဲ့ အာဂန္တုဆရာတော်များပါ ဝိုင်းဖွဲ့ပြီး ဒီအကြောင်းစပ်မိကြတော့ …

ဆရာတော်တစ်ပါးက “ဒကာကြီးပြောတာလဲ ဟုတ်သားပဲ၊ နောက်ဆုံးတော့ သက်ရှိကော သက်မဲ့ကော အခြေခံက ခတ်လေးပါးချည်းပဲ မဟုတ်လား”လို့ လျှောက်ထားလိုက်တယ်။

ဆရာတော်ကြီးက အဲဒီဆရာတော်ရဲ့ မျက်နှာကို တစ်ချက်မော့ကြည့်ပြီးမှ…

“ပရမတ်အစစ်မပေါက်ဘဲ ပညတ်ကို ဖျောက်ရင် ခွေးရူးထက် ကြောက်စရာကောင်းတယ်”လို့ ခပ်လေးလေး မိန့်လိုက်ပါတယ်။

“ဘာဖြစ်လို့လဲ ဆရာတော်”ဆိုတော့မှ…

“ဘုရားတို့ ရဟန်းသံဃာတို့နဲ့ လူဝတ်ကြောင်၊ အမိ

အဘနဲ့ တခြားယောက်ျား မိန်းမစတဲ့ သူ့ဂုဏ်သူ့အမည် ပညတ်နဲ့ သီးခြားစီရှိကြတာကို အတူတူခေတ်လေးပါးအခြေခံတွေ ချည်းပဲလို့ ယူကြည့်ပါလား၊ လောကမှာသည့်ထက် ကြောက်စရာကောင်းတဲ့လူ ရှိပါဦးမလား။

"တကယ့်ပရမတ်အစစ်ကိုပေါက်ပြီးသစ္စာလေးပါး ထိုးထွင်းသိပြီးလို့ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမရယ်လို့ မရှိဘူးလို့ သိတာကတစ်မျိုးပါ၊ ဒါက ဝိပဿနာဉာဏ်အမြင်နဲ့ရှုကြည့်တဲ့အခိုက် ပြောတာ၊ လောကထဲမှာ ပြောတာ သိမှတ်တာကျတော့ သူ့ပညတ်နဲ့သူခွဲပြီးတော့ပဲ သုံးရတယ်၊ အားလုံးကို အတူတူလို့သိမှတ်မယ်ဆိုရင် ကိုယ့်မိခင်နဲ့ ကိုယ့်အိမ်သူကို အတူတူပဲလို့ သဘောထားကြည့်ပါလား၊ ခွေးရူးထက် ကြောက်စရာမကောင်းဘူးလား၊ လောကီနယ်မှာ ပညတ်ဟာ သူ့တန်ဖိုးနဲ့သူ၊ သူ့အဆင့်အတန်းနဲ့သူ တန်ဖိုးချင်းဂုဏ်ချင်း ခြားနားတယ်၊ ဒါကို ခြားခြားနားနားပဲ သိမှတ်ရတယ်။ ဝိပဿနာနယ် လောကုတ္တရာနယ်မှာ ကျတော့လဲ ပရမတ်က သူ့တန်ဖိုးနဲ့သူပေါ့"လို့ မိန့်လိုက်ပါတယ်။

**လောကစည်းနဲ့**
**ဓမ္မစည်းမရောထွေးကြဖို့ပါ။**

# နောက်ဆုံးမဟုတ်ပါ

"မကောင်းမှုမှာ ပဋ္ဌာနန္တရိယကံမဟုတ်သေးသမျှ နောက်ဆုံးအခြေအနေမခေါ်နိုင်ဘူး၊ ကောင်းမှုမှာလဲ အရဟတ္တဖိုလ်မပေါက်သေးသမျှ နောက်ဆုံး အခြေအနေမရောက်သေးဘူးလေ"

(ဒေးဒရဲကွင်းကျောင်းဆရာတော်)

ဒေးဒရဲကွင်းကျောင်းတိုက်မှာ ရဟန်းခံရှင်ပြုအလှူပွဲတစ်ခုရှိလို့ ဆရာတော်ကြီးတွေ တော်တော်စုံစုံ ဆုံမိကြတယ်။ အလှူဒါယကာက ပင်လယ်မှာ ငါးပိုက်ချတဲ့ 'စန္နား'လို့ခေါ်တဲ့ ပင်လယ်ငါးဖမ်းလှေကြီးတွေ တည်ထောင်ပြီး အသက်မွေးနေတဲ့ မိသားစုတစ်ခုပါ။

ညဉ့်ဦးပိုင်းစကားဝိုင်းမှာ ဆရာတော်တစ်ပါးက "အခုလို အလျှုဒကာမျိုးကျတော့ သာသနာ့အမွေလို့ ခေါ်တဲ့ မဂ်ဖိုလ်နဲ့ နီးနိုင်ပါ့မလား"လို့ စကားစလိုက်ပါတယ်။

ကွင်းကျောင်းဆရာတော်ကြီးက–"ငါ့ရှင်က ဘာကို ဆိုလိုတာလဲ၊ အကုသိုလ်မကင်းလို့ မဂ်ဖိုလ်မရထိုက်ဖူး ထင်လို့လား၊ မကောင်းမှုမှာ ပဋ္ဌာနန္တရိယကံ မထိုက် သေးသမျှ နောက်ဆုံးအခြေ အနေမခေါ်နိုင်ဘူး၊ ကောင်းမှုမှာ လဲ အရဟတ္တဖိုလ်မပေါက်သေးသမျှ နောက်ဆုံးအခြေအနေ မရောက်သေးဘူးလေ။

"အကုသိုလ်မကင်းလို့ မဂ်ဖိုလ်နဲ့မတန်ဘူးဆိုရင် ဘုရားဖြစ်မယ့်ပုဂ္ဂိုလ်ကော ပေါ်နိုင်ပါ့မလား၊ ဘယ်သူမဆို နရောက ရင့်လာတာ၊ အကုသိုလ်နယ်က ကုသိုလ်နယ်ကူး၊ ရိုးရိုးကုသိုလ်နယ်က ပါရမီကုသိုလ်နယ်ကိုကူး၊ ပါရမီ ကုသိုလ်နယ်ကမှ ဝိပဿနာနယ်ကူးပြီး အရိယာနယ်ထဲ ရောက်ကြရတာပဲ မဟုတ်လား၊ ဒါဟာ သတ္တဝါတိုင်း လျှောက်လှမ်းရမယ့် လမ်းရိုးလမ်းမှန်ပဲ"တဲ့။

ဆရာတော်တစ်ပါးက–"ကွင်းကျောင်း ဆရာတော့် စကားက လူမိုက်တွေ အားတက်စရာပေါ့နော်"လို့ မျက်နှာ ထားမတည့် တတည်နဲ့ ပြောလိုက်တော့ ဆရာတော်ကြီးက–

"အို–ယဉ်ပြီးသားဆင်အတွက် ဆင်ဆရာမလို လှပါဘူး၊ ဆင်ရိုင်းအတွက်မှ ဆင်ဆရာက အရေးကြီးတာ၊

မြတ်စွာဘုရား လက်ထက်က ရဟန္တာမထေရ်မြတ်ကြီးတွေ အားလုံးလိမ္မာရာက ပြောင်းလာကြတာမဟုတ်ဘူး၊ အင်္ဂုလိမာလဆိုတာ လူသိများပြီးသား၊ တခြားတံငါဘဝ၊ မုဆိုးဘဝကနေကျွမ်းတမ်းဝင်ကြတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီး၊ တချို့ဆို မိစ္ဆာဒိဋ္ဌိကြီးတွေဘဝကတောင် ကျွတ်တမ်းဝင်ကြတာ အထင်အရှားပဲ။

"အမှန်ကတော့ လောကီနယ်ထဲမှာ ကောင်းကောင်းဆိုးဆိုး နောက်ဆုံးအခြေအနေဆိုတာ မရှိဘူး၊ သံသရာတစ်ဖက်ကမ်းရောက်မှ သံသရာခရီးကဆုံးတာ၊ တကယ့်နောက်ဆုံးအခြေအနေ နောက်ဆုံးအဆင့်ဆိုတာ ရဟန္တာပုဂ္ဂိုလ်များကိုသာ ဆိုနိုင်တာ။

"ဒီနေရာမှာ အဇာတသတ်ဟာ အတော်ချီးကျူးလောက်တဲ့ပုဂ္ဂိုလ်ပဲ ပဉ္စာနန္တရိယကံကြီးထိုက်ပြီးလို့ မဂ်တားဖိုလ်တား ဖြစ်နေပေမယ့် မလျှော့ဘူး၊ သူများသာဆို 'ဒီအခြေအနေရောက်မှ မထူးပါဘူး'ဆိုပြီး ဆက်မိုက်ချင်မိုက်နေမှာ၊ အဇာတသတ်က ဒီလိုမဟုတ်ဘူး၊ မှားမှန်းသိကတည်းက အမှန်နဲ့တတ်နိုင်သမျှ ကြိုးစားပြီး အစားထိုးတာပဲ။ သာသနာ့ကျေးဇူးသိလာတော့ သာသာနာကိုကြည်ညိုလိုက်တာ၊ ပုထုဇဉ်ထဲမှာတော့ သူ့သဒ္ဓါတရားကို မီတဲ့ လူတောင်မရှိဘူးတဲ့၊ ပထမသင်္ဂါယနာတင် သာသနာ့ဒါယကာ အဖြစ်တောင် ခံယူလိုက်သေး။ ဒါကြောင့်လဲ သူ့မှာ

အကျိုးကျေးဇူး အများကြီးရလိုက်တယ်၊ သူကျူးလွန်ခဲ့တဲ့ ကံကြွေးပေးဆပ်ပြီးရင် နောက်တစ်ချိန်မှာ 'ဝိဇိတာဝီ' အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓအဖြစ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလိမ့်မယ်လို့ နာမည်အတိအကျ တပ်ပြီးတော့ကို ဘုရားရှင် မိန့်ကြားခဲ့တယ် မဟုတ်လား။

"အဇာတသတ်လို ပုဂ္ဂိုလ်ကတောင် သူ့ကိုယ်သူ နောက်ဆုံးအခြေအနေလို့ မသတ်မှတ်ရင် ခုအလှူဒကာလို ပုဂ္ဂိုလ်ကို ဘာလို့ဒီလိုသတ်မှတ်သင့်မလဲ။"

ဆရာတော်ကြီး စကားလက်စသတ်လိုက်တော့ တခြား ဆရာတော်ကြီးများကလဲ လောကယုတ္တိ၊ ဓမ္မယုတ္တိ တွေနဲ့ သာဓက ပြပြီးဖြည့်စွက်ပြောဆိုကြတယ်။ မထေရ်မြတ်တို့ရဲ့ စကားကို အနှစ်ချုပ်လိုက်တော့–အပြစ်ရှိသူဟာ အပြစ်ကို အပြစ်လို့ရှုမြင်ပြီး ကောင်းမှုနဲ့အစားထိုး ကုစားမယ်၊ နောင် မကျူးလွန်တော့ပါဘူးလို့လဲ ယတိပြတ်ဆုံးဖြတ် ချက်ချ လိုက်မယ်ဆိုရင် အရိယာတို့ရဲ့ အဆုံးအမအရ တိုးတက်ဖို့သာရှိတယ် ဆုတ်ယုတ်ဖို့ မရှိဘူးလို့ နားလည်ရပါတယ်။

မကောင်းမှုပြုမိပြီး "တစ်တက်စားလဲ ကြက်သွန်ဖြူ၊ နှစ်တက်စားလဲ ကြက်သွန်ဖြူ"လို့ ဆင်ခြေပေးရင်း အမိုက်သံသရာထဲက မထွက်နိုင်ကြသူတွေအတွက် ဘုရားရှင် အလိုကျ မထေရ်ကြီး များ ညွှန်ပြပေးတဲ့ ထွက်ရပ်လမ်းပါပဲ။

## ကြွက်ချေးထဲ ဆွမ်းဆန်မရောစေချင်လို့

"ကိုယ့်ကိုယ်ကို ဆွမ်းဆန်ထဲရောမယ့် ကြွက်ချေလား၊ ကြွက်ချေးနဲ့ရောနေတဲ့ ဆွမ်းဆန်လားဆိုတာ အကဲခတ်ကြပါ၊ ခုလို ပြောရတာ ကြွက်ချေးထဲ ဆွမ်းဆန်ကသွား မရော စေချင်လို့"

(ပင်းအရှေ့လက် ဂိုဏ်းအုပ်ဆရာတော်ကြီး)

မိမိဇာတိမှာ ကံကြီးဆောင်ခေါ်တဲ့ ရဟန်းခံအလှူပွဲ ဖြစ်လို့ ဆရာတော်ကြီးများကိုယ်တိုင် ကြွရောက်ချီးမြှင့် တော်မူကြတယ်၊ ဂိုဏ်းအုပ်ဆရာတော်ကြီးလဲပါတယ်။

ညဉ့်ဦးပိုင်းမှာ ခရီးပန်းလာကြလို့ ခပ်စောစော ကျိန်းစက်တော်မူကြပြီး နံနက်မှာလဲ ခပ်စောစောပဲ နိုးကြ တယ်။ မျက်နှာသစ်၊ ဘုရားဝတ်ပြုကြပြီး၊ အရုဏ်မတက်ခင် ဝိုင်းဖွဲ့ စကားပြောနေပြီ၊ အရုဏ်တက်တော့ ရေနွေးကြမ်းနဲ့

ခဲဖွယ်များဆက်ကပ်ကြတယ်။ ရေနွေးဝိုင်းထိုင်မိကြတော့ စကားဝိုင်းကလဲ ပိုစည်လာသလိုပဲ၊ အဂ္ဂိရတ်ဝါသနာပါတဲ့ ဘုန်းကြီးတစ်ပါးက သံသေတစ်ပြည်ဝတို့၊ သွပ်သေတစ်ပဲ ရွှေတစ်လှည်းတို့ကစပြီး မြေလျှိုးမိုးပျံတွေရော ရှင်အဇ္ဈဂေါဏ တို့ကော စုံလို့ပါပဲ။ ပြောပုံက သူကိုယ်တိုင်ပဲ ဖြစ်လာ ပြီလိုလို၊ ဖြစ်ခါနီးပြီလိုလိုနဲ့ အပြောကလဲကောင်းတော့ တခြား ဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေကလဲမေးကြ ရေးကြနဲ့ အတော်ဝိုင်း စည် နေပါတယ်။

တော်တော်လေးကြာတော့ ဂိုဏ်းအုပ် ဆရာတော် ကြီးက မိမိသီးသန့်ဘုဉ်းပေးနေတဲ့ဝိုင်းကနေ ပြောင်းရွှေ့လာ ပြီး အဂ္ဂိရတ် ဝိုင်းမှာ ဝင်ထိုင်လိုက်တယ်။ တခြားဝိုင်းတွေက သံဃာတော်တွေလဲ ဆရာတော်ကြီးနေရာ ပြောင်းထိုင်တာ ဘာများမိန့်ကြားမလဲ ဆိုပြီးပြောလက်စ စကားရပ်သွား ကြတယ်။ ဆရာတော်ကြီးက "အဂ္ဂိရတ်ဆရာကို ပေါဋ္ဌပါဒ သုတ်မှာ မြတ်စွာဘုရားပေးတဲ့ ဥပမာနဲ့ပဲပေးပြီး မေးရဦးမယ်၊ 'လှေကားကြီးကတော့ ကြီးကျယ်ခမ်းနားပါတယ်၊ ထောင် တက်ရမယ့် အဆောက်အအုံက ဘယ်မှာတုံး'ဆို' သလိုပဲ ပြောလိုက်တဲ့နည်းလမ်းတွေကတော့ မစားရ ဝခမန်းပဲ၊ ကဲ လက်တွေ့က ဘယ်မှာဘယ်သူဖြစ်တုံး။ ကိုယ်တိုင်ကော ဘာတွေဖြစ်နေပြီး ဘယ်အဆင့်ရောက်ပြီတုံး ဆိုတာ ပြောပြပါဦး" ဆိုတော့–

အမေးခံရတဲ့ ဘုန်းကြီး ကြောင်အမ်းအမ်း ဖြစ်သွားတယ်။ ပြီးမှ ဘာပစ္စည်းက အစစ်အမှန်မရလို့ဆိုသလိုလိုနဲ့ ယောင်ဝါးဝါးလျှောက်ပြောနေသေးတယ်။

ဆရာတော်ကြီးက–"မြတ်စွာဘုရားရဲ့ လောကုတ္တရာဝိဇ္ဇာလမ်းစဉ်ဟာ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေရဲ့ လက်တွေ့လမ်းစဉ်ပါ၊ သာသနာဝင် အဆက်ဆက် ကြိုးစားရင် ကြိုးစားသလောက် ခရီးလဲပေါက်ကြပါတယ်။ အနည်းဆုံး မေတ္တာဘာဝနာလောက်၊ ဗုဒ္ဓါနုဿတိဂုဏ်တော်လောက်ပွားနေနိုင်ရင်ကို ဘယ်လောက်အကျိုးများမလဲ၊ သာသနာတော်မှာ ကိုယ့်အတွက် လုပ်စရာ ကျင့်စရာတွေ မြတ်စွာဘုရားက အပြည့်အစုံဟောထားပြီးသား၊ ဒါတွေကို ဘေးချိတ်ပြီး လောကီနည်းတွေ ဟိုဟာကောင်းနိုးနိုး၊ ဒီဟာကောင်းနိုးနိုးနဲ့ လိုက်ယောင်မနေပါနဲ့၊ ဒီကိစ္စတွေဟာ သာသနာ့တာဝန်ကို အနှောင့်အယှက်ဖြစ်တာချည်းပဲ၊ သာသနာတော်ကို အနှောင့်အယှက်ဖြစ်တဲ့ အလုပ်မှန်သမျှ၊ လောကီကျိုးတွေ ဘာတွေဖြစ်နေနေ၊ ရွှေဖြစ်ဖြစ် စိန်ဖြစ်ဖြစ် ဘာလုပ်မှာလဲ၊ သင်္ချိုင်းကုန်းဟိုဘက်အထိ ပါမယ့်ပစ္စည်း မဟုတ်ရင် အလကားချည်းပဲ၊ ဆွမ်းဆန်ထဲလာရောတဲ့ ကြွက်ချေးတွေပါ။

"ကိုယ့်ကိုယ်ကို ဆွမ်းဆန်ထဲရောမယ့် ကြွက်ချေးလား၊ ကြွက်ချေးနဲ့ရောနေတဲ့ ဆွမ်းဆန်လားဆိုတာ အကဲခတ်ကြပါ၊ ကိုယ်ကဆွမ်းဆန်ဖြစ်ရက်နဲ့ ဘာဖြစ်လို့

ကြွက်ချေးထဲသွားရော ချင်ကြတုံး၊ ခုလိုပြောရတာ ကြွက်ချေး ထဲဆွမ်းဆန်က သွားမရော စေချင်လို့"

ဆရာတော်ကြီးက ဥပမိရုပ်နဲ့လိုက်ရောအောင် အသံ ဩဇာကလဲ ကောင်းကောင်းနဲ့ ပြောလိုက်တော့ အဂ္ဂိရတ် ရဟန်းလဲ ဘာမှမပြောတတ်တော့ဘူး၊ သူ့မှာလဲ နည်းတွေ သာရနေတာ ဘာမှလက်တွေ့ကလဲ ပြစရာရှိဟန် မတူပါ ဘူး။

"မှန်ပါဘုရား၊ မှန်ပါဘုရား" ဆိုပြီး ပါးစပ်ပိတ် သွားပါ တယ်။

ယူမရ ကျုံးမရတဲ့ ကိစ္စတွေကို ယူလို့ကျုံးလို့ရနိုးနိုး လျှောက်လိုက်ရင်းက ကိုယ်တကယ်ယူရကျုံးရမယ့် ကိစ္စတွေ လက်လွှတ်ပြီး 'ယူကျုံးမရ ဖြစ်ကြမှာစိုးလို့ ဆရာတော်ကြီးရဲ့ မေတ္တာကရုဏာအပြည့်ပါတဲ့ ဆုံးမစကားပါ။

**အချိန်မီ ယူနိုင် ကျုံးနိုင်ကြပါစေ။**

# အဆိပ်ပုလင်းနဲ့ နို့ပုလင်း

"ဖြူစင်တဲ့ ဖန်ပုလင်းလွတ် တစ်ခုထဲကို အဆိပ် ထည့်လိုက်ရင် အဆိပ်ပုလင်း ဖြစ်သွားတယ်၊ အဆိပ်ကို သွန်ထုတ်ပြီး နို့ထည့်လိုက်ရင်တော့ နို့ပုလင်းဖြစ်သွားသလိုပဲ..."

(ဒေးဒရဲကွင်းကျောင်းဆရာတော်)

ဒေးဒရဲမြို့က ကွင်းကျောင်းဆရာတော်ရဲ့ ဘွဲ့တော်က 'ဘဒ္ဒန္တဥဇ္ဇောတိက'တဲ့၊ ဟင်္သာတဇာတိသားဖြစ်လို့ ငယ်စဉ်က ဟင်္သာတလယ်တီကျောင်းတိုက်မှာ နိုင်ငံတော်သံဃမဟာနာယက ဒုဥက္ကဋ္ဌ(ဟောင်း) ဆရာတော် ဘဒ္ဒန္တခမာဝုဓတို့နဲ့ ဆရာတူတပည့်ဖြစ်ခဲ့တယ်။ ရဟန်း ခြောက်ဝါလောက်အရမှာ ပခုက္ကူအလယ်တိုက်ကြီးကို သွားရောက်

ပညာသင်ခဲ့တာ နိကာယ်ငါးကျမ်းလုံး ဆိုဝါအဖြစ်နဲ့ ပေါက်ခဲ့ရုံမကဘူး စာချဘုန်းကြီး အဖြစ်နဲ့လဲ ပို့ချခဲ့ဖူးတယ်။

ပခုက္ကူမှာ ဝမ်းရောဂါဖြစ်တဲ့ နှစ်ရောက်တော့ ရန်ကုန် ပြန်ကြွပြီး အရှင်အာဒိစ္စဝံသလူထွက် ဆရာကြီး ဦးအောင်မြတ် ထွင့်ထံမှာ နိကာယ်ငါးကျမ်းလုံး တစ်ခေါက် ပေါက်အောင် အဋ္ဌကထာ ဋီကာပါတွဲပြီးဆိုခဲ့လို့ ပိဋကတ် စာပေအရာမှာ ကျွမ်းကျင်နှံ့စပ်တဲ့ ဆရာတော်တစ်ပါး ဖြစ်ပါတယ်။

ဆရာတော်သီတင်းသုံးတဲ့ ဒေးဒရဲကွင်းကျောင်းတိုက် မှာ ရိပ်သာမွှာရုံကြီးတစ်ခု ဆောက်လုပ်ထားပြီး သင်္ကြန် မတိုင်မီကစလို့ နှစ်ဆန်းတစ်ရက်နေ့အထိ နှစ်စဉ် (၁၀) ရက် တရားစခန်း ဖွင့်ပါတယ်။ တရားစခန်းရက်အတွင်းမှာ တချို့က ဒုလ္လဘရဟန်းတက်ပြီး တရားစခန်းဝင် ကြပါ တယ်။

ဒီလို တရားစခန်းဝင်မယ့် ဒုလ္လဘရဟန်းခံပွဲတစ်ခုမှာ ဆရာတော်နဲ့ အတော်ရင်းနှီးတဲ့ မရမ်းကျောင်း ဆရာတော်ကြီး အပါအဝင် အာဂန္တုဆရာတော်ကြီးတွေလဲ ကြွရောက် ချီးမြှောက်ပါတယ်။

ဒုလ္လဘရဟန်းများ သိမ်ကဆင်းပြီးလို့ ဆရာတော် ကြီးတွေ ကျောင်းပေါ်မှာ ရေနွေးကြမ်းဝိုင်းထိုင်မိကြတဲ့အခါ မရမ်းဆရာတော်ကြီးက "ကွင်းကျောင်းဆရာတော့် ဒုလ္လဘ

တွေက တရား ဝင်ကြမှာပေါ့လေ”လို့ မေးပါတယ်။ ကွင်းကျောင်းဆရာတော်က “ဟုတ်တယ်လေ၊ ဘာဖြစ်လို့တုံး”လို့ ပြန်မေးတော့ “အင်း ဆေးဆိုးမယ့်အဝတ်က ဂျီး(ချေး) လက်လေးသစ်ဆိုသလိုလဲ ဖြစ်နေဦးမယ်၊ ဆရာတော့် ယောဂီဒုလ္လဘတွေက တကယ့်ဆယ့် နှစ်ကြိုး သမားတွေပဲ၊ အစုံလုပ်ခဲ့ကြသူတွေ”လို့ ပြန်ပြောပါတယ်။ ကွင်းကျောင်း ဆရာတော်က–

“အဲဒါ ဘာဖြစ်လဲ မရမ်းဆရာတော်ရဲ့၊ ဟို... ဥပရိပဏ္ဏာသအဋ္ဌကထာ အာဠဝကသုတ်အဖွင့်မှာ အဋ္ဌကထာ ဆရာပြောထားတဲ့ ဥပမာတစ်ခုရှိတယ်လေ၊ ဖန်ပုလင်းအလွတ်တစ်ခုထဲကို အဆိပ်ထည့်လိုက်ရင် အဆိပ်ပုလင်းဖြစ်သွားတယ်၊ အဆိပ်ကို သွန်ထုတ်ပြီး နို့တွေထည့်လိုက်ရင် နို့ပုလင်းဖြစ်သွားသလိုပဲ၊ ဒီခန္ဓာကိုယ်ကြီးဟာ အကုသိုလ်တွေလုပ်နေရင် အကုသိုလ်ခန္ဓာကိုယ်ပေါ့။ အကုသိုလ်အလုပ်တွေ ပယ်စွန့်ပြီး ကုသိုလ်တွေ လုပ်တော့လဲ ကုသိုလ်ခန္ဓာကိုယ်ကြီး ဖြစ်သွားတာပေါ့။ အနိမ့်ဆုံး အရိယာပုဂ္ဂိုလ်ကစပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့အထိ ဘယ်ပုဂ္ဂိုလ်မဆို မည်းရာကဖြူ၊ ဆိုးရာက ကောင်း၊ ညံ့ရာကတော်၊ နစ်ရာက ပေါ်၊ နုရာက ရင့်ပြီးမှ အမြင့်ဆုံး အဆင့်ကို ရောက်ခဲ့ကြတာချည်း မဟုတ်ဘူးလား။

"ဒီနေရာမှာ ဆရာကြီး(ဦးအောင်မြတ်ထွန်း) အဓိပ္ပါယ်ဖွင့် ပြသွားဖူးတယ်၊ အဆိပ်ပုလင်းဖြစ်နေရင် ပိုင်ဆိုင်သူပဲစားစား၊ သူများခွဲပေးလို့သူများကပဲယူစားစား စားတဲ့သူသေမှာပဲ။ နို့ပုလင်း ဖြစ်သွားတဲ့အခါကျတော့ ပိုင်ဆိုင်သူပဲစားစား၊ ဘေးလူကိုပေးလို့ ဘေးလူကပဲယူစားစား စားတဲ့လူအာဟာရဖြစ်တယ်။

"ခန္ဓာကိုယ်ကြီးကလဲ အကုသိုလ်တွေလုပ်နေရင် ကိုယ့် အတွက်လဲ အပါယ်မျိုးစေ့တွေ တိုးနေမယ်၊ သူတစ်ပါးက အတုယူပြီး လိုက်လုပ်ရင် သူတစ်ပါးလဲ အပါယ်မျိုးစေ့ တိုးမှာပဲ၊ အကုသိုလ်တွေစွန့်ပြီး ကုသိုလ်ခန္ဓာကိုယ်ကြီး ဖြစ်အောင် လုပ်လိုက်တော့ ကိုယ်လဲ အပါယ်နဲ့ဝေးပြီး ချမ်းသာမျိုးစေ့တိုးလာမယ်၊ သူများတွေကို အမျှဝေပေးလို့ သာဓုခေါ်ပြီး ခွဲဝေယူကြရင် အဲဒီ ယူသူတွေ အတွက်လဲ ချမ်းသာမျိုးစေ့တိုးတာပဲ"တဲ့။ "ခုလဲ မရမ်း ဆရာတော်က သာဓုခေါ်ပြီး ခွဲဝေမယူချင်လို့လား" လို့ ပြောရင်းကနေ တစ်ဆက်တည်းမေးလိုက်တော့ မရမ်း ဆရာတော် ဘာမှမပြောသာတော့ဘူး။ အင်း...ဆိုပြီး စကားရပ်သွား တယ်။

ဘယ်လောက်ပဲ ဆွေးနေကောက်နေတဲ့ သစ် သားဖြစ်ပါစေ၊ ကျွမ်းကျင်တဲ့ ပန်းပုဆရာနဲ့တွေ့ရင် လက်ရာမြောက်တဲ့ ပန်းပုရုပ် တစ်ခုတော့ ဖြစ်လာ

နိုင်ပါတယ်။ ထင်းခွေသမားနဲ့ တွေ့ရင်တော့လဲ ပြာကျပြီး နိဂုံးချုပ်ရမှာပေါ့။

လူဆိုတာ ခြောက်ပြစ်ကင်း သဲလဲစင်ဆိုတာ အတော်ရှားပါတယ်။ ဆင်းနေသူကို တက်လာအောင်၊ ငုပ်နေသူကို ပေါ်လာအောင်၊ မည်းနေသူကို ဖြူလာအောင်၊ နသူကို ရင့်ကျက်လာအောင် ဆုံးမသွန်သင်တတ်တဲ့ ဆရာသမားကောင်း(ကလျာဏမိတ္တ)နဲ့ တွေ့ဖို့ပဲ လိုပါတယ်။ ကလျာဏမိတ္တဆိုတာ သူတော်ကောင်းတရား တိုးပွားရေးအတွက် ရာနှုန်းပြည့် အစွမ်းရှိတယ်လို့ မြတ်စွာဘုရားကလဲ ဟောကြားထားတာပဲ။

ဆင်းနေသူကို ဘီးတပ်၊ ငုပ်သူကို ဖိ၊ မည်းညစ်သူကို ဆီချေးသုတ်၊ နစ်သူကို မြှုပ်၊ နသူကို ပိန်အောင်လုပ်တတ်တဲ့ ပတ်ဝန်းကျင်ဆိုးနဲ့တွေ့ရင်တော့လဲ နဂိုကွဲကို ခဲနဲ့ထုလိုက်သလို ဖြစ်သွားမှာပေါ့။

သစ်သားချောင်းတိုင်း

ပန်းပုဆရာကောင်းနဲ့ တွေ့စေသော်...။

✳ ❦ ✳

# ဘုန်းကြီးလို့ သက်ရှည်

ကိလေသာနဲ့ ဘုန်းကံဆိုတာ ချိန်ခွင်တစ်ဖက်စီမှာ ထည့်ထားတဲ့ အလေးတွေလိုပဲ၊ ကိလေသာဘက်ကလျော့လာသလောက် ဘုန်းကံဘက်က တက်လာတာမျိုးပါ။

(မင်းကွန်းတိပိဋကဆရာတော်)

၁၃၄၉ ခုနှစ်၊ ကဆုန်လလောက်မှာ မိမိကတောင်ကြီး သိမ်တောင်တိုက်မှာ ပဋ္ဌာန်းစာဝါပို့ချနေတုန်း ဆရာတော်က နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်မှာ ရှမ်းပြည်နယ်က လှူဒါန်းမယ့် ကျောင်းဆောင်အတွက် နဝကမ္မ လှူဒါန်းပွဲမှာ ရေစက်ချ တရားဟောဖို့နဲ့ သိမ်တောင်ကျောင်းတိုက်က သာမဏေ ကျော် ကိုရင်တစ်ပါးရဲ့ ပဉ္စင်းခံပွဲ ချီးမြှောက်ဖို့ ကြွလာတဲ့အခါမှာ ဆရာတော်ကြီးမရောက်မီ

ညောင်ရွှေကို ရောက်ပြီး နောက်တစ်နေ့မှာပဲ မိမိသွားရောက်ပြီး ဝတ်ပြုကန်တော့ခဲ့ပါတယ်။

ဆရာတော်နဲ့အတူ မထေရ်ကြီးသုံးပါးလောက် ရေနွေးကြမ်းဝိုင်းမှာ အာလာပ သလ္လာပပြောဆိုနေတုန်း မိမိက ဝတ်ချ ကန်တော့လိုက်တော့ ဆရာတော်က ရင်းရင်းနှီးနှီးပဲ အသိအမှတ်ပြုနှုတ်ဆက်ပြီး ရေနွေးကြမ်းဝိုင်း ဝင်ထိုင်ဖို့ ဖိတ်ခေါ်ပါတယ်။ မိမိကလဲ ဆရာတော်မိန့်ကြားမယ့် စကားကို မှတ်သားနာယူလိုတဲ့ အတွက် ဆရာတော်ညွှန်ပြတဲ့ နေရာမှာ ဝင်ထိုင်ရင်း ရေနွေးကြမ်းငှဲ့ပေးနေတုန်း ဆရာတော်က "အခု ဘာတွေလုပ်နေတုံး၊ တူမောင်းမှာပဲလား"လို့ မေးပါတယ်။ မိမိက "အမြဲနေတာကတော့ တူမောင်းတိုက် မှာပဲဖြစ်ပြီး ခုနွေရာသီမှာတော့ တောင်ကြီးသိမ်တောင်တိုက်မှာ ပဋ္ဌာန်းစာဝါပို့ချရင်း နွေလာခိုပါတယ်ဘုရား"လို့ ပြန်ကြားလျှောက်ထားတဲ့အခါ ဆရာတော်က "အေး...အေး.. သာသနာ တော်မှာ လုပ်စရာတွေအများကြီးရှိသေးတယ်၊ ခန္ဓာ ကိုယ်ကို ချွေတာပြီးသုံးဖို့ မမေ့နဲ့"တဲ့၊ ပြီးတော့မှ "အသက် ဉာဏ်စောင့်၊ ဥစ္စာကံစောင့်လို့ဆိုတဲ့ အထဲမှာ ရဟန်းဆိုတာ ဥစ္စာကိုကံနဲ့စောင့်ဖို့ အထူးမလိုတော့ဘူး၊ အသက်ကို ဉာဏ်နဲ့စောင့်တတ်ဖို့သာ အရေးကြီးတယ်၊ အသက်ကို ဉာဏ်နဲ့စောင့်ပြီး သာသနာ့တာဝန်ကို စွမ်းနိုင်သမျှ ထမ်းဆောင်နေရင် ကံကအမြဲကောင်းနေ

ပြီးသားဖြစ်လို့ ပစ္စည်းလေးပါးအတွက်လဲ ဘာမှကြောင့်ကြ စိုက်စရာ မလိုတော့ဘူး" ဆိုတဲ့အကြောင်းမိန့်ကြားပါတယ်။

ဆရာတော်စကားဆုံးတော့ တစ်ဝိုင်းတည်းထိုင် နေတဲ့ ဆရာတော်တစ်ပါးက "ဆရာတော်...ဆရာတော်တို့လို တိပိဋကဆရာတော်တွေအဖို့သာ ဘုန်းကံကြီးလို့ ပစ္စည်း လေးပါးအတွက် ကြောင့်ကြစိုက်စရာမလိုတာဖြစ်မယ်၊ တချို့ဘုန်းကံနည်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ ပစ္စည်းလေးပါး အတွက် ကြောင့်ကြစိုက်ရတာလဲ ရှိတယ်ဘုရား"လို့ လျှောက်ထားလိုက်တော့ ဆရာတော်က-

"ဒီလိုလဲ ပြောလို့မရဘူးဘုရား၊ ဘုန်းကံကြီးမားတယ် ဆိုတာ တိပိဋကဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကြောင့် လို့ချည်း ပြောလို့မရဘူး၊ တပည့်တော် တိပိဋကရေ ဖြစ်ပြီးတော့ တပည့်တော်ရဲ့ သာသနာ့ဖခင်ကြီး ဆာဦးသွင်က "ဦးဇင်း၊ ခုဆိုဦးဇင်းမှာ တိပိဋကဘွဲ့လဲရပြီးပြီ၊ ဒီဘွဲ့ကို ရအောင်အား ထုတ်ခဲ့ပြီဆိုကတည်းက ဦးဇင်းမှာ မောဟနည်းတယ်ဆိုတာ ထင်ရှားတယ်၊ လောဘသက္ကာယနည်းတယ် ဆိုတာလဲ တပည့်တော်သိပြီးသား၊ ဦးဇင်းမှာ ပြင်စရာဆိုလို့ ဒေါသကို ထိန်းနိုင်ဖို့ပဲ'လို့ သတိပေးလျှောက်ထားတယ်။ တပည့်တော် က ကိုယ့်ရဲ့သာသနာ့ဖခင်လဲဖြစ် တပည့်တော် အကျိုးကို အလွန်လိုလားတဲ့ သုဟဒမိတ္တလဲဖြစ်တဲ့ ဒကာကြီးစကားကို အလေးအနက်ထားခံယူပြီး ပြုပြင်ခဲ့တယ်။ ဒကာကြီး

ပြောတာ အလွန်မှန်တယ်ဘုရား၊ ကိလေသာနဲ့ ဘုန်းကံဆိုတာ ချိန်ခွင်တစ်ဖက်စီမှာထည့်ထားတဲ့ အလေးတွေလိုပဲ၊ တစ်ဖက်ကလျော့လာသလောက် တစ်ဖက်က တက်လာတာ၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အခြေခံကိလေသာ သုံးမျိုးထဲက တစ်မျိုးတစ်မျိုး လျော့သွားတိုင်း ဘုန်းကံကလဲ တစ်ဆ တစ်ဆ တိုးတက်လာတာပဲ၊ ကိလေသာဘက်က လျော့လာသလောက် ဘုန်းကံဘက်က တက်လာတာမျိုးပါ" လို့ ပြန်လည်မိန့်ကြားပါတယ်။

ဆရာတော်ကြီးစကားကို အလေးထားပြီး လေးစားလိုက်နာဖို့ဆိုတာကတော့ အထူးပြောစရာ မလိုပါဘူး။ ပြောတဲ့ပုဂ္ဂိုလရဲ့ ဂုဏ်နဲ့လိုက်အောင် အဖိုးတန်လှတဲ့စကားပါ။ နည်းနည်းချဲ့ထွင်ပြီး စဉ်းစားကြည့်လိုက်ရင်တော့ ရဟန်းဖြစ်စေ၊ လူဖြစ်စေ တိုးတက်ကြီးပွားဖို့နဲ့ ဘုန်းကြီးပြီး သက်ရှည်ဖို့အတွက် ကိုယ့်ဘက်ကပြည့်စုံရမှာကတော့ ထကြွလုံ့လရှိဖို့နဲ့ ဗြဟ္မစိုရ်စိတ် ကိန်းအောင်းဖို့ လိုအပ်တယ်လို့ သဘောရပါတယ်။

မောဟကိလေသာလျော့ရင် ထကြွလုံ့လရှိလာမယ်။ ဒေါသ ကိလေသာလျော့လိုက်ရင် မေတ္တာ ကရုဏာ ဗြဟ္မစိုရ် စိတ် တိုးပွားလာမယ်၊ လောဘကိလေသာ လျော့လိုက်ရင် ကိုယ့်အကျိုးကိုယ်သာ

ကြည့်တတ်တဲ့ စိတ်ထားတွေ နည်းပါးသွားလို့ သူ့ တစ်ပါးကြီးပွား တိုးတက်တာကို ဝမ်းမြောက်တတ်တဲ့ မုဒိတာ ဗြဟ္မစိုရ်နဲ့ သူတစ်ပါးအပြစ်နဲ့ ကိုယ့် (အတွက်သာဖြစ်တဲ့) အကျိုးတို့ကို လျစ်လျူရှုတတ်တဲ့ ဥပေက္ခာ ဗြဟ္မစိုရ်စိတ်များလဲ တိုးပွားလာနိုင်တာ ဖြစ်လို့ ဘုန်းကြီးလို့ သက်ရှည်ကြောင်း အထောက် အပံ့ကောင်းတွေ ပြည့်စုံလာမယ်လို့ သဘောကျ နှစ်ခြိုက်မိပါတယ်။

ရဟန်းရှင်လူအားလုံး ဘုန်းကြီးလို့သက်ရှည်အောင် နှလုံးထားနိုင်ကြပါစေ။

# အဝါလမ်းက လမ်းမှန်

"အဝါလမ်း၊ အဖြူလမ်းမှာ အဝါလမ်း
ကမှ လမ်းမှန်ဆိုတာ မကြားဖူးဘူးလား၊
အဲဒါ အမှန်ပဲ ကိုယ်တော်လေးရဲ့ မှတ်ထား"
(ဝမ်းတွင်း၊ ကိုင်းရှာ ဆရာတော်ကြီး)

ဝမ်းတွင်းမြို့နယ်၊ ကိုင်းရှာဆရာတော်ဘုရားကြီးရဲ့ သက်တော် ၉၂ နှစ်မြောက် ဝိဇာတမင်္ဂလာပွဲမှာ ရပ်ဝေးရပ်နီးက သံဃာတော်တွေ တော်တော်စုံလင်ကြတယ်။ ပတ်ဝန်းကျင် သံဃာကကော ရပ်ဝေးရပ်နီးတပည့်တွေကပါ ဆရာတော်ကြီးကို လေးစားကြည်ညိုကြတဲ့ အကြောင်းထဲမှာ ဆရာတော်ကြီးရဲ့ အမြဲတမ်းရိုးသားပြီး ဟောဟော ဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်တာလဲ တစ်ကြောင်း ပါပါတယ်။

သက်တော်ကြီးပေမယ့် ချော်လဲလို့ ဒူးတစ်ဖက်နာပြီး တွန်းလှည်းနဲ့သွားနေရတာကလွဲလို့ အသံသြဇာအပြည့်နဲ့ ဟော နိုင်ပြောနိုင်တုန်းပါ၊ ဆုံးမစရာရှိရင် ပုံတိုပတ်စနဲ့ ရယ်ရယ်မောမော ပြောလေ့ရှိတာမို့ အဆုံးမခံရသူတိုင်းက ရယ်ရင်းမောရင်း ကျေနပ်လက်ခံရတဲ့ ဆရာတော်ကြီးပါပဲ။

ဆရာတော်ကြီးက အင်္ဂလိပ်ပညာလဲ လေ့လာခဲ့ဖူးသတဲ့။ အင်္ဂလိပ်နဲ့ပတ်သက်တဲ့ စာတိုစာရှည်ပုံတိုပတ်စလဲ အတော်ပြော တတ်တယ်။

မွေးနေ့ပွဲမှာ သံဃာတော်တွေနဲ့ ဝိုင်းဖွဲ့စကားပြောနေရင်း ဦးပဉ္စင်းတစ်ပါးက "ရွှေဖြစ်ငွေဖြစ် နည်းလမ်းကောင်း ရှိရင် မစပါ"လို့ လျှောက်တော့ ဆရာတော်ကြီးက အထက်ပါအတိုင်း မိန့်လိုက်ပါတယ်။ "မကြားဖူးသေးပါဘုရား၊ အဲဒါ ရှင်းပြပါဦး"ဆိုတော့–

"ရွှေဖြစ်ငွေဖြစ်"ဆိုတာကို အင်္ဂလိပ်မှာ အဝါလမ်း အဖြူ လမ်းလို့ခေါ်တယ်၊ အရင်က လူတစ်ယောက်ဟာ ဘာမှလက်ကြောတင်းအောင် လုပ်မစားချင်တော့ ဒီလို အချောင်သူဌေးဖြစ်တယ်ဆိုတဲ့လမ်း လိုက်နေတာပေါ့၊ ဘယ်မှာဘာဖြစ်သတဲ့ဆို သူကလိုက်တော့တာပဲ၊ တစ်ခါ တော့ အောက်ပြည် မြစ်ဝကျွန်းပေါ်အရပ်ကို သင်္ဘောနဲ့ သွားတာ၊ သင်္ဘောပေါ်မှာ ပိတ်ဖြူဝတ်ပြီး ဘုရားစာအုပ် တရားစာအုပ်လေးတွေ လက်နဲ့ပွေ့ပြီး လိုက်ရောင်းနေတဲ့ လူကြီး တစ်ယောက်က "အဖြူလမ်းနဲ့ အဝါလမ်းမှာ

အဝါလမ်းကမှ လမ်းမှန်တယ်"ဆိုပြီး အော်ပြောနေတာ သူကကြားတော့၊ သဘော်ာဆိပ်ကမ်းဆိုက်တဲ့အခါ သူကအဲဒီဝတ်ဖြူစင်ကြယ်နဲ့ လူကြီးနောက် မျက်ခြည်မပြတ် လိုက်သွားသတဲ့။ တစ်နေရာမှာ လူသူရှင်းတဲ့အခါကျတော့မှ အဲဒီလူကြီးကို လက်ဖက်ရည်တို့ မုန့်တို့နဲ့ ကျွေးမွေးဝတ်ပြုပြီး "အဘ ဟို သဘော်ာပေါ်မှာ အဘပြောတဲ့လမ်းစဉ်လေး ကျွန်တော့်ကိုလဲ မစပါဦး"လို့ အသနားခံသတဲ့ကွယ့်။

ဒီတော့မှ အဲဒီဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်ကြီးက "ဪ... မောင်ရင်က အဖြူလမ်း အဝါလမ်းကို စိတ်ဝင်စားနေတာပေါ့လေ" ဆိုတော့ "ဟုတ်ပါတယ်ခင်ဗျာ၊ အဘပြောတဲ့ အဝါလမ်းက လမ်းမှန်တယ်ဆိုတာလေး သိချင်တာပါ"လို့ ထပ်တောင်းပန်သတဲ့။

အဘိုးကြီးက "ရပါသကွယ်၊ ဒါကလွယ်ပါတယ်၊ ဒီလို မောင်ရင်ရဲ့၊ အဘက အရင်ကရဟန်းဘောင်မှာနေတာ အသက် ငါးဆယ်ကျော်မှ လူ့ဘောင်ပြောင်းလာတာပေါ့ကွာ၊ အိမ်ထောင်တွေ ဘာတွေလဲကျတော့ပေါ့၊ ခုတော့ မောင်ရင်တွေ့တဲ့အတိုင်းပဲလေ၊ တစ်ဝမ်းတစ်ခါးမကတော့ဘူးကွယ်၊ ပါးစပ်ပေါက်တွေလဲများလာတော့ စားဝတ်နေရေး အခက်ကြုံလာတာပေါ့၊ အသက်က လဲကြီးပြီဆိုတော့ လယ်ထဲယာထဲလဲ မဆင်းနိုင်၊ တခြားအလုပ်လဲ မလုပ်တတ်နဲ့၊ ခုလိုပဲ သဘော်ာပေါ်လိုက်၊ ကိုယ်ရထားတဲ့ ဆုတောင်းမေတ္တာပို့လေးတွေ ရွက်ပြီး စာအုပ်လေးတွေလိုက်ရောင်း ပြီး အသက်မွေးနေရတာ၊ ငတ်တစ်လှည့် ပြတ်တစ်လှည့်ပေါ့

ကွာ၊ ဒုက္ခရောက်လိုက်တာတော့ မပြောနဲ့၊ ရဟန်းဘ၀နဲ့ ဘုရားအမွေတော်ဝတ်နေတဲ့ အဝါဝတ်ဘဝက ချမ်းချမ်း သာသာနေရရက်နဲ့ အခုအဖြူဝတ်ဘဝ ပြောင်းလာမှ ဒုက္ခရောက်လွန်းလို့ အဖြူလမ်းက ဒုက္ခရောက်တယ်၊ အဝါ လမ်းကမှ လမ်းမှန်လို့ပြောတာကွယ့်၊ ကဲ မောင်ရင်လဲ အဝါလမ်းလိုက်ချင်သပဆိုလဲ သာနှာဘောင်ဝင်၊ မဟုတ် ရင်လဲ အရှယ်ရှိတုန်းလက်ကြောတင်းအောင် လုပ်စားပေ ရော့" လို့ ပြောသတဲ့ကွယ်။

"ခုလဲ မောင်ပဥ္စင်း အဝါလမ်းမှာ အေးအေးဆေးဆေး ချမ်းချမ်းသာသာနေရပြီပဲ၊ ဒီလမ်းထက်ကောင်း တာ မှန်တာ ဘယ် ရှိမလဲ"ဆိုပြီး စကားကိုအဆုံးသတ် လိုက်တော့ သံဃာတော်တွေက သဘောကျလို့ရယ်ကြတယ်။ လျှောက် ထားတဲ့ ဦးပဥ္စင်းကလဲ "မှန်ပါသဘော ပေါက်ပါပြီဘုရား၊ တပည့်တော်လဲ ဒီလမ်းပဲဆက် လိုက်ပါ့မယ်"လို့ လျှောက် ထားလိုက်ပါတယ်။

ဖြတ်လမ်းနဲ့ သူဌေးဖြစ်ဖို့စိတ်ကူးယဉ်တဲ့ ရဟန်းငယ် တစ်ပါးကို ရယ်စရာပုံပြင်တစ်ခုနဲ့ ဆုံးမတော်မူတဲ့ ဆရာတော် ကြီးရဲ့ ဆုံးမပုံကို သဘောကျကြည်ညိုလို့ မှတ်တမ်းတင် လိုက်ရတာပါ။

**ပန်းတိုင်အရောက် လမ်းမှန်အတိုင်း လျှောက်နိုင် ကြပါစေ။**

✺ ❧ ✺

## ဖောင့်မရ ဓမ္မဆုံး

"ဖွတ်မရ ဓားမဆုံး မဖြစ်စေနဲ့တဲ့၊ အဲဒါတို့
ရဟန်းတော်တွေကို သတိပေးနေတာ၊ လူတွေ
လို ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်လဲ မခံစားရ တရား
ဓမ္မလဲ ဆုံးဆိုတာ မဖြစ်စေနဲ့" လို့ပြောတာ။

(ဗဟန်းဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော် ဘဒ္ဒန္တကောဏ္ဍည)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဗဟန်းမဟာဝိသုဒ္ဓါရုံ တိုက်သစ်နာယက ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍညမထေရ်ရဲ့ ဩဝါဒစကားပါ။ လူသိများတဲ့ စကားပုံတစ်ခုကို အသံတူဓမ္မစကားလုံးများနဲ့ အစားထိုးပြီး တပည့်များကိုဆုံးမခဲ့တဲ့ စကားဟာ ဆရာတော် ပျံလွန်တော်မူခဲ့ပေမယ့် တပည့်အပေါင်းတို့ရဲ့ နားထဲမှာ ကြားယောင်နေဆဲပါပဲ။

အာရုံငါးပါးထဲမှာ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိ အာရုံဟာ သတ္တဝါတိုင်း အယစ်မူးအတပ်မက်ဆုံး အာရုံ တစ်ခုပါ။ ရဟန်းတော်များအတွက်တော့ ဒီအာရုံရဲ့ အဆုံးစွန် အတိုင်းအတာဟာ ရဟန်းသေဆေးလို့ဆိုရမယ့် ပါရာဇိက အာပတ်အထိသင့် ရောက်နိုင်တာမို့ မြင့်မြတ်တဲ့ ရဟန်းဘဝကို ဆုံးရှုံးသွားနိုင်တဲ့အတွက် ဒီအာရုံကိုဝေးဝေး က ရှောင်ရပါတယ်။

ဒီအာရုံကို လက်လွှတ်စွန့်ခွာပြီး ရဟန်းဘဝ အရ ယူထားပါလျက် ပရိယတ်၊ ပဋိပတ်ဆိုတဲ့ သာသနာ့တာဝန် နှစ်ရပ်ကို ကျေပွန်အောင် မထမ်းဆောင်ဘဲ ပေါ့ပေါ့တန်တန် နေခဲ့ရင် ဖောဋ္ဌဗ္ဗာရုံလဲ မခံစားရ၊ ဓမ္မအာရုံလဲမခံစားရနဲ့ နှစ်ဖက်ရှုံးဘဝဖြစ်မှာစိုးလို့ သတိပေးဆုံးမတာပါ။ဆရာတော် အဆုံးအမကို ကြားရတဲ့အခါ မာန်လည်ဆရာတော်ရဲ့ မဃဒေဝလင်္ကာသစ်ထဲက အဆုံးအမတစ်ခုကိုလဲ သတိရ မိပါတယ်။

"ရဟန်းမည်သာ၊ သင်္ကန်းဝါနှင့်၊ ဂုဏ်ဝါနတ္ထိ၊ ကဲမရှိ ဘူး၊ စိုးစိမ်မှားမှောက်၊ ကျင်းယွင်းဖောက်က၊ မြောက်သစ် ကိုင်းလွှတ်၊ ကျလေလွတ်သို့...။

"ကာမဘောဂါ၊ လူ့ချမ်းသာလည်း၊ ကင်းကွာဝေးစွ၊ သမဏာ၏၊ သုခလည်းဆုံး၊ နှစ်ကျိုးရှုံးလျက်၊ ကတုံးသာ လျှင်၊ အဖတ်တင်လိမ့်၊ ရှင်ပင်ပြုထ၊ ကျိုးမလှတည့်"တဲ့။

ဒီအဆုံးမများဟာ ရဟန်းတော်များကို ရည်ညွှန်းဆုံးမ တာဖြစ်ပေမယ့် ရောက်ရာဘဝမှာ ကျရာတာဝန်ကို ကျေပွန်အောင် မထမ်းဆောင်လိုကြတဲ့ မေလျော့ပေါ့ တန်ကြသူ အားလုံးအတွက် လဲ အကြုံးဝင်ပါလိမ့်မယ်။

ဘဝပေးတာဝန်ကျေပွန်ပြီး
ရသင့်တဲ့ချမ်းသာသုခကို ရရှိခံစားနိုင်ကြပါစေ။

# အစောင့်အရှောက်နဲ့
# အနှောင့်အယှက်

"ဝိနည်းသိက္ခာပုဒ်တို့ စည်းကမ်းဥပဒေတို့ ဆိုတာ အေးအေးနေချင်သူအတွက် အကောင်းဆုံး အစောင့်အရှောက်ပဲ၊ တိုးထွက်ချင်သူအတွက်တော့ အနှောင့်အယှက်ပေါ့"

(တောင်မြို့ ညဝါအကျော် တူမောင်းဆရာတော်)

တောင်မြို့လို့ခေါ်တဲ့ အမရပူရမြို့ တူမောင်းတိုက်နာယက၊ ညဝါအကျော် ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တနန္ဒိယ)ရှိစဉ်က သံဃာ့ဥပုသ်ပြုအပြီးမှာ ပေးလေ့ရှိတဲ့ ဩဝါဒစကားပါ။ ဆရာတော်ကြီး ဆက်လက်မိန့်ကြားတာက–

"သစ်ပင်တွေမှာ မလိုအပ်တဲ့ ကိုင်းသေး ကိုင်းမွား အရှုပ်အထွေးတွေ ရှင်းပစ်မှ ပင်လုံးပေါ်လာ

တယ်၊ ဒီအပင်မျိုးမှ ပင်စည်လဲဖြောင့် အနှစ်လဲ ပြည့်လာတာ၊ မလုပ်သင့် မလုပ်ထိုက်တာတွေကို မလုပ်ရဘူးလို့ ပညတ်ထားတဲ့ သီလ သိက္ခာပုဒ်တွေ ဆိုတာလဲ 'လူရုပ်' ပေါ်လာအောင်လို့ လူ့အရုပ်တွေကို ရှင်းပေးနေတာ၊ လူကိုချုပ်ချယ်နေတာ မဟုတ်ဘူး၊ ဒီလိုရှင်းပစ်မှ စိတ်ထားလဲဖြောင့်မတ် မှန်ကန်မယ်၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အနှစ်တွေလဲ ပြည့်လာမယ်၊ ဒါကို ကြပ်ကြပ်သတိထားပြီး လေးစားစောင့်ထိန်းကြပါ" တဲ့။

အသေးအမွှား အခွင့်အရေးကို အခွင့်ထူးကြီး ထင်မှတ်ခဲ့ လို့ တကယ့်အခွင့်အထူးကြီးတွေ လက်လွှတ်ခဲ့ရတဲ့ ပုဂ္ဂိုလ်အများ ကြီးရှိကြတယ်၊ မြတ်စွာဘုရား လက်ထက်တော်က ဒေဝဒတ်ဟာ ဒီလိုပုဂ္ဂိုလ်မျိုးပေါ့၊ တစ်ဘဝစာ လာဘ်လာဘကို အခွင့်ထူးမှတ်ပြီး တပ်မက်ခဲ့ရာက သံဃာသင်းခွဲတဲ့ကံကြီးတွေ၊ ဘုရားရှင်ကိုသတ်ဖို့ ကြိုးစားခဲ့တာတွေ ကြောင့် ရပြီးသားအသိဉာဏ်များလဲ ဆုံးရှုံး၊ မဂ်ဖိုလ်နဲ့လဲ ဝေးခဲ့ရုံမက အဝီစိအထိ နှစ်ခဲ့ရတယ်။

သာတာဂိရိတို့ ဟေမဝတာတို့လဲ ကဿပဘုရားရှင်လက်ထက်က အမွေ့ဝါဒီရဟန်းပေးတဲ့လာဘ်ကို တပ်မက်မိခဲ့လို့ ဓမ္မဝါဒီဘက်က ရပ်တည်မပေးခဲ့တဲ့အတွက် မဂ်ဖိုလ်နဲ့ လွဲပြီး နတ်ဘီလူးဘဝ ရောက်ခဲ့ကြတာပေါ့။

ကိုယ်ကျင့်သီလ ဖောက်ပြားခြင်းဆိုတဲ့ လူ့အရှုပ် အထွေးတွေ ရစ်ပတ်ဖုံးအုပ်ထားလို့ လူရုပ်တောင် မပေါ် ကြသူတွေလဲ ဒုနဲ့ဒေးပါပဲ။

ဒီလိုပုဂ္ဂိုလ်တွေအတွက ဆရာတော်ဘုရားကြီး မိန့်ကြားတဲ့ "လူရုပ်ပေါ်ဆေး"ကို အသုံးပြုကြည့် စေချင်ပါတယ်။ လူရုပ် ပေါ်လာရုံမကဘူး၊လူ့အနှစ်ပါ ပြည့်ဝလာမယ်လို့ မြတ်စွာဘုရား ရှင်ကိုယ်တိုင်ကအာမခံချက်အပြည့် ပေးထားတဲ့ ဆေးတော်ကြီး ပါ..။

လူရုပ်ပေါ်ပြီး လူ့အနှစ်ပြည့်ဝကြပါစေ။

# ဥစ္စာပျောက်ငရဲဝေး

တူသောအကျိုး

"အသာနေစမ်းပါ ကပ္ပိယရယ်၊ မင်း လုပ်လိုက်ခါမှ ငါ သူခိုးဖြစ်ဖူးတာ လူ သိကုန်ပါ့မယ်"

(လယ်တီဆရာတော်)

တစ်ခါက လယ်တီဆရာတော်ဘုရားကြီး သင်္ဘော စီးပြီး ခရီးထွက်တော်မူရာ၊ ညအိပ်ချိန်မှာ ဆရာတော့် ပစ္စည်းများ သူခိုး အခိုးခံရသတဲ့။ အတူပါတဲ့ ကပ္ပိယက မနက်လင်းလို့ လိုတဲ့ပစ္စည်း ယူမယ်လုပ်တော့မှ ဆရာတော့် ပစ္စည်းတွေ အစုံအလင်မတွေ့ရတော့ သူခိုး ခိုးသွားမှန်းသိပြီး ဆရာတော်ကြီးကို...

"ဆရာတော် လုပ်ပါဦးဘုရား၊ ဒုက္ခတော့ ရောက်ကုန်ပြီ၊ ပုလိပ်(ရဲ)တိုင်မှ ဖြစ်တော့မယ်"လို့ လျှောက်သတဲ့။ ဆရာတော်က

"ဘာတုံးဟ–ကပ္ပိယရဲ့၊ မင်းဟာအရင်းမပါ အဖျားမပါ ပြူးတူးပြဲတဲနဲ့ တိုးတိုးသက်သာပြောစမ်းပါ"ဆိုတော့... "ဆရာတော့်ပစ္စည်းတွေ ညက သူခိုး ခိုးသွားပြီဘုရား၊ အဲဒါ သဘော်ပုလိပ် (ရဲ)ကို တိုင်မှဖြစ်မယ်ဘုရား"လို့ လျှောက်တဲ့အခါ ဆရာတော်ကြီးက–

"ကပ္ပိယ၊ ကိုယ့်ပစ္စည်းသူများ အခိုးခံရတယ်ဆိုတာ ကိုယ်ကလဲ သူများပစ္စည်းခိုးခဲ့ဖူးလို့ ဖြစ်ရာပေါ့ဟဲ့၊ သံသရာမှာ ကိုယ်ပြုခဲ့တဲ့ မကောင်းမှုဟာ တစ်ချိန်ချိန်မှာ တူသော အကျိုးပြန် ပေးတတ်တာ ဓမ္မတာပဲ၊ အသာနေပေါ့ ကပ္ပိယ ရယ်၊ မင်းလုပ်လိုက်မှ ငါသူခိုးဖြစ်ခဲ့ဖူးတာ လူသိကုန်ပါ့ မယ်"လို့ အမိန့်ရှိပါသတဲ့။

❋ ❧❧❧ ❋

# ဆုံးရှုံးတယ်ဆိုတာ

"ငါမပိုင်လို့ပေါ့ကွာ၊ ငါပိုင်ရင် ပစ္စည်းက ငါ့နားမှာပဲရှိ နေမှာပေါ့"

(တောင်တွင်းကြီး နတ်မှီတောရဆရာတော်)

တောင်တွင်းကြီးမြို့၊ နတ်မှီတောရ ဆရာတော်ကျောင်းမှာ ကျောင်းအစ်မများဖြစ်ကြတဲ့ ပေလေးပင်ရပ်ရှင်မိသားစုတို့က လှူဒါန်းထားတဲ့ ရေဒီယိုကြီး တစ်လုံးရှိတယ်။ ရေဒီယိုဝယ်ပို့လိုက်တဲ့ သမီးအကြီး အမေရိကန်မှာ တာဝန်နဲ့သွားနေရာက ခေတ္တပြန်လာတုန်း မိသားစုအားလုံး ဆရာတော်ကြီးထံ ဖူးမြော်ကန်တော့ဖို့ရောက်လာကြတော့ ဆရာတော်ကြီးနားမှာ သူတို့လှူထားတဲ့ ရေဒီယိုကြီးက မရှိတော့ဘူး၊ ကျောင်းအစ်မများက ဟိုဟို ဒီဒီကြည့်ပြီး သူတို့လှူထားတဲ့ ရေဒီယိုကြီးကို မတွေ့ရတော့...

"ဆရာတော်၊ တပည့်တော်တို့ လှူထားတဲ့ ရေဒီယိုကြီး လဲ မမြင်ပါလား၊ ဘယ်သွားထားတုံး"ဆိုတော့

ဆရာတော် ကြီးက"ဘယ်မှ သွားမထားပါဘူး၊ သူ့ပိုင်ရှင်က ယူသွား တယ်"လို့ မိန့်သတဲ့။

"အို...ဆရာတော်ကလဲ၊ ဘယ်ကလာ ပိုင်ရှင်ရှိရဦးမှာတုံး၊ တပည့်တော်တို့က ဆရာတော့် လှူထားတာပဲ၊ ဆရာတော် ပိုင်တဲ့ပစ္စည်းပေါ့"ဆိုတော့...ဆရာတော်ကြီးက "ငါမပိုင်လို့ပေါ့ကွာ၊ ငါပိုင်ရင် ပစ္စည်းက ငါ့နားမှာရှိနေမှာပေါ့၊ ခုတော့ သူ့ပိုင်ရှင် နားရောက်နေပြီ"လို့ အမိန့်ရှိတယ်။ ကျောင်းအစ်မများက "ဆရာတော်ကလဲ ဝေ့လည်လည် ပြောနေပြန်ပြီ သူခိုးခိုးသွားတာ မဟုတ်လားဘုရား၊ ဒါဆို ဆရာတော့်ရေဒီယို ဆုံးပြီပေါ့"လို့ ထပ်လျှောက်တယ်။ ဆရာတော်က– "မဆုံးပါဘူးကွ၊ ဆုံးတယ်ဆိုတာ မီးလောင် သွားတာတို့၊ မြစ်ထဲ ပင်လယ်ထဲ ကျသွားတာတို့လို ဘယ်သူမှ သုံးခွင့်မရတော့တာမှ ဆုံးတာ၊ ခုဟာက တစ်နေရာရာမှာ သုံးလို့ရနေဦးမှာပါ" လို့ မိန့်ကြားလိုက်ပါတယ်။

❋ ❋

## ဆုံးရှုံးရမှု

"ညကြီးမင်းကြီး သူများ မသိအောင် လာယူတော့ ပုဂ္ဂိုလ် အယုတ် အမြတ်လဲ မရွေးရတော့ဘူးပေါ့ကွာ"

(အမရပူရ၊ အောင်ခြင်းရှစ်ပါးဆရာတော်)

အမရပူရ၊ အောင်ခြင်းရှစ်ပါးဆရာတော်ကြီးဆိုတာ အခု ကိုပညာ(အမရပူရ)တို့ရဲ့ ဆရာတော်ကြီးပေါ့၊ သီတင်းကျွတ်၊ ကထိန်ရာသီမှာ ဆရာတော့်ကျောင်း ကထိန်ခင်းပြီးတဲ့အခါ တိုက် တွင်းသံဃာအတွက် လှူဒါန်းတဲ့ ပစ္စည်းကိုတော့ ထုံးစံအတိုင်း သံဃာအများ ခွဲဝေလှူဒါန်းပြီး ဆရာတော်ကြီးအတွက် လှူဒါန်းသမျှ ပစ္စည်းတွေကိုတော့ အားလုံးသေတ္တာနဲ့ အလုံပိတ်ပြီး အမရပူရမြို့နယ် ဝိနည်း စာပြန်ပွဲကျင်းပရာဌာနဖြစ်တဲ့ တူမောင်းတိုက်ကို တစ်ခါတည်းပို့လိုက်တာပဲ။ ဆရာတော် နားမှာဘာပစ္စည်းမှ အပို မထားဘူး။

တစ်နှစ်မှာတော့ ကထိန်ဥတ်မကြီးထဲမှာ တိုင်ကပ်နာရီကြီးတစ်လုံးလို့ ဒကာများက ဆရာတော်ကြီးကျောင်းမှာပဲ သုံးစေချင်တာနဲ့ နာရီကြီးကို ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းက တိုင်ပေါ်မှာ ချိတ်ထားခဲ့တယ်။

တစ်ညတော့ အဲဒီနာရီကြီးကို သူခိုးလာခိုးသွားတာ နောက်နေ့မနက် ဆွမ်းစားချိန်မှာ ရဟန်းငယ်တွေက နာရီကြည့်တော့ မရှိတော့မှန်းသိလို့ ဆရာတော်ကြီးကို လျှောက်ထားကြည့်တော့ ဆရာတော်ကြီးက...

"ညက ဒကာနှစ်ယောက် လာယူသွားကြတယ်ကွ"လို့ မိန့်သတဲ့။

"ဆရာတော်၊ သူခိုးလာခိုးသွားတာဖြစ်မှာပေါ့၊ ဆရာတော်မသိလိုက်ဘူးလား"လို့ လျှောက်တော့ "သိပါတယ်ကွ၊ သူတို့ မမှီမကမ်းနဲ့ဖြုတ်နေသံကြားလို့ မတော်လွတ်ကျကုန်လို့ မင်းတို့ နိုးကုန်ရင် နာရီလဲအကောင်းမရ၊ ဒုက္ခလဲရောက်ကြမှာစိုးလို့ 'ပလ္လင်နောက်နားမှာ ခွေးခြေရှိတယ်'လို့တောင် ပြောလိုက်သေးတယ်"ဆိုတော့... ဦးပဥ္စင်းများက "ဆရာတော့်နှယ်၊ သူခိုးပဲ၊ ဘာလို့ အဲဒီလို ပြောလိုက်ရတုံး၊ လှူပစ်လိုက်တယ်ဆိုတာမှ ဟုတ်သေးတယ်"လို့ လျှောက်တော့...

"ထူးပါဘူးကွ၊ သူတို့လာယူတော့လဲ ကိုယ်ကသွားလှူရ သက်သာတာပေါ့၊ ညကြီးမင်းကြီး သူများ

မသိအောင် လာယူတော့ ပုဂ္ဂိုလ်အယုတ်အမြတ်လဲ မရွေးရ တော့ဘူးပေါ့"လို့ မိန့်ကြားတော်မူပါသတဲ့။

လောကမှာ ဥစ္စာပျောက်ပြီဆိုရင် ဟိုလူ့ယိုးသည် လူ့ယိုး၊ ဟိုတိုင် ဒီတောနဲ့"ဥစ္စာပျောက် ငရဲကြီး"ဆိုတာမျိုး ဖြစ်တတ်ကြပေမယ့် ဥစ္စာပျောက်ပြီး ကုသိုလ်ရအောင် နှလုံးသွင်းတော်မူကြတဲ့ မထေရ်မြတ်တို့ရဲ့ စိတ်ထားကို ကြည်ညိုသဒ္ဓါပွားရင်း အတုယူနှလုံးသွင်းနိုင်ကြဖို့ တစ်ဆင့် ဖောက်သယ်ချလိုက်ပါတယ်။

သူတော်ကောင်းဓာတ်၊ စဉ်မပြတ်၊ ကိန်းဝပ်ကြပါစေ။

❋ ❋

# မကျေနပ်ရင် ငုံ့ကြည့်လိုက်

လောကမှာ အတွေ့ရများတဲ့ ဒုက္ခသည် နှစ်မျိုး ရှိ တယ်။ တွေ့ကြုံရတာတွေကို မကျေမနပ်ဖြစ်ပြီး ဒေါသ ဖြစ်နေတဲ့ဒုက္ခသည်ရယ်၊ တွေ့ကြုံသမျှကို အကျေနပ်ကြီး ကျေနပ်ပြီး ကိုယ့်ကိုယ်ကို အဟုတ် ထင် မာနတက်နေတဲ့ ဒုက္ခသည်ရယ်ပေါ့။

မကျေမနပ်ဖြစ်နေတဲ့ ဒုက္ခသည်တွေထဲမှာ စားဝတ် နေ မှုလိုပ်အပ်ချက်မပြည့်စုံလို့ မကျေမနပ်ဖြစ်နေကြသူတွေ ရှိသလို၊ သဘာဝပတ်ဝန်းကျင်တို့ ရာသီဥတုတို့ ကိုယ့်အလို ကျ မဖြစ်ရကောင်းလားဆိုပြီး မကျေမနပ်ဖြစ်နေကြသူတွေလဲ ရှိတာပဲ။ ဒီလူတွေကတော့ ဘုရားဟောတဲ့ အနတ္တသဘောနဲ့ အတော်နားဝေးခဲ့ ပုံရပါတယ်။

အကျေနပ်ကြီး ကျေနပ်နေကြသူတွေမှာလဲ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတာတွေ ကိုယ်ထင်တိုင်း

ပေါက်နေလို့ ကျေနပ်နေကြသူတွေ ရှိကြလို၊ လူ့ဘဝရတုန်း သာသနာနရဲ့ကြုံတုန်းမှာ အရေးအကြီးဆုံး လုပ်သင့်တဲ့ အလုပ်၊ ရသင့်ရောက်သင့်တဲ့ အဆင့်ဟာ ဘာလဲလို့ မသိ တတ်လို့ ကိုယ်လုပ်နေတာ၊ ရနေရောက်နေတာတွေကို အမြင့်ဆုံးအဆင့်ရောက် လှပြီထင်ပြီး ကျေနပ်ကြသူတွေလဲ အများကြီးပဲ တွေ့နေရတယ်။

တကယ်တော့ ဒါတွေဟာ ဖြစ်ရပ်ချင်း၊ ခံယူပုံချင်း မတူညီကြပေမယ့် ဓမ္မအမြင်နဲ့ကြည့်ရင် ကိလေသာရောဂါ ဝမ်းတွင်းနာ စွဲကပ်နေကြတဲ့ ဒုက္ခသည်၊ ရောဂါသည် တွေပါပဲ။

ဒီဒုက္ခ၊ ဒီရောဂါကို ကုသဖို့ဆိုတာ လောက ဆေးနဲ့ မရနိုင်ဘူး။ ဓမ္မဆေးနဲ့မှ ရမယ်လို့ခန့်မှန်းမိပေမယ့် တကယ့် ဆေးချက်ကိုတော့ အတိအကျဆေးချက်ချ မပြနိုင်ခဲ့ဘူး။ အများပြောနေကြသလို သမထဝိပဿနာ ဆေးတော် ကြီးများနဲ့ ကုသမှ ပျောက်နိုင်မယ်လို့ပဲ ခက်ခက် ခဲခဲ ထင်ခဲ့မိတယ်။ တကယ်တမ်းဆေးချက် ပိုင်ပိုင် နိုင်နိုင် ချပြတတ်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရတော့မှ "ဪ... လွယ်လဲလွယ်၊ မှန်လဲမှန်းလှချည့်လား"လို့ အံ့ဩဝမ်းသာရတော့ တယ်။

× × × × ×

မကျေနပ်ရင် ငုံ့ကြည့်လိုက်တဲ့။

အချိန်ကတော့ ၁၃၄၉ ခုနှစ်ဦးပိုင်းလောက်ကပါ။ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်မှာ သာမဏေ ကျော်ရဟန်းလောင်းတစ်ပါးရဲ့ ပဉ္စင်းခံပွဲမှာ တိပိဋကဆရာတော်ကြီးတွေအားလုံး ကြွရောက်ချီးမြှင့်ကြလို့ မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးလဲ ပါပါတယ်။ ဆရာတော်ကြီးတွေ အစုံအညီကြွရောက်တဲ့ ရဟန်းခံပွဲဆိုတော့ ရပ်နီးရပ်ဝေးက လာရောက် ဖူးမြော်ကြမယ့် ဒကာ၊ ဒကာမတွေအတွက်ပါ အဆင်ပြေအောင်ဆိုပြီး တိပိဋက ဆရာတော်တစ်ပါးကို ကျယ်ဝန်းတဲ့ တည်းခိုကျောင်းတစ်ဆောင်စီ သတ်မှတ်စီစဉ်ထားပါတယ်။

မင်းကွန်းတိပိဋကဆရာတော်ကြီးအတွက် သိမ်တောင်ကျောင်းတိုက်အတွင်းမှာရှိတဲ့ မွှာရုံကြီးရဲ့ ခေါင်းရင်းပိုင်းမှာ ကန့်ထားတဲ့အခန်းကျယ်ထဲမှာ နေရာစီစဉ်ချထားပေးပါတယ်။ ညနေပိုင်းရောက်တော့ ဆရာတော်ကြီးတွေ အသီးသီးတည်းခိုတဲ့ အဆောင်များကို မိမိအပါအဝင် စာချဘုန်းကြီးများက သွားရောက်ဝတ်ပြုနှုတ်ဆက်ရင်း လိုအပ်ချက်ရှိတာတွေကို ကြီးကြပ်စီမံဖြည့်ဆည်းပေးရပါတယ်။

မင်းကွန်းဆရာတော်ဘုရားကြီးထံမှောက် ရောက်တဲ့အခါမှာတော့ ဆရာတော်ကြီးက စောင်ထူထူကြီး တစ်ထည်

ပတ်ခြံပြီး နောက်မှီခေါင်းအုံးပေါ်မှီရင်း တစ်ပိုင်းခြေဆင်း တစ်ပိုင်းထိုင် သီတင်းသုံးနေတော်မူပါတယ်။

မိမိတို့အဖွဲ့က ရှိခိုးဝတ်ချပြီး ပဋိသန္ထာရ စကားအဖြစ်နဲ့–

"ဆရာတော် ဒီမှာ အတော်အေးနေသလားဘုရား"ဆိုတော့ "အင်း…ရန်ကုန်မှာနဲ့စာရင်တော့ ယုန်မွေးစောင်တစ်ထည် စာလောက်တော့ ပိုအေးတယ်ဆိုရမှာပေါ့"တဲ့။

"ဆရာတော် အခုဆို နိုင်ငံတော်ပရိယတ္တိတိုက်ကြီးတွေအတွက် တိုင်းနဲ့ပြည်နယ်အားလုံးလိုက်ပြီး တရားဟောနေရတာ သိပ်ပူတဲ့နေရာရောက်လိုက်၊ သိပ်အေးတဲ့နေရာရောက်လိုက်နဲ့ မပင်ပန်းဘူးလားဘုရား"လို့ စာချဘုန်းကြီးတစ်ပါးက မေးခွန်းထပ်တွန့်လိုက်တော့ ဆရာတော်ကြီးက–

"အေး…လောကထဲရောက်လာရင် လောကဓံနဲ့ဖက်ပြီး ရန်မတွေ့ရဘူး၊ တွေ့နေရင်ကိုယ်က အမြဲရှုံးတယ်၊ လောကဓံဆိုတာ ကိုယ်ဖြစ်ချင်သလိုလိုက်ဖြစ်ပေးတာမှ မဟုတ်ဘဲ၊ သူဖြစ်ချင်သလိုဖြစ်နေတာ၊ အဲဒါ ကိုယ်ကသူနဲ့ အလိုက်အထိုက်နေတတ်အောင် ကျင့်ရတာပေါ့၊ တစ်ခါ တစ်ခါ လောကဓံဟာ သည်းမခံနိုင်လောက်အောင်မကျေနပ် စရာ

တွေနဲ့ တွေ့ကြုံရတာလဲ ရှိတတ်တယ်၊ ကျေနပ်စရာပဲ တွေ့တွေ့၊ မကျေနပ်စရာပဲတွေ့တွေ့ ကိုယ်က နေတတ်အောင်ကြည့်နေရတယ်" ဆရာတော်ကြီးက စကားကို ခဏရပ်ထားလိုက်တယ်။ "ဆရာတော် နေတတ်အောင် ကြည့်နေပုံလေး အမိန့်ရှိပါဦးဘုရား" ဆိုတော့မှ "မကျေနပ်ရင် ငုံ့ကြည့်လိုက်၊ ကျေနပ်သွားတာပဲ" ဆရာတော်ကြီးက သူ့စကားသူ သဘောပေါက်တဲ့ပုံနဲ့ ခပ်ပြုံးပြုံးခပ်အေးအေး ပြောလိုက်ပေမယ့် စကားက ခုမှပိုလေးနက်လာလို့ လွတ်ခနဲ သဘောမပေါက်နိုင်အောင် ဖြစ်ကြတယ်။ ဒီတော့တစ်ပါးက "ဆရာတော် ငုံ့ကြည့်ပုံလေးလဲ ဆက်လက်မိန့်ကြပါဦးဘုရား" ဆိုတော့မှ ဆရာတော်ကြီးက–

"ကိုယ်က အခုလိုအေးတဲ့ဒေသရောက်လို့ အေးလွန်းတဲ့ ရာသီဥတုနဲ့ ကြုံကြိုက်ရတာကို မကျေနပ်ဘူးဆိုရင် အောက်မှာ လောကန္တရိက်ငရဲဆိုတာရှိတယ်၊ အဲဒါကို ငုံ့ကြည့်လိုက်၊ စကြာဝဠာလောကသုံးခုဆုံတဲ့နေရာမှာ အကြားမှာရှိလို့ အဲဒီငရဲကို လောကန္တရိတ်ငရဲလို့ခေါ်တယ်၊ လောကဥပမာသပိတ်လုံးကြီး သုံးလုံးဆုံတဲ့ ကြားအရပ်လိုပေါ့၊ သူ့အောက်မှာ စကြာဝဠာကိုခံတဲ့ ရေကနေရောင်လုံးဝမရတဲ့ နေရာဆိုတော့ အေးတာလဲအလွန်၊ အရသာကလဲ ငန်လွန်းလို့ ငံခါးကြီးတဲ့။ အဲဒီငရဲမှာ ကျခံရတဲ့

သတ္တဝါတွေက ကမ်းပါးယံမှာ လင်းနို့တွေတွဲလွဲဆွဲနေရ သလို စကြဝဠာ နံရံမှာ တွဲလောင်းဆွဲနေရတာ အစာ ဆာလွန်းလို့ ရွေ့ရှားရှာဖွေကြရာက တစ်ကောင်နဲ့တစ်ကောင် တွေ့ကြတဲ့အခါ သူ့အစာကိုယ့်အစာအမှတ်နဲ့ ဖမ်းယူ ဖို့ကြိုးစားလိုက်တာနဲ့ စကြဝဠာနံရံက ကွာကျပြီး အောက်ခံ ရေနဲ့ထိလိုက်တာနဲ့ တစ်ပြိုင်နက် ကြေမွပျက်စီးကြရတာ၊ သူ့ကံကြွင်း မကုန်သေးရင် အဲဒီငရဲမှာပဲ သေလိုက်၊ ပြန်ခံရ လိုက်နဲ့ နေရတဲ့ ငရဲပေါ့၊ အဲဒီငရဲသားတွေ အေးကလဲအေး၊ ဘာမှ အကာ အကွယ်လဲမရှိ၊ ဘယ်တော့ ဒီငရဲက လွတ်မလဲ မသိရတဲ့ အဖြစ်ကို ဉာဏ်နဲ့ငုံ့ကြည့်လိုက်ရင် အခု ကိုယ် နေရတာက စောင့်တွေဘာတွေနဲ့ နွေးနေအောင် ကာကွယ် လို့လဲရနေတယ်။ မနက်ဖြန်သန်ဘက်ဆိုသလို ကိုယ်နေနေ ကျနေ ရာကိုလဲ ပြန်ရောက်မှာဆိုတော့ အလိုလို ကျေနပ်သွား တာပါပဲ။

"အဲ...အလွန်ပူလွန်းတဲ့နေရာ ရောက်ပြန်ပြီဆိုတော့ လဲ လောဟကုမ္ဘီငရဲဆိုတာကို ငုံ့ကြည့်လိုက်၊ အဲဒီငရဲက သံရည်ပူငရဲပဲ၊ ဒီငရဲမှာကျရောက်ရတဲ့ သတ္တဝါတွေဟာလဲ သူ့ပြည်က ဘယ်ရာသီဥတုအပူနဲ့မှ မယှဉ်သာအောင် ပူလဲအလွန်ပူ ကာကွယ်စရာလဲမရှိ၊ လွတ်ရက်လဲမသိနဲ့ အဲဒါကို ဉာဏ်နဲ့စဉ်းစားပြီး ငုံ့ ကြည့်လိုက်၊ ကိုယ်ရောက် နေတဲ့နေရာက အတော်ကြီးအေးမြနေတာပဲ၊ အဲလို ငုံ့ကြည့် တတ်ရတယ်"တဲ့။

ဆရာတော်ကြီးကားကတော့ ဒီလောက်ပါပဲ။ ဆရာတော်ကြီးက မပင်ပန်းဘူးဆိုပေမယ့် အနားယူဖို့သင့်လောက်ပြီဆိုပြီး အလိုက်သိဝက်ပြု ဦးချပြီး ထပြန်ခဲ့ကြတယ်။

ဆရာတော်ကြီး အမိန့်ရှိတာတွေနဲ့ ဆက်စပ်ပြီး တွေးစရာ သိစရာ သိစရာတွေ အများကြီးပေါ် ပေါက်လာတယ်။ "မကျေနပ်ရင်ငုံ့ကြည့်လိုက်"လို့သာ ဆရာတော်ကြီးကမိန့်တယ်။ "တကယ်ပြည့်စုံနေတာ မဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကို အကျေနပ်ကြီး ကျေနပ်နေရင်ကော" ဘာလုပ်ရမလဲ...ကျေနပ်လွန်းနေတာဟာ မကျေမနပ်ဖြစ်နေတာရဲ့ ဆန့်ကျင်ဘက်ဖြစ်သလို အကြည့်မှာလဲ ဆန့်ကျင်ဘက်အရပ်ကို ကြည့်လိုက်ရင်ကော...

"မကျေနပ်ရင်ငုံ့ကြည့်လိုက်" ဆိုတော့ "ကျေနပ် လွန်းနေရင် မော့ကြည့်လိုက်ရင်ကော ဒီရောဂါသက်သာ မသွားလောက် ပေဘူးလား"

ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ တတ်သိပညာ၊ အကျင့် သီလ၊ ဘာကိုပဲကျေနပ်နေနေ ကိုယ့်ထက်သာလွန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို မော့ကြည့်လိုက်ရင် ဘုရားရှင်တို့ရဲ့ အလိုအရ သာသနာတော်နဲ့ကြုံတုန်း၊ လူ့ဘဝရတုန်းမှာ တကယ်ပြည့်စုံသူဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ အဆင့်ရောက်မှ၊ ဒါတောင် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ် ရောက်မှ

သာ တကယ် ပြည့်စုံသူလို့ ဆိုနိုင်တာဖြစ်လေတော့ လောကထဲမှာ ရနိုင်သမျှ ဘာတွေပဲရနေနေ ပြည့်စုံပြီလို့ ထင်မှတ်စရာ၊ အကျေနပ်ကြီး ကျေနပ်ပြီး မာနတက်စရာ ရှိပါတော့မလား...

ငုံ့ကြည့်၊ မော့ကြည့်တတ်ပါစေ။

# ဧရာဝတီမြစ်ကြီးကို လက်ပစ်ကူးပြီးကာမှ ဝက်လူးအင်းထဲ နစ်မသေကြစေနဲ့

ဒေးဒရဲမြို့၊ ကွင်းကျောင်းတိုက်မှာပြုလုပ်တဲ့ ရဟန်းခံပွဲတစ်ခုမှာ ရဟန်းသစ်ကို ဩဝါဒပေးတော့ နတ်မှီတောရဆရာတော်ကြီး ပြောတဲ့စကားပါ။ ပြီးတော့ ဂါထာတစ်ပုဒ်ကို ရွတ်ပြတယ်။

ဂီတိကာမေပဟာယဂေါ၊ ပရဝန္တေသုလဂ္ဂိတော။

ဂငေါ်တိဏ္ဏောတဋ္ဌာကမှိ၊ နိမုဂ္ဂေါဝတိနိန္နိ တော…တဲ့။ ဒီဂါထာက ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးက တပည့်တွေကို ဆုံးမဖို့ကိုယ်တိုင် ရေးစပ်တဲ့ ဂါထာပါတဲ့။ ဆရာတော်ကြီးပေးတဲ့ အနက် အဓိပ္ပါယ်ကတော့…

ဂီတိကာမေ၊ လူတို့ကြိုက်နှစ်သက်တဲ့ အာရုံငါးပါးကာမဂုဏ်တရားတို့ကို။ ပဟာယဂေါ၊ မငဲ့မကွက် တံတွေး

စက်ကဲ့သို့ စွန့်ပစ်ထွက်ခွာလာခဲ့ပါလျက်။ ပရဝဏ္ဍေသု၊ သူတစ်ပါးတို့က ထွေးအန်စွန့်ပစ်အပ်ကုန်သော ပစ္စည်းလေးပါးတို့၌။ လဂ္ဂတော၊ တွယ်တာကပ်ငြိသော သူသည်၊ ဂင်္ဂါတိဏ္ဏော၊ ဂင်္ဂါမြစ်ကြီးကို လက်ပစ်ကူးပြီးမှ။ တဋ္ဋာကမိ၊ တစ်ဖက်ဆီးကန်လို့ခေါ်တဲ့ ဝက်လူးအင်းသာသာ အိုင်ကလေးထဲ၌။ နိမုဂ္ဂေါဝ၊ နစ်၍သေရသော ယောက်ျားကဲ့သို့။ အတိနိန္ဒိတော၊ အလွန်ကဲ့ရဲ့ ထိုက်လေစွတကား။ တဲ့... ဒီလိုအနက်ပြန်ပြီးတော့ ဆရာတော်ကြီး ဆက်ပြောတာက "ဂင်္ဂါမြစ်ဆိုတာတို့နိုင်ငံက ဧရာဝတီမြစ်ကြီးတစ်ခုပါပဲ၊ ဆိုလိုတာကတော့ ဧရာဝတီလိုမြစ်ကြီးကို လက်ပစ်ကူပြီးကာမှ ဝက်လူးအင်းသာသာ တစ်ဖက်ဆီးကန်လေးထဲမှာ နစ်မသေကြစေနဲ့။ အလွန်ရှက်စရာကောင်းတယ်"လို့ ပြောတာ...တဲ့။

ဒီစကားဟာ ရဟန်းငယ်များကို ဆုံးမတာ ဖြစ်ပေမယ့် ရဟန်း၊ ရှင်၊ လူအားလုံးအတွက် အလွန်သတိပြုသင့်တဲ့ စကားပါ။

မိမိနဲ့အလွန်ရင်းနှီးတဲ့ ဒကာကြီးတစ်ယောက်ဟာ သူ့ဒေသမှာတော့ ပစ္စည်းဥစ္စာအတော်အသင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါ။ ရပ်ရေးရွာရေး၊ လူမှုရေးကိစ္စတွေမှာ ပစ္စည်းဥစ္စာစိုက်ထုတ်မှုရော၊ ကိုယ်တိုင်ဆောင်ရွက်ရာမှာရော အလွန်ထက်သန်ပါတယ်။ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရာမှာလဲ

အတော်သည်းခံခွင့်လွှတ်နိုင် စွမ်းရှိပါတယ်။ အဲ...သူ့ အိမ်သူ အိမ်သားမိသားစု အပေါ်ကျတော့ ဟင်းချက်တာ ဆားအပေါ့ အငန်အဆင်မပြေတဲ့ ကိစ္စလေးပေမယ့် ဆူဆူပူပူလုပ်လေ့ရှိလို့ စားခါနီး သောက်ခါနီး အိမ်သူ အိမ်သားတွေ အတော်စိတ် အနှောင့်အယှက်ဖြစ် ကြရတယ်။

ဆရာတော်ကြီး အဆုံးအမက အဲဒီလိုကြီးမားတဲ့ ကိစ္စတွေကို ပေါ့ပေါ့ပါးပါး သဘောထားနိုင်ပြီး အသေး အမွှားလေးတွေကို ပုံကြီးချဲ့တဲ့ ပုဂ္ဂိုလ်မျိုးတွေနဲ့ တခြားအလား တူပုဂ္ဂိုလ်အားလုံး အတွက်ပါ အကျိုးဝင်ပါတယ်။ ကြည့် တတ်သလောက် အဓိပ္ပါယ် ကျယ်ဝန်းပြည့်စုံတဲ့ အဆုံး အမတစ်ခုပါ။

လူအများ ဖတ်မည့်စာမှာ ပါဠိတွေကို တတ်နိုင်သမျှ ရှောင်ရေးချင်ပေမယ့် ဒီဂါထာက ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ရေးတာဖြစ်ပြီး ဆရာတော်ကြီးရဲ့ "သိသကောဝါဒ"ဆိုတဲ့ အဆုံးအမပေါင်းချုပ်ကျမ်းမှာကို မပါဘဲ တိမ်မြုပ်နေလို့ ခုလိုဖော်ပြလိုက်ရတာကို စာဖတ်သူ များ သည်းခံခွင့်လွှတ်စေချင်ပါတယ်။

✻ ၜၜၜ ✻

# ရှိပြီးမှ ပြော

"ကိုယ့်ထမင်းပွဲမှာ ဝက်သားဟင်း
ပန်းကန်ရှိနေမှ ချဉ်ပေါင်ဟင်းနဲ့ ခံတွင်း
မြိန်တယ်ဆိုတဲ့ စကားက တင့်တယ်တာ၊
အဲဒီတော့ ဝက်သားဟင်း ရှိအောင်လုပ်ဦး"
(သဘာဝမေမွှဆရာတော် ဘဒ္ဒန္တစိန္တာ)

ဆရာတော်ကြီးရဲ့တူ ပဥ္စင်းငယ်တစ်ပါးက "ပရိယတ္တိ ဝါသနာမပါဘူး၊ သပိတ်တစ်လုံးနဲ့ တောထွက်ပြီး တရားပဲ ထိုင်တော့မယ်"လို့ ပြောနေတဲ့အတွက် ဆရာတော်ကြီး မိန့်ကြားတဲ့ စကားဖြစ်ပါတယ်။ ဆက်လက်ပြီး ဆရာတော်ကြီးက "ကိုယ့်အ ရွယ်နဲ့ လိုက်အောင် ပရိယတ္တိကို ပေါက်ပေါက် ရောက်ရောက် သင်ကြားပြီးလို့ ဒီစကားမျိုး ပြောတယ်ဆိုရင်တော့ အလွန်ချီးကျူး လောက်တဲ့စကားပါ၊ ခုတော့ ပရိယတ္တိကို ဘာမှဟုတ်တိပတ်တိ မသင်ကြားသေး

ဘဲနဲ့ ဒီစကားပြောတာ ကိုယ်ကချဉ်ပေါင်ရွက်ဟင်း လောက်ပဲတတ်နိုင်လို့ သားဟင်းငါးဟင်းတွေ မကြိုက်ဘူး၊ ချဉ်ပေါင်ရွက်ဟင်းနဲ့ပဲ မြိန်တယ်လို့ပြောသလို ဖြစ်နေမှာပေါ့။ ဟိုဟာမတတ်နိုင်လို့ ဒါနဲ့ပဲကျေနပ်တယ် ဆိုတာမျိုးကတော့ ချီးကျူးစရာမဟုတ်ဘူး"တဲ့။

ကိုယ်ကပျင်းလို့ ဖျင်းလို့ ဘာမှပေါက်ပေါက်ရောက်ရောက်မလုပ်နိုင်တာကို ကိုယ့်ကိုကိုယ်ရောင့်ရဲကျေနပ်သူလိုလို အယောင်ဆောင်တတ်သူများအတွက် သတိပြုသင့်တဲ့ အဆုံးအမ တစ်ခုပါပဲ။

သူ့အရွယ်နဲ့သူ ကျေပွန်ရမဲ့တာဝန်တွေ ရှေ့နောက်အစဉ်ပျက်ခဲ့ရင်၊ ရှေ့ခြေလှမ်းလဲ မ,ထောက်မိ နောက်ခြေလှမ်းလဲ လွတ်ဖြစ်ပြီး မှောက်လျက်လဲတတ်တာမို့၊ ရှေ့နောက်အစဉ်မပျက်အောင် သတိပေး ဆုံးမတဲ့သဘောပါ။

ရှေ့နောက်အစဉ် မှန်ကန်ကြပါစေ

# သာသနာပြုလုပ်ငန်းနဲ့ ဒေသစလေ့

"ကိုယ့်ဝါဒကျယ်ပြန့်ထွန်းကားစေချင်ရင်
သူ့ဝါဒသူ့စလေ့ကို မထိပါးမပုတ်ခတ်ရဘူး"
(ဆရာတော် အရှင်သေဋ္ဌိလ)

ဒေးဒရဲမှာပြုလုပ်တဲ့ အရှင်အာဒိစ္စဝံသ အထိမ်းအမှတ်ပွဲမှာပွဲ နေ့ခင်းပိုင်းစကား ဝိုင်းပြန့်စတော့...

ဒေးဒရဲကွင်းကျောင်းဆရာတော်က ဆရာတော်အရှင်သေဋ္ဌိလကို...

"ဆရာတော်၊ ဒီမှာအခုရောက်လာကြတဲ့ ရဟန်းငယ်တွေထဲမှာ တချို့က ပြည်တွင်းမှာ ကိုယ်စွမ်းနိုင်ရာရာက သာသနာ ပြုနေကြတာလဲရှိတယ်။ တချို့ကလဲ ဆရာတော်

လိုပဲ တစ်ချိန်မှာ နိုင်ငံခြားတိုင်းပြည်တွေအထိ သာသနာပြုကြဖို့ ရည်ရွယ်ကြိုးစားနေကြတာလဲရှိတယ်။ သူတို့တွေမှတ်သားနည်းယူဖို့ ဆရာတော်ရဲ့ ကမ္ဘာ့သာသနာပြု အတွေ့အကြုံကိုလဲ မိန့်ကြားပါဦး”လို့ လျှောက်ထားပါတယ်။

ဆရာတော်ကြီးက...

“သာသနာပြုတယ်ဆိုတာ ကိုယ့်ဝါဒကျယ်ပြန့်ထွန်းကားအောင်လုပ်တာပဲ၊ အရေးကြီးတာက ကိုယ့်ပါဒကျယ်ပြန့်ထွန်းကားစေချင်ရင် သူ့ဝါဒ သူ့ဓလေ့ကို မထိပါးမပုတ်ခတ်ရဘူး။

“ဘယ်နိုင်ငံ ဘယ်ဒေသ, ဘယ်လူမျိုးမှာမဆို သူတို့ရဲ့ မိရိုးဖလာအယူဝါဒ ဓလေ့ထုံးစံဆိုတာရှိတယ်၊ ဒါတွေကို အလကား မိစ္ဆာဝါဒတွေ၊ ရှုးကြောင်ကြောင်အလုပ်တွေဆိုတဲ့ ပုံစံမျိုးနဲ့ မစော်ကားမိဖို့ အရေးကြီးတယ်။ မြတ်စွာဘုရားပွင့်တော်မူလာတဲ့အချိန်က မဇ္ဈိမဒေသဆိုတဲ့ အိန္ဒိယမှာ ဝါဒစွဲ၊ အမျိုးဇာတ်စွဲ၊ ဓလေ့ထုံးစံစွဲတွေ ရှုပ်ရှုပ်ကို ထွေးနေတာပေါ့။ ဒီကြားထဲမှာ ဘုရားရှင် ဘယ်လိုသာသနာပြုတော်မူသွားတယ်ဆိုတာ မျက်ခြယ်မပြတ်စေနဲ့၊ လေ့လာရတယ်၊ အတုယူရတယ်၊ ဘုရားသာသနာပြုမယ့် ပုဂ္ဂိုလ်က ဘုရားကို အတုယူကျင့်သုံးမှပေါ့။

“အရှင်ဘုရားတို့၊ ဝိနည်းသိက္ခာပုဒ်တွေထဲမှာ မြတ်မနုတ်ရ၊ သစ်ပင်မခုတ်ရဆိုတာမျိုးတွေ တွေ့တယ်မို့လား၊

ဒါတွေဟာလောက အနေနဲ့ကြည့်ကြည့်၊ ဓမ္မအနေနဲ့ကြည့် ကြည့် အကုသိုလ်လို့ ပြောစရာ ဘာရှိလို့တုန်း၊ ဒါပေမယ့် မြတ်စွာဘုရားက 'အဲဒါတွေမလုပ်ရ'လို့ ဘာလို့ပညတ်ထား သလဲ၊ အကျိုးမရှိဘဲနဲ့ မပညတ်ဘူး၊ အကျိုး ရှိလို့ပညတ် တာ။

"အဲဒီခေတ်မှာ တချို့လက်ခံစွဲလမ်းထားတဲ့ ဝေလေ့စွဲ တစ်ခုက 'သစ်ပင်ကို ခုတ်ထစ်တာဟာလဲ ဣန္ဒြေတစ်ခုရှိတဲ့ သတ္တဝါကို ညှင်းဆဲတာပဲ'လို့ မှတ်ယူထားကြတာ'အဟိံသာ ပရမောဓမ္မော၊ မညှဉ်းဆဲခြင်းသာ အမြတ်ဆုံးတရား" ဆိုတာ ဒီလို အယူအစွဲရှိသူတွေရဲ့ လက်သုံးစကားပေါ့၊ ဒါကို ဖောက်ဖျက်ကျူးလွန်ရင် လူယဉ်ကျေးလို့တောင်စာရင်း မသွင်းဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ကိုယ့်ဝါဒ မကျယ် ပြန့် မထိရောက်သေးဘဲ သူ့ဝါဒနဲ့ ဆန့်ကျင်ဘက် လုပ်လိုက် ရင် ကိုယ့်စကားကိုနားထောင်မယ့်သူတောင် ရှိမှာ မဟုတ်လို့ သူ့ဝါဒနဲ့ မဆန့်ကျင်အောင် ဒီသိက္ခာပုဒ်တွေကိုပညတ်တာ၊ ဒါကို ပညတ်လိုက်လို့ ကိုယ့်ဝါဒမှာလဲ ဘာမှထိခိုက်နစ်နာ စရာ အကြောင်းမရှိဘူး၊ ဒါကို သဘောပေါက်ဖို့ အရေးကြီး တယ်" လို့ မိန့်ကြားပါတယ်။

နတ်မှီတောရဆရာတော်ကြီးကတော့...

"အယူဝါဒ၊ ဓလေ့ထုံးတမ်းဆိုတာ မှန်တာမှားတာအပထား၊

သူတို့က ဦးထိပ်မှာထားပြီး လေးစားကိုးကွယ်နေကြတာ ဆိုတော့ ဒါကိုထိပါးပုတ်ခတ်လိုက်ရင် ဦးခေါင်းကို ထိပါး ပုတ်ခတ်တာထက် နာကြည်းတတ်တယ်၊ ဒါဟာ ဘာသာဝါဒတိုင်းမှာ ဖြစ်တတ်တဲ့ သဘာဝပဲ၊ ဘယ်ဝါဒနဲ့မှ ထိပ်တိုက် မတိုးရဘူး၊ ပိဋကတ်တော်တွေထဲမှာ မြတ်စွာဘုရားက ... အဲဒီခေတ်က ဂိုဏ်းဆရာကြီးတွေအပေါ် ပြောဆိုသုံးစွဲတဲ့ ဝေါဟာရတွေကိုကြည့်ပါလား။

"တိတ္ထိကြီးတွေ၊ မိစ္ဆာဝါဒီကြီးတွေလို့ ဒီလိုရင့်ရင့်သီးသီး မသုံးဘူး၊ ဟို သာမညဖလသုတ်မှာ ပါတယ်မို့လား၊ ဂိုဏ်း ဆရာကြီးတွေကို ခေါ်ဆိုတဲ့ ဝေါဟာရတွေလေ။

"သင်္ဃီ=အပေါင်းအစုခေါင်းဆောင်။ ဂဏီ=ဂိုဏ်းရဲ့ ခေါင်းဆောင်။ ဂဏာစရိယော=ဂိုဏ်းဆရာ။ ဉာတော= ထင်ရှား ကျော်ကြားသူ။ ယသဿီ= အခြံအရံအသိုင်းဝိုင်း ရှိသူ။ တိတ္ထကရော= အယူဝါဒကိုပြုတတ်သူ။ သာဓုသမ္မတောဗဟုဇနဿ=လူအများက သူတော်ကောင်းလို့ သတ်မှတ်ထားသူ" ဆိုတာတွေဟာ ဘုရားလက်ခံသုံးစွဲတဲ့ ဝေါဟာရတွေဖြစ်လို့ ပိဋကတ်မှာထည့်သွင်းပြီး သင်္ဂါယနာတင်ထားတာတွေပေါ့။ ဒါတွေဟာ မြတ်စွာဘုရားရှင်ရဲ့ သူတော်ကောင်းစိတ်ထားကို ဖော်ပြတဲ့ စကားတွေပဲ။ သူတော်ကောင်းဆိုတာ ဘယ်တော့မှ သူတစ်ပါးကို ထိပါးပုတ်ခတ်

မပြောဘူး"လို့ ဖြည့်စွက်ပြောပါတယ်။

ဒေးဒရဲကွင်းကျောင်းဆရာတော်ကြီးကတော့ ဆေးပညာလဲ နားလည်ကျွမ်းကျင်တာဆိုတော့–

"လူမမာဆေးကုရသလိုပေါ့ ဘုရား၊ အပူလွန်တယ်ဆိုပြီး ဆန့်ကျင်ဘက်ဆေးအေးတွေ တွန်းတိုက်လိုက်ရင် တစ်ခါ တည်းလူမမာငန်းဖမ်းပြီး သေသွားတတ်တယ်၊ တဖြည်းဖြည်း ချင်း ဆေးချက်သွင်းရတယ်။

"ကိသာဂေါတမီကို မြတ်စွာဘုရားက.... တရားဆေးနဲ့ ကုသလိုက်ပုံကြည့်ပါလား၊ သားသေကို ဆေးကုပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ဒါပေမယ့် ဟိုက အားကိုးတကြီးနဲ့လာတာ၊ သောကမီးကလဲ တောက်နေတာ၊ တရားဟော လိုက်ရင်လဲ သောကပူနဲ့ တရားအအေးနဲ့ ဖြောင့်ဖြောင့်ဆန့် ကျင်နေတော့ အကျိုးမရှိတဲ့ အပြင်တရားကို ကလန်ကဆန် လုပ်မိလို့ ဓမ္မန္တရာယ်ဖြစ်ဦးမျာ၊ 'သေသူဆိုတာ ကုလို့ရတာ မျိုးမဟုတ်ဘူး' လို့ တိုက်ရိုက်ကြီး ပြောလိုက်ပြန်လဲ အပူမီး တောက်နေသူအတွက် နေပူကလာသူကို အရိပ်ကနေ ဆီးကန်လွှတ်သလို ဖြစ်သွားမှာ၊ ဒီတော့ မြတ်စွာဘုရားက သူ့အပူသူငြိမ်းနိုင်အောင် ပရိယာယ်နဲ့ အိမ်က မုန်ညင်းစေ့ ရှာခိုင်းတယ်၊ မရတော့ "သေတယ်ဆိုတာ အိမ်တိုင်းနဲ့ဆိုင်တဲ့ တရားပဲ"လို့ သဘောပေါက်ပြီး သောကအပူအေးသွားတော့မှ တရားရေအေးတိုက်

ကြွေးလိုက်တော့ အနာနဲ့ဆေး တစ်ခါ တည်းကိုက်ပြီး အရိယာ ဖြစ်သွားသလိုပေါ့၊ မြတ်စွာဘုရား ရှင်ရဲ့ ဒီလိုနည်းပရိယာယ်မျိုးကို လေ့လာအတုယူရမှာ ပေါ့"လို့ ကောက်ချက်ချပြီး စကားဝိုင်းကို ရပ်နားလိုက် ပါတယ်။

"နာ၁တိမညေထ ကတ္တစိ နကဥ္စိ= ဘယ်အရပ်မှာမဆို ဘယ်လိုပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကိုမျှ မထီမဲ့မြင်မပြုပါစေ လင့်"

(မြတ်ဗုဒ္ဓရဲ့ မေတ္တာဒေသနာ)

❋ ❋ ❋

## ဇရာ

"ငါသေရင် 'ဇရာ'တရားတွေကို အကုန်ယူ မသွားပါဘူးကွာ၊ မင်းတို့အတွက်လဲ ချန်ထားခဲ့မှာပါ၊ အဲဒီကျ မင်းတို့လဲ သိပါလိမ့်မယ်"

(ပင်းမြို့အရှေ့လက်ဂိုဏ်းအုပ်ဆရာတော်ကြီး)

ရှေးက ပင်းမြို့အရှေလက်၊ ခုတော့ နတ်မောက်နယ် အရှေ့လက်"ဆည်လည်တိုက်ကျောင်း"ဆရာတော်ဘုရားကြီးကို အဲဒီနယ်တစ်ဝိုက်မှာ သက်တော်ဝါတော်အကြီးဆုံးလဲဖြစ် အများကလဲ ချစ်၊ ကြောက်၊ ရိုသေကြရတဲ့အတွက် ရှေးအစဉ်အလာအတိုင်း ဂိုဏ်းအုပ်ဆရာတော်ကြီးလို့ပဲ ခေါ်ကြပါတယ်။ မိမိရဲ့ဉပဇ္ဈာယ်ဆရာတော်လဲ ဖြစ်ပါတယ်။ ဘွဲ့တော်က ဘဒ္ဒန္တဇာနိကပါတဲ့။

ဆရာတော် အသက်ကြီးလာတော့ နားနည်းနည်းလေးပါတယ်၊ စကားဝိုင်းမှာ တပည့်ရဟန်းတွေ ပုံမှန်ပြောနေတာကို သဲသဲကွဲကွဲ မကြားရလို့ ထပ်မေးတဲ့အခါ ရဟန်းငယ်တွေက ကောင်းကောင်းမဖြေချင်ကြဘူး၊ တချို့ကလဲ ခပ်ဆတ်ဆတ်အော်ပြီး လျှောက်တတ်ကြတယ်၊ ကြာတော့လဲ တပည့်များက ဆရာတော်အနားကို တယ်မကပ်ချင်ကြတော့ဘူး၊ ခေါ်ပေမယ့်မကြားချင်ယောင်ဆောင်နေတတ်ကြတယ်၊ အဲဒီအခါမှာ ဆရာတော်ကြီး ပြောလေ့ရှိတာကတော့ အထက်မှာပါတဲ့အတိုင်းပါပဲ။

တချို့အိမ်တွေမှာ အဘိုး၊ အဘွား မိဘို၊ ဘအိုတွေကို သားသမီးတွေ မြေးတွေက စိတ်ရှည်လက်ရှည် မဆက်ဆံကြတာ၊ အော်ဟစ်ပြီး ပြောဆိုဆက်ဆံကြတာ၊ တချို့ အနားမကပ်ချင်ကြတာတွေကို တွေ့ရတိုင်း ဆရာတော်ကြီးရဲ့ စကားကို ကြားယောင်နေပါတော့တယ်။

❋ ❋

# အိုနာသေရဲ့ကျေးဇူး

"အို၊နာ၊သေဆိုတာ လောကကို ထိန်းပေးနေတဲ့ လောက ကျက်သရေဆောင်တရားတွေကွ၊ သူတို့ ဒီလောကထိန်းပေး နေတာတောင် မာနတွေ ဒေါသတွေ ဒီလောက်တက်နေ ကြတာ၊ မထိန်းသာ မထိန်းလို့ကတော့လား..."

မြန်မာပြည်အလယ်ပိုင်းက ကျေးရွာအလှူတစ်ခုမှာ ရပ်ဝေးရပ်နီးက ကျောင်းထိုင်ဆရာတော်တွေ အတော်ဆုံမိကြတယ်၊ မနက်စောစော ရေနွေးပိုင်းမှာ သွားမရှိတော့လို့ မာတဲ့အစာ မဝါးနိုင်တဲ့ ဆရာတော်ကြီးက ညက်အောင် လုပ်ပေးထားတဲ့ စားစရာတစ်ခုကို သွားဖုံးနဲ့ဝါးပြီး မျိုမျိုချနေတယ်။ အဲဒါကို အရွယ်လတ်ပိုင်း ဆရာတော်တစ်ပါးက "ဆရာတော်သွားအတုတွေ စိုက်ထားဆို အဲဒါနဲ့ဝါးလို့မရဘူးလား"လို့ လျှောက်တော့–

"သွားအတုက လူကြားထဲဟန်လုပ်ဖို့နဲ့ စကားပြောတဲ့အခါပဲ နည်းနည်းပါးပါး အထောက်အကူဖြစ်တာ၊ စားစရာဝါးတော့ မိမွေးတိုင်းလို အရသာမထွက်ဘူး"တဲ့။

တခြားရဟန်းလတ်တစ်ပါးက "တပည့်တော်တော့ မျက်စိမှုန်၊ နားထိုင်း၊ သွားကျိုးတဲ့အထိ အသက်မရှည်ချင်ဘူး"လို့ ဝင်လျှောက်လိုက်တော့–

"အေး–တကယ်မတွေ့ခင်တော့ ပြောကြတာပေါ့ကွာ၊ တကယ်တွေ့လာတော့ ဘယ်သတ္တဝါမှ မသေရဲပါဘူးကွ၊ ဘဝတဏှာဆိုတာ ဒီလောက်လွယ်လွယ်နဲ့ ဖြစ်လို့ရမှတ်သလား၊ ငါ့ရှင်က ကံခွဲတမ်းကို တစ်ဝက်ပဲပိုင်းယူချင်တာကိုး၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ မွေးဖွားလာတာကို လက်ခံပြီးမှတော့ အိုတာ နာတာ သေတာလဲ လက်ခံရမှာပေါ့ကွယ့်၊ ဒါဟာ အလှည့်ကျခွဲတမ်းတွေပဲဟာ ဘယ်ရှောင်လွှဲလို့ရ မလဲ"– တဲ့။

"အိုလွန်းလာပြီဆိုတော့ ကိုယ့်တပည့်သားမြေးကလဲ ရှောင်ဖယ်၊ ရှောင်ဖယ်လုပ်ချင်လာတယ်ဘုရား၊ တပည့်တော်တွေ့ဖူးတယ်၊ တချို့က ဆွမ်းတစ်ပွဲတည်း အတူစားရမှာ တောင်ရွံသလိုလိုနဲ့"လို့ ထပ်လျှောက်တဲ့အခါ...

"အို၊နာ၊သေဆိုတာ လောကို ထိန်းပေးနေတဲ့ လောက ကျက်သရေဆောင်တရားတွေကွ၊ သူတို့ ဒီလောက်ထိန်းပေးနေတာတောင် မာနတွေ ဒေါသ

တွေ ဒီလောက်တက်နေ ကြတာ၊ မထိန်းသာ မထိန်း လို့ကတော့လား...ကိလေသာတွေ ပေါင်းစုံထပြီး လောကကြီး ဘယ်လောက် ကျက်သရေ ယုတ်လိုက် မလဲ...

ကိုယ်တော်လေးတို့ စဉ်းစားကြည့်၊ ခု တို့တစ်တွေ ဒီလို သာသနာတော်ကြီးနဲ့ ကြုံရတာ ဒီတရားတွေရဲ့ ကျေးဇူး အများကြီးပါတယ်၊ အိုတာ နာတာ သေတာ မရှိလို့ ဒီနိမိတ် တွေကို သိဒ္ဓတ္ထမင်းသား မတွေ့ရရင် နန်းတော်ထဲက ဘယ် ထွက်မလဲ၊ မထွက်ရင် ဘုရားကောဖြစ်မလား၊ ဘုရားမပွင့်ရင် ဘယ်လိုလုပ်သာသနာနဲ့ကြုံမှာလဲ"တဲ့။

အို၊ နာ၊ သေလောကဓံတရားအပေါ်မှာ စစ်မှန်တဲ့ နှလုံးသွင်းနဲ့ ရင်ဆိုင်သည်းခံနိုင်ကြတဲ့ မထေရ်မြတ်တို့ရဲ့ စကားဟာ လောကသားတိုင်း လောကဓံကိုရင်ဆိုင်နိုင်ရေး အတွက် အစွမ်းထက်တဲ့ အားဆေးလိုပါပဲ။

❋ ၜၜၜ ❋

# ဝေဖန်ရေး

"ဝေဖန်ရေးဆိုတာ အမှားကိုထောက်ပြတတ်ရုံနဲ့ မပြီးဘူး၊ အမှန်နဲ့အစားထိုးပြနိုင်မှ အသက်ဝင်တာ၊ ဗုဒ္ဓဝါဒ ဒီနေ့ထိ အသက်ရှင်နေတာဟာ ဒီလိုအသက်ဝင်လို့ပေါ့"

(ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ အဘိဓမ္မမဟာရဋ္ဌဂုရု ဆရာတော် အရှင်သေဋ္ဌိလ)

၁၃၃၇ ခုနှစ်လောက်က ဒေးဒရဲမြို့၊ ကွင်းကျောင်းတိုက်အတွင်းမှာ ဆရာတော် အရှင်အာဒိစ္စဝံသရဲ့ တပည့်ဟောင်းကြီးများစုပေါင်းပြီး ဆရာတော်ကြီးရဲ့ အထိမ်းအမှတ်ပွဲတစ်ခုပြုလုပ်တယ်။ အဲဒီပွဲမှာ အရှင်အာဒိစ္စဝံသရဲ့ တပည့်ဟောင်းကြီးများဖြစ်တဲ့ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် အရှင်သေဋ္ဌိလ၊ တောင်တွင်းကြီး နတ်မိုးတောရဆရာတော်

အစရှိတဲ့ ဆရာတော်ကြီးများ အတော်စုံစုံညီညီဆုံမိကြပါတယ်။ ဆရာတော်ကြီးများဟာ အသက်အရွယ်ကြီးရင့်ကြပြီဖြစ်လို့ တရားရှည်ရှည်ကြီးတွေ မဟောကြဘဲ တစ်ပါး ၁၅ မိနစ်၊ နာရီဝက်ဆိုသလို အသီးသီးဆွေးနွေးမိန့်ကြားကြပါတယ်။

အဲဒီပွဲမှာ အရှင်သေဋ္ဌိလဆရာတော်ဘုရားကြီးက– "ဝေဖန်တယ်၊ ပိုင်းခြားတယ်ဆိုတာဟာ အဘိဓမ္မာတစ်ရပ် ကိုတင်ပြတာပဲ၊ အဲဒီတော့ ဝေဖန်ရေးဆိုတာ အမှားကို ထောက်ပြတတ်ရုံနဲ့ မပြီးဘူး၊ အမှန်နဲ့ အစားထိုးပြနိုင်မှ အသက်ဝင်တာ၊ အသက်ဝင်မှလဲ အသက်ရှင်တယ်၊ဗုဒ္ဓဝါဒ ဒီနေ့ထိ အသက်ရှင်နေတာဟာ ဒီလို အသက်ဝင်လို့ပေါ့၊ ဒါဟာ မိဂဒါဝုန်မှာ မြတ်စွာဘုရားချမှတ်ပေးလိုက်တဲ့ 'စံ' ပဲ။

"မြတ်စွာဘုရားရဲ့ တရားဦးဖြစ်တဲ့ ဓမ္မစကြာကို လေ့လာကြည့်မယ်ဆိုရင်...ပထမအစွန်းတရားနှစ်ပါးဆိုတဲ့ အမှားနှစ်မျိုးကို ထောက်ပြတယ်။ ပြီးတော့ အဲဒီအမှားကို 'မဇ္ဈိမ ပဋိပါဒ'ဆိုတဲ့ အမှန်တရားနဲ့ အစားထိုးပေးတယ်၊ ဒါကြောင့်လဲ 'ဗုဒ္ဓဝါဒ' 'ဗုဒ္ဓအဘိဓမ္မာ'ဟာ ဒီနေ့အထိ ဘယ်ပညာရှင်မှ ငြင်းပယ်လို့မရနိုင်တဲ့ အမှန်တရားအဖြစ် ရပ်တည်နေနိုင်တာပေါ့။

"မြတ်စွာဘုရားမပွင့်ခင်က ဝါဒတစ်ခုပေါ်လိုက် အဲဒီဝါဒကို နောက်ပုဂ္ဂိုလ်က အမှားလို့ဝေဖန်လိုက်၊ ပြီးတော့ ခုခံသူက ပြန်ခုခံလိုက်နဲ့ ဝါဒတွေဟာ လုံးချာလိုက်နေတာပဲ၊ ဘယ်သူ့ဝါဒ အမှန်ဆိုတာတော့ ဘယ်ပညာရှင်မှ အတိအကျမဆုံး ပြတ်နိုင်ခဲ့ဘူး။

"မှားတယ်လို့ပြောဖို့ဆိုတာက လိုအပ်ချက်ကိုပေးစွမ်းနိုင်မှုမရှိရင်'ဒါဟာ မှားနေတယ် မမှန်ဘူး'လို့ ပြောနိုင်တာပဲ၊ ဝါဒတစ်ခု ပေါ်ပေါက်တယ်ဆိုတာကလဲ လောကရဲ့ဒုက္ခကို ကုစားဖို့ပေါ်လာရတာကိုး၊ ဒီဒုက္ခကိုတကယ် ပျောက်ကင်းအောင် ကုစားမပေးနိုင်ဘူးဆိုရင် ဒါကို မှားတယ်လို့ဘယ်သူမဆိုပြောနိုင်တာပဲ၊ "ဒါဖြင့် ဘာကမှန်သလဲ"လို့ ပြန်ပြီးမေးခွန်းထုတ်တဲ့အခါကျမှသာ ကိုယ်ကအစားထိုး မပြနိုင်တာ။ မြတ်စွာဘုရားကျတော့ ဒီလိုအဟုတ်ဘူး အမှားကိုလဲထောက်ပြတယ်၊ အမှန်နဲ့လဲ အစားထိုးနိုင်တယ်၊ ဒီအမှန်ကလဲ ဒုက္ခငြိမ်းမှုကို ပေးစွမ်းနိုင်လို့ လောကရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတယ်၊ ဒါ့ကြောင့် အသက်ဝင်ပြီး အသက်ရှင်နေတာပေါ့"တဲ့။

ဆရာတော်အရှင်သေဋ္ဌိလ ပြောပြီးတဲ့အခါ နတ်မီတောရဆရာတော်ကြီးက–

"အမှားကိုထောက်ပြပြီး အမှန်နဲ့အစားထိုးတဲ့နေရာမှာ ကိုယ်ပြောမယ့်အမှန်တရားဟာ လက်ရှိလိုအပ်ချက်နဲ့လဲ

ကိုက်ညီရမယ် လက်တွေ့စမ်းသပ်မှုကိုလဲ ခံနိုင်ရမယ်၊ ဒါဟာ အဘိဓမ္မာတစ်ရပ်ရဲ့ အရေးကြီးဆုံးအရည်အချင်းပဲ၊ တရား ဂုဏ်တော်(၆)ပါးထဲမှာ သံဒိဋ္ဌိက ဧဟိပဿိကဆိုတဲ့ ဂုဏ် တော်တွေဟာ အဲဒီအရည်အချင်းကိုဖော်ပြတာ ဘယ်အဘိ ဓမ္မာ ဘယ်ဝါဒမှာမှ မရှိတဲ့ဂုဏ်တော်ကတော့ 'ဧဟိပဿိက' 'လာ-လက်တွေ့စမ်းကြည့်'လို့ ကမ္ဘာ့ပညာရှင်အားလုံးကို ဖိတ်ခေါ်ရဲတဲ့ဂုဏ်တော်ပဲ။ 'သံဒိဋ္ဌိက' 'လက်တွေ့အကျိုးရှိရမယ်' 'ဧဟိပဿိက' 'မယုံရင် လာစမ်းကြည့်နိုင်တယ်' ဆိုတဲ့ စကားဟာ ဘယ်ဝါဒမှာမှမရှိတဲ့ တကယ့် 'စိန်ခေါ်မှုကြီးပဲ' လို့ ဖြည့်စွက်ပြောပါတယ်။

ဒေးဒရဲကွင်းကျောင်းဆရာတော်ကြီးကတော့–

"အမှားကို ထောက်ပြခြင်းထက် အမှန်ကို ဖော်ပြတာက ပိုပြီးအရေးကြီးတယ်၊ ဓမ္မစကြာမှာ လေ့လာကြည့်ရင် အမှား ကိုထောက်ပြတဲ့အပိုင်းက တိုတိုလေးရယ်၊ စကားလေး နှစ်ပိုဒ်တည်းရယ်၊ အစွန်းနှစ်ပါးလို့ခေါ်တဲ့ အမှားနှစ်ခုဟာ သူတို့ချင်း ဖြောင့်ဖြောင့် ဆန့်ကျင်သလိုရှိပေမယ့် 'အနတ္ထသံ ဟိတော' 'ခုရောနောင်ပါ ဘာအကျိုးမှမရှိဘူး'ဆိုတာ ချင်းကအတူတူပဲ၊ ဒီတော့ အမှားကိုထောက်ပြရာမှာ 'အကျိုး မရှိဘူး'ဆိုရင် လုံလောက်သွားပြီ၊ အမှန်နဲ့ အစားထိုးပြရာမှာကျတော့ ဒီလောက် တိုတို တောင်း

တောင်း လုပ်လို့မရဘူး၊ ပြည့်စုံရတယ်။ ဓမ္မစကြာကို သေသေချာချာ လေ့လာရင် ဒီအချက်တွေပေါ်လွင်နေပါတယ်" တဲ့။

ဆရာတော်အရှင်သေဋ္ဌိလ မထေရ်မြတ်ကြီးက ထပ်ပြီးပြောတာကတော့...

"သူ့လက်မှာဝတ်ထားတဲ့ ချက်ကျောက်ကြီးကို ဒါအတုကြီးပဲဆိုပြီး ဆွဲမချွတ်လိုက်နဲ့၊ "သူများလှတာ မနာလိုလို့လား"ဆိုပြီး လက်ကိုပုတ်ချလိုက်လိမ့်မယ်၊ ကိုယ့်မှာရှိတဲ့ 'စိန်'အစစ်ကို လက်တွေ့ပြ၊ ဒါ 'စိန်'အစစ်ပဲလို့ သူနားလည်အောင်ပြောပြနိုင်ရင် သူ့လက်ကအတုကြီးကို သူကိုယ်တိုင်ချွတ်လွှင့်ပစ်လိမ့်မယ်၊ အဲဒါကြောင့် သူများအမှားကို ပယ်ပယ်နယ်နယ်ကြီး အပုပ်ချသလို ပြောနေမယ့်အစား ကိုယ်ပြောမယ့်အမှန်တရားကိုသာ သူများနားဝင်လောက်အောင် ရေရေလည်လည်ပြောပြဖို့ အရေးကြီးတယ်၊ ဒါဟာ မိဂဒါဝုန်မှာ မြတ်စွာဘုရားအသုံးချခဲ့တဲ့မူပဲ'လို့ ဆိုပြီး စကားဝိုင်းကိုနားလိုက်ပါတယ်။

"ဦးခေါင်းကို ဆေးကုရတာဟာ ခြေထောက်က အနာကို ဆေးကုရတာထက် ပိုပြီးသိမ်မွေ့ညင်သာဘို့ လိုအပ် ပါတယ်"လို့ သတိပေးလိုရင်း ဖြစ်ပါတယ်။

❋ ❦ ❋

## အတွေ့အကြုံ

"ဘယ်အတွေ့အကြုံမှ တစ်ခဏနဲ့ရတာ မဟုတ်ဘူး၊ ဘဝနဲ့ရင်းယူရတာ၊ မြတ်စွာဘုရားတို့ရဲ့ အတွေ့အကြုံကတော့ တစ်ဘဝနှစ်ဘဝနဲ့တောင် ရတာမဟုတ်ဘူး၊ လေးသင်္ချေ ကမ္ဘာတစ်သိန်းဆိုတဲ့ ဘဝပေါင်း များစွာနဲ့ ရင်းထားတာ၊ ဒါကြောင့် ပြည့်ပြည့်စုံစုံ တိတိကျကျ ဆုံးမဟောပြနိုင် တာပေါ့"

(မိတ္ထီလာ တောမ
မမ္ဘာရုံ ဆရာတော်ဘုရားကြီး)

၁၃၄၉ ခု နှစ်ဦးပိုင်းလောက်က တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်မှာ သာမဏေကျော် ပဋ္ဌင်းလောင်းတစ်ပါးရဲ့ ရဟန်းခံပွဲမှာ မိတ္ထီလာမြို့နားက သက်တော် (၉၀)ရှိပြီဖြစ်တဲ့ တောမမ္ဘာရုံ ဆရာတော်

ဘုရားကြီးလဲ ကြွရောက်ချီးမြှောက်ပါတယ်။ ဆရာတော်ကြီးက မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ကိုရင်ဘဝကတည်းက ရဟန်းတော်အဖြစ်နဲ့ မင်းကွန်းမှာ အတူစာသင်ဘက်ဖြစ်လို့ မင်းကွန်းဆရာတော်ကြီးနဲ့လဲ တွေ့ရအောင်ဆိုပြီး ကြွလာတာပါ။

ညပိုင်းမှာ ဆရာတော်ကြီးကို ဝတ်ပြုပေးရင်း စာကြောင်းပေကြောင်း စပ်မိရာက သိင်္ဂါလောဝါဒသုတ်အကြောင်း ရောက်သွားတယ်။ အဲဒီမှာ မိမိကလဲ လူတက်ကြီးလုပ်ပြီး...

"ဆရာတော်၊ သိဒ္ဓတ္ထမင်းသားဟာ အသက်ငယ်ငယ်လေးနဲ့ တောထွက်သွားတာ၊ နန်းတော်ထဲမှာ နေတုန်းကလဲ လောကကြီးနဲ့ သိပ်ပြီး ကျယ်ကျယ် ပြန့်ပြန့်ထိတွေ့လေ့လာနိုင်တာ မဟုတ်ဘူး၊ နန်းတော်ပြတင်းပေါက်လောက်ကပဲ လောကကြီးကို ကြည့်ခဲ့တာ၊ ဘုရားအဖြစ်ရောက်လို့ သိင်္ဂါလောဝါဒသုတ်ကို ဟောလိုက်တဲ့အခါကျတော့ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်ကစပြီး သခင်နဲ့ကျေးကျွန်အထိ အပြန် အလှန်ဝတ္တရားတွေကို ဟောလိုက်တာ ထောင့်ကိုစုံစေ့နေတာပဲ၊ အဲဒါ သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းကြောင့်လို့ ဆိုရမှာပဲထင်တယ်" လို့ လျှောက်ထားမိတယ်။

ဆရာတော်ဘုရားကြီးက "သဗ္ဗညုတဉာဏ်တော်ဆိုတာ သိသင့်သမျှကို သိတော်မူတဲ့ဉာဏ်ဆိုတော့ အဲဒါ သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းမဟုတ်ဘူးလို့တော့ မပြောနိုင်ဘူးပေါ့ကွာ၊ ဒါပေမယ့် 'စာ' ဆိုတာ ဒီလောက်ကျဉ်းကျဉ်း မြောင်းမြောင်းလေးတင် မယူရဘူး၊ ကျယ်ကျယ် ပြန့်ပြန့်ရှိရင် ရှိသလောက် ထောက်ဆယူရတယ်၊ အတွေ့အကြုံဆိုတာ ဘယ်အတွေ့အကြုံမှ တစ်ခဏနဲ့ရတာ မဟုတ်ဘူး၊ ဘဝနဲ့ရင်းယူရတာ၊ မြတ်စွာဘုရားရှင်တို့ရဲ့ အတွေ့အကြုံကတော့ တစ်ဘဝ၊ နှစ်ဘဝနဲ့ တောင်ရတာမဟုတ်ဘူး၊ လေးသင်္ချေ ကမ္ဘာတစ်သိန်းဆိုတဲ့ ဘဝပေါင်းများစွာနဲ့ ရင်းထားတာ၊ ဒါကြောင့် ပြည့်ပြည့်စုံစုံ တိတိကျကျ ဟောပြနိုင်တာပေါ့။ ငါးရာငါးဆယ်ဇာတ်တော်တွေ ကြည့်ပါလား။ ဘုရားအလောင်းရဲ့ ဘဝပေါင်းက အစုံပဲမဟုတ်လား။ ဖအေလဲဖြစ်ဖူး၊ သားလဲဖြစ်ဖူး၊ ဆရာ၊ တပည့်၊ သခင်၊ ကျွန်၊ မင်း၊ အမတ်၊ ရသေ့၊ ရဟန်း ဘဝတွေတင်မကဘူး၊ တိရစ္ဆာန်ဘဝတော်တော် မျိုးစုံတောင်ဖြစ်ဖူးတယ် မဟုတ်လား။ ဒါတွေကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်နဲ့ ပြန်ကြည့်လိုက်တော့ ဘဝမျိုးစုံရဲ့ လိုအပ်ချက်တွေ ချွတ်ယွင်းချက်တွေ၊

ပြည့်စုံရမယ့် အချက်တွေအားလုံး သိလာတာပေါ့။ ဒါကြောင့် သိင်္ဂါလောဝါဒသုတ်ကြီးကို ဒီလောက် ပြည့်ပြည့်စုံစုံဟောတော်မူနိုင်တာလို့ ဒီလိုအဓိပ္ပါယ် ယူလိုက်ရင် ပိုပြီး မပြည့်စုံဘူးလား" တဲ့။

ဆရာတော်ဘုရားကြီးရဲ့ အဓိပ္ပါယ်ကောက်ယူကြံဆပုံကို အံ့ဩဝမ်းသာ ကြည်ညိုရင်း မိမိရဲ့ မတောက်တစ်ခေါက် ဉာဏ်အမြင်ကလေးအတွက် ခပ်ရှက်ရှက်နဲ့ပဲ အသာလေး ခေါင်းငုံ့ပြီး'မှန်ပါဘုရား'လို့ ဝန်ခံလိုက်ရတော့တယ်။

# အပြောနဲ့အလုပ်

'အပြော'ဆိုတာအလုပ်နဲ့ ညီညွတ်ပြီး အသိနဲ့ ကွဲပြားရတယ်။

'အလုပ်'ကျတော့ 'အပြောနဲ့ကော' 'အသိနဲ့ကော'ကိုက်ညီရတယ်။ဒါဟာတရားထူး တရားမြတ်ရရှိဖို့အတွက် အရေးကြီးတဲ့ အချက်ပဲ။

(တောရဆရာတော်ကြီး)

တောရဆရာတော်ကြီးဆိုတာ ငယ်ငယ်က ပခုက္ကူမှာ ပိဋကတ်စာပေကို ပေါက်ရောက်အောင်သင်ယူခဲ့ပြီး အသက်နည်းနည်းကြီးလာတော့ မထင်မရှားအရပ်မှာ တောရဆောက်တည်ရင်း ပဋိပတ်အလုပ်အားထုတ်နေတဲ့ ဆရာတော် ကြီးပါ။ မိမိတို့ရောက်ခဲ့တုန်းက သက်တော်ရှစ်ဆယ်နား ကပ်နေပေမယ့် ဆွမ်းခံကြွတဲ့ဝတ် မပျက်ဘူး။ ဒကာဒကာမ တွေကို ချီးမြှောက်ဖို့ နေ့စဉ်ဆွမ်းခံကြွတယ်။

ဝါဝင်ဝါထွက်မှာ အနီးတစ်ဝိုက်မှာရှိကြတဲ့ ကျောင်းတွေက သံဃာတော်တွေစုပြီး ဆရာတော်ကြီးကို ကန်တော့ကြတော့ ဩဝါဒပေးရင်း အထက်ပါစကားကို အလေးအနက်မိန့်ကြားလိုက်တဲ့အခါ စကားကလေးနက်ပြီး ပဟေဠိဆန်သလိုဖြစ်နေလို့ ဆိုလိုရင်းကို သဘောမပေါက်ကြဘူး၊ အားလုံးပဲ ဆရာတော်ကြီးမျက်နှာကိုသာ ငေးကြည့်နေမိကြတယ်။

ဆရာတော်ကြီးက– "အရှင်ဘုရားတို့ သိပ်သဘောမပေါက်ကြဘူးထင်တယ်၊ ဒီလိုလေ အရှင်ဘုရားတို့ပြောကြ၊ ဟောကြတဲ့အခါ 'ကောင်းမှုတွေလုပ်ကြဖို့၊ မကောင်းမှုကိုရှောင်ကြဖို့၊ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ကြဖို့'တို့ ပါတယ် မဟုတ်လား၊ ဒီစကားမျိုးပြောတဲ့ ပုဂ္ဂိုလ်က ကိုယ်တိုင်လဲ ကိုယ့်အပြောနဲ့ ကိုက်ညီအောင်နေရတယ်။ အဲပြောတဲ့အထဲမှာ လူတို့နတ်တို့၊ ငါသူတစ်ပါး၊ ယောကျ်ားမိန်းမတို့ ဆိုတာလဲ ပါမှာပေါ့၊ အဲဒါတွေကျတော့ အပြောနဲ့အသိလုံးနေလို့မဖြစ်ဘူးလေ၊ ငါ သူတစ်ပါး ဆိုတာက ပြောရုံသာ မှန်တာ။ အရှိတရားမဟုတ်ဘူး၊ ရှိတာကတော့ ရုပ်နာမ် ပရမတ်တွေပဲမဟုတ်လား၊ အဲဒီလိုကွဲပြားရတယ်။ ငါသူတစ်ပါးစသည်ပြောသလို ငါသူတစ်ပါးလို့ပဲသိနေရင်တရားရနိုင်ပါ့မလား"

ဆရာတော်ကြီးက စကားကိုခဏရပ်လိုက်တယ်၊ အားလုံးမျက်နှာမှာလဲ သဘောပေါက်သလိုဖြစ်ပြီး ပီတိရိပ်များသမ်းလာကြတယ်။ ဆက်လက်ပြီး ဆရာတော်ကြီးက–"အဲ–လုပ်တဲ့အလုပ်ကျတော့ ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ်၊ လုပ်တဲ့အတိုင်းပဲ ရိုးရိုးသားသားပြောရတယ်။ ကိုယ်လုပ်တဲ့အလုပ်ဟာ ကောင်းတဲ့အလုပ်လား၊ ဆိုးတဲ့အလုပ်လားဆိုတာလဲ သိရတယ်လေ။

"မြတ်စွာဘုရားလက်တော်က သာသနာတော်နဲ့ မသင့် လျော်တဲ့အလုပ်တွေကို ကျူးလွန်ကြတဲ့ ရဟန်းတော်တွေ ရှိတယ်မဟုတ်လား၊ သူတို့ကြောင့်ပဲ ဝိနည်းသိက္ခာပုဒ်တွေ ပညတ်တော်မူရတာလေ၊ အဲဒီ ရဟန်းတော်တွေကို ဒီလိုမသင့် လျော်တဲ့အလုပ်တွေ လုပ်တယ်လို့ မြင်ရ၊ ကြားရ သံသယဖြစ်ကြတဲ့ တခြားရဟန်းတော်တွေကပဲဖြစ်ဖြစ်၊ ဘုရားရှင်က ပဲဖြစ်ဖြစ် မေးလိုက်တဲ့ အခါ မလိမ်ကြဘူး၊ အမှန်အတိုင်းဝန် ခံပြောဆိုကြတယ်။ သူတို့ကြောင့်ပဲ အခုတပည့်တော်တို့အ တွက် ဝိနည်းသိက္ခာပုဒ်တွေ အပြည့်အစုံဖြစ်ပေါ်လာရတာ၊ အံမာ 'ဝိနည်းဆိုတာ သာသနာ့အသက်'ဆိုတော့ ဒီအသက် သွေးကြောကို သူတို့က ဖော်ထုတ်ပေးပလေတယ်ဆိုပြီး သူတို့ ကိုကျေးဇူးတင်ရမှာ၊ ဒီကိုယ်တော်ကြီးတွေကြောင့် တို့တစ် တွေဝိနည်းသိက္ခာပုဒ်တွေလိုက်နာ နေရတယ်ဆိုပြီးများ မပြစ်မှားလိုက်

ကြနဲ့၊ ကျေးဇူးရှင်ကြီးတွေဗျ၊ ပြီးတော့ ကြည်လဲ အလွန် ကြည်ညိုစရာကောင်းပါတယ်။ အလွန်ရိုးတာ၊ ဘာမှ မကောက်ကျစ်ကြဘူး၊ အမှန်အတိုင်း ဝန်ခံကြတယ်။ ဒီပုဂ္ဂိုလ် မျိုးတွေကျတော့ မကောင်းမှုပြုထားမယ့် မဂ်တား ဖိုလ်တား မဖြစ်ဘူး။

"မဂ်ဖိုလ်တရားထူးရဖို့ဆိုတာ ယုံကြည်ရမယ်၊ ကျန်း မာရမယ်၊ ရိုးသားရမယ်၊ ကြိုးစားရမယ်၊ ဆင်ခြင်ဉာဏ်ရှိ ရမယ်၊ ဒီငါးချက်ပြည့်စုံရင် မဂ်ဖိုလ်ရနိုင်တာပဲ၊ သူတို့ ရိုးသား ကြတယ်လေ။ မြတ်စွာဘုရားက 'ဒါဟာ သာသနာနဲ့ မလျော် တဲ့အလုပ်၊ မကောင်းတဲ့အလုပ်'လို့ ဆုံးမလိုက်တော့ သူတို့လဲ ကိုယ့်အလုပ်ကိုယ် ကောင်းတာမကောင်းတာ ခွဲခြားသိသွား ပြီ နောက်ကြဉ်တော့မှာပေါ့။

"ဒါကြောင့်'အလုပ်ကျတော့ အပြောနဲ့ကော အသိနဲ့ ကော ကိုက်ညီရတယ်'လို့ပြောတာတဲ့"

လေးနက်လှတဲ့ ဆရာတော်ကြီးရဲ့ ဩဝါဒကို အားလုံး ပဲနားလည်ပြီး ကျေနပ်ကြလို့ သာဓုသံပြိုင် ခေါ်ကြပါတယ်။

အပြောနဲ့အလုပ်မညီကြသူ၊ အပြောနဲ့အသိမကွဲဘဲ ပြောတဲ့အတိုင်းသာ သိနေကြသူ၊ မှားနေတာကို မှားမှန်းမသိ သူ၊ မှားမှန်သိရက်နဲ့ အမှန်ကိုဝန်မခံဘဲ လှည့်ပတ်ကောက် ကျစ်တတ်ကြသူတွေ အများကြီးပါ။ ဘယ်သူမှမသိသေး

သမျှ အပြစ်ကိုဖုံးလို့ရတယ်လို့ ထင်နေကောင်းထင်နေပါလိမ့်မယ်။ တကယ်တော့ ဖုံးလွှမ်းခြင်းဟာ လိမ်ညာခြင်းပဲဖြစ်လို့ ကောက်ကျစ်တဲ့စိတ်ထားရှိတာအမှန်ပါ။ ဒါဟာ မဂ်ဖိုလ် ကိုတား မြစ်ပိတ်ပင်တဲ့ စိတ်ထားပါ။

အပြောနဲ့အသိ တကယ်ကွဲပြားတယ်။ (ငါသူတစ်ပါးလို့ ပါးစပ်ကပြောရုံသာပြောပြီး အသိက တကယ့်အရှိရုပ်နာမ် လို့သိတယ်)ဆိုတာ အရိယာအဆင့်မှာသာ ဖြစ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် အပြောနဲ့အသိ မကွဲပြားသေးရုံမျှနဲ့တော့ မဂ်တားဖိုလ်တားမဖြစ်သေးပါဘူး။ မဂ်ရဖိုလ်ရအဆင့်မရောက်သေးဘူးလို့သာဆိုရမှာပါ။

အဲ – လှည့်ပတ်ကောက်ကျစ်ခြင်းကတော့ မဂ်ထား၊ ဖိုလ်တားဖြစ်ပါတယ်။ သောတာပတ္တိမဂ်ရနိုင်ကြောင်း အင်္ဂါရပ်ထဲမှာ ရိုးသားရမယ် (မကောက်ကျစ်ရဘူး) လို့ မြတ်စွာ ဘုရားဟောကြားထားပါတယ်။

မရိုးသားမှုဟာ သစ္စာတရားရဲ့ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ပြီး ရိုးသားမှုဟာ သစ္စာတရားရဲ့ ရှေ့ပြေးဖြစ်တယ်လို့ သဘောပေါက်မိပါတယ်။

မဂ်တား၊ ဖိုလ်တား အကောက်များဖယ်ရှားနိုင်ပါစေ။

❋ ❋

# ဘုန်းကံနဲ့ စာရေးတံမဲ

"ကဿပဘုရားရှင် မဟာဒုက်ရဲ့
အိမ်ကုတ်ကလေးထဲ
ငုံ့ဝင်ရတာ ဘုန်းကံနဲ့လို့လား သင်္ချာရဲ့"
(ဗန်မော်ဆရာတော်)

ဒီနှစ် ၁၃၆၃–ခုနှစ်၊ တပေါင်းလပြည့်နေ့က ဒေးဒရဲမြို့ ကျိုက်ဒေးယျုံဘုရားပွဲရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဆွမ်းဆန်တော်လောင်းလှူပွဲ နေ့လဲဖြစ်ပါတယ်၊ ဒီပွဲမှာ အနီးတစ်ဝိုက်မှာရှိကြတဲ့ ကျောင်းအသီးသီးက သံဃာတော်များ ပင့်ဖိတ်ပြီး ဆွမ်းဆန်စိမ်းနဲ့အတူ စာရေးတံမဲများလဲ လောင်းလှူလေ့ရှိပါတယ်။ ကြွရောက်လာတဲ့ ဆရာတော်ကြီးတွေက ဘယ်ကျောင်းဘုန်းကြီးက ကံကောင်းတယ်၊ စာရေးမဲ ကောင်းကောင်းရတယ် ဆိုတဲ့အကြောင်းတွေ စပ်မိပြောဆိုနေကြတဲ့အခါ ကွင်းကျောင်းဆရာတော် ဘဒ္ဒန္တသုရာနာထက "ဆရာတော်တို့ ပြောနေတာဟာ ဗန်းမော်ဆရာတော်

ပြောတာနဲ့တော့ ဖြောင့်ဖြောင့်ဆန့်ကျင်နေတယ်”လို့ စကား ထောက်လိုက်ပါတယ်။

တစ်ခြားဆရာတော်များက “ဗန်းမော်ဆရာတော်ရဲ့ ပြောပုံကို မိန့်ကြားပါအုန်းဘုရား”ဆိုတော့ ဗန်းမော် ဆရာတော်တို့က စကားပရိယာယ် အလွန်ကြွယ်ဝတယ်၊ ပြောစရာ ဆိုစရာရှိရင်လဲ ပြောလဲပြောတတ်တယ်၊ ပြောလဲ ပြောရဲတယ်၊ ကိုယ်ရေးကိုယ်တာ လောကခံကြုံလာသမျှ ကိုလဲ ဘယ်တော့မှ အလျှော့မပေးဘူး နောက်ဆုံး “စကားနဲ့” အနိုင်ယူ ပြီး လောကခံကို ပြုံးပြီးခံတယ်၊ ဗန်မော်ဆရာတော် ရဲ့တပည့် သင်္ဃာဆရာတော်တို့လဲ စကားပြောပိုင်တယ်၊ ဒီလို တပည့်စဉ်ဆက် စကားပြောကောင်းကြတာဟာ ဗန်မော် ဆရာတော်ကိုယ်တိုင်က သူ့တပည့်တွေထဲမှာ သူ့ကိုနိုင် အောင် စကားပြောပိုင်နိုင်တဲ့ တပည့်ကို ချီးကျူးလေ့ရှိတာက တစ်ကြောင်းပါမယ်ထင်ပါတယ်။

ဒါကြောင့် သူ့တပည့်တွေက အကြောင်းတိုက်ဆိုင်ရင် ဆရာသမားက ချီးကျူးလောက်အောင် ပြောလိုက်မယ်ဆိုပြီး စာပေဗဟုသုတကအစ အလွန်လေ့လာကြတာတဲ့ ဒါပေမဲ့ ဘယ်တပည့်မှတော့ ဗန်းမော်ဆရာတော်ကို နိုင်အောင်မပြော နိုင်ကြဘူးတဲ့။

ဗန်းမော်ဆရာတော်က ဗန်းမော်မြို့ကို အပို့ခံရပြီး ပြန်လာကတည်းက မန္တလေးနေပြည်တော်မှာ မနေတော့ပဲ

စစ်ကိုင်းတောင်ရိုးမှာပဲ သီတင်းသုံးပြီး တရားဘာဝနာ အားထုတ်နေတယ်၊ သူ့တပည့်ကြီးဖြစ်တဲ့ သင်္ဘောဆရာတော် လဲ စစ်ကိုင်းတောင်ရိုးမှာပဲ ဆရာတော်နဲ့မနီးမဝေး ချောင်တစ် ခုမှာနေပြီး တရားအားထုတ်နေတယ်။

စစ်ကိုင်းရဲ့ ထုံးစံက ဝါဆိုလပြည့်နေ့ကစပြီး ဝါတွင်း ဥပုသ်၊ သီးတင်းနေ့တိုင်း ဘုရားဆွမ်းတော်ကပ်ပွဲနဲ့ သံဃာ တော်များကို ဆွမ်းဆန်စိမ်းနဲ့ စာရေးတံမဲ လှူဒါန်းပွဲရှိတယ်၊ ပုညရှင်စေတီက အဦးဆုံးဝါဆိုလပြည့်နေ့မှာ ဆွမ်းလှူဒါန်း ရတဲ့စေတီတော်ဖြစ်လို့ "ဆွမ်းဦးပုညရှင်"ဆိုပြီး ခေါ်ကြတာ ပေါ့။

ဒီလို ဆွမ်းဆန်စိမ်းနဲ့ စာရေးတံမဲ လှူဒါန်းတဲ့အခါ ပစ္စည်းဥစ္စာတတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဆန်အိတ်တို့ ဆီပုံးတို့နဲ့ ငါးခြောက်၊ ကြက်သွန်စုံအောင် ပဒေသာပင်ကြီး တွေသီပြီး လှူကြတယ်၊ မိမိတို့ မဲကျရာကျောင်းအထိလဲ လှည်းသွားလို့ရရင် လှည်းနဲ့ လှည်းမသွားနိုင်ရင် လူအုပ်နဲ့ ထမ်းပြီးပို့လှူကြတယ်၊ ဆင်းရဲသားများကတော့ မိမိတတ် နိုင်သမျှဆွမ်းဆန်စိမ်း တစ်ပြည်နှစ်ပြည်လောက် အိတ်က လေးတွေ ယူလာကြတာ မဲစီစဉ်တဲ့ ပုဂ္ဂိုလ်များက အဲဒီလို အိတ်ငယ်လေးတွေကိုတော့ စုပုံပြီး ကျရာကျောင်းအတွက် မနဲလွန်းအောင်လို့ ကိုးဦးဆယ်ဦးလောက်အထိ စုပေါင်းပြီး မဲ တစ်ခုလုပ်ထားတယ်၊ ဒီမဲ မျိုးကို စုပုံမဲလို့ ခေါ်သတဲ့။

တစ်နှစ်မှာတော့ ဘုရားပွဲတစ်ခုမှာ သံဃာတော်တွေ မဲနှိုက်ကြတော့ ဗန်းမော်ဆရာတော်က ခပ်ညံ့ညံ့စုပုံမဲပဲရသတဲ့ ဒါကို သင်္ဂဇာဆရာတော်ကလဲ သိတယ်၊ သင်္ဂဇာဆရာတော် အလှည့်ရောက်တော့ အောင်ဘာလေလို့ခေါ်တဲ့ အကောင်းဆုံး ပဒေသာပင် မဲကျသတဲ့။

ကုသိုလ်ရှင်တွေကလည်း သူတို့ပဒေသာပင်ကို ထင်ရှားတဲ့ ဆရာတော်တစ်ပါး မဲကျတဲ့အတွက် လှည်းပေါ် မှာတင်ပြီး ချောင်ရောက်အောင် စည်စည်ကားကား လိုက်ပို့ ကြဖို့ လှည်းပေါ်မှာ ပဒေသာပင်ကြီးတင်ပြီး ဆရာတော်ကို ပါ လှည်းပေါ်ပင့်သတဲ့။

လှည်းပေါ်ရောက်တော့ သင်္ဂဇာဆရာတော်က "ဒကာတို့ ဗန်းမော်ဆရာတော်ဆိုတာ ဘုန်းကြီးရဲ့ဆရာ အရင်းပဲ စကားအရာမှာတော့တို့ဆရာကို နိုင်အောင်ပြော နိုင်တဲ့ ပုဂ္ဂိုလ်က အရှားသားရယ်၊ စကားအရာနဲ့ ပတ်သက် ရင် သူ့တပည့်တွေထဲမှာလဲ သူ့ကိုနိုင်အောင် ပြောနိုင်တဲ့ တပည့်ကို အလွန်သဘောကျပြီး ချီးကျူးလေ့ရှိတယ်၊ ဒီနေ့ငါတော့ ငါ့ဆရာတော် အချီးကျူးခံရအောင် ပြောစရာစကား စဉ်းစားမိထားပြီ လှည်းကိုမြန်မြန်မောင်းကွာ ဆရာတော်ကို မှီအောင်မောင်းကြ" လို့ အမိန့်ရှိသတဲ့။

သိပ်မကြာခင်မှာပဲ ဗန်းမော်ဆရာတော် ခြေလျှင်ကြွ နေတာကို မှီလာတော့ သင်္ဂဇာဆရာတော်က လှည်းပေါ်က

ဆင်းပြီး ဗန်းမော်ဆရာတော်ကို ဝတ်ပြုတယ်၊ ပြီးတော့ မသိဟန်ဆောင်ပြီး "ဆရာတော် ဘာမဲရသလဲ"လို့ လျှောက်ထားသတဲ့။

ဗန်းမော်ဆရာတော်က "တို့တော့ ပေါ့ပေါ့ပါးပါး ပါပဲကွာ စုပုံမဲလေးပါ"ဆိုတော့ သင်္ဂဇာဆရာတော်က "တပည့်တော်တော့ အောင်ဘာလေ ပဒေသာပင်ကြီးပေါက်တယ် ဘုရား"လို့ ပြန်လျှောက်သတဲ့ ဗန်းမော်ဆရာတော်က "အေး ကောင်းသပေါ့ကွာ"ဆိုပြီး သင်္ဂဇာဆရာတော် မဲပေါက်တဲ့ ပေဒသာပင်ကြီးကို လှမ်းကြည့်လိုက်သတဲ့၊ သင်္ဂဇာဆရာတော်ကလဲ အကွက်တော့ဆိုက်ပြီ ဆိုပြီး-

"ဆရာတော် ဒီတစ်ခါမှာတော့ ဆရာကဘုန်းကံနည်းတာပေါ့နော်"လို့ လျှောက်ထားသတဲ့ ဆရာတော်က "သင်္ဂဇာ ကဿပဘုရားရှင်လက်ထက်က စာရေးတံမဲပွဲတစ်ခုမှာ ရဟန်းတော်တွေက ဘုရင့်နန်းတော်တို့ သူဌေးအိမ်တို့မှာ မဲတွေကျတယ်၊ ကဿပဘုရားရှင်ကတော့ ဆင်းရဲသား မဟာဒုက်အိမ်မှာ ကျတယ်ဆိုတာ တွေ့ဘူးတယ်မို့လား၊ သင်္ဂဇာပြောသလိုသာဖြင့် ကဿပဘုရားရှင် မဟာဒုက်အိမ်ကလေးထဲ ငုံ့ဝင်ရတာ ဘုန်းကံနည်းလို့လားဗျာ"လို့ မိန့်ကြားပါသတဲ့။

သင်္ဂဇာဆရာတော်က မှန်လှပါ ဒီလိုတော့ မပြောဝန့်ပါဘုရား ဆိုတော့ "အေး အဲဒါ မဟာကရုဏာရှင်မို့ ဆင်းရဲ

သားကို ချီးမြှောက်လိုတဲ့အတွက် မဟာဒုက်အိမ်ကို ရွေးချယ် လိုက်တာဗျ" လို့ မိန့်ကြားလိုက်ပါသတဲ့။

ဇန်းမော်ဆရာတော် ထွက်ခွါသွားတဲ့အခါမှာတော့ သင်္ဂဇာဆရာတော်က လိုက်ပါလာတဲ့ ဒကာတွေဘက် လှည့် ပြီး "အေး ဒီတစ်ခါလဲ မနိုင်ပြန်ဘူးဟေ့၊ သူ့မဲညံ့တဲ့အတွက် တောင် ပိုပြီးကြည်ညိုရအုံး တော့မလိုလို ကိုယ်ကမဲကောင်း ကောင်းရမိတာတောင် ရှက်ရတော့ မလိုလို ဖြစ်နေပြီ"လို့ ပြုံးပြီး မိန့်ကြားလိုက်သတဲ့။

ဒါကြောင့် ဆရာတော်တို့ အယူအဆနဲ့ ဇန်းမော်ဆရာ တော် အယူအဆက ဖြောင့်ဖြောင့်ဆန့်ကျင်နေသလိုပဲလို့ ပြောတာဆိုပြီး စကားကို လက်စသတ်လိုက်ပါတယ်။

ကောင်းဆိုးနှစ်တန် လောကဓံကို အပြုံးနဲ့ ခုခံသည်းခံ တတ်တဲ့ ရှေးမဟာထေရ်မြတ်တို့ရဲ့ နှလုံးသွင်းကို လေးစား ကြည်ညိုမိလို့ တဆင့်ပြန်ပြောလိုက်ရတာပါ။

❋ ❋

# အနားယူညီ တြိဂံ

"ဒီတောင်းဖင်ကို သေချာကြည့်ထား ဟို ထောင့်လေးထောင့်ဟာ အမာခံမရှိပဲနဲ့ သူ များထက် ပိုစွာချင်လို့ ပေါက်စရာရှိတော့ အဲဒီနေရာတွေက အရင်ပေါက်ကုန်တာ"
(နတ်မောက်မြို့နယ်၊ တံခွန်တိုင်ဆရာတော်ကြီး)

အချိန်ကတော့ ဖဆပလ အစိုးရလက်ထက် အစော ပိုင်းလောက်ကပါ နတ်မောက်မြို့နယ် အရှေ့လက်နဲ့ ပျော်ဘွယ်မြို့နယ် အနောက်လက်ဒေသတွေမှာ ပျူ စောထီး တို့ ကြီးစိုးနေကြဆဲ ဖြစ်သလို ရဲဘော်ဖြူနဲ့ အလံဖြူ/နီ သူပုန် များလဲ ထကြွသောင်းကျန်းနေဆဲအချိန် ဖြစ်ပါတယ်။

အဲဒီဒေသတစ်ဝိုက်က ရွာတိုင်းရွာတိုင်းမှာလဲ အခန့် သင့်ရာ ကပ်မှီရာ အဖွဲ့အစည်းတွေရဲ့ အလိုတော်ရိ အဖြစ်နဲ့ သူတို့ ကောက်ခိုင်းတဲ့ လစဉ်ဆက်ကြေးများ ကောက်ပေး ကြသူတွေ ရှိသလို သူတို့ဆီက လက်နက်တွေ ငှါးရမ်းပြီး

တိုက်ခိုက်လုယက်ကြတဲ့ အုပ်စုကလေးတွေလဲ ဟိုတစ်စု ဒီတစ်စု ရှိနေကြပါတယ်။

နတ်မောက်မြို့နယ် အရှေ့မြောက်စွန်မှာရှိတဲ့ တန်ခွန်တိုင်ရွာမှာလဲ အဲဒီလိုအုပ်စုလေးတစ်ခုရှိတယ်၊ လက်နက်ကိုင်လူမိုက်အုပ်စုအားကိုးနဲ့ ရွာအပေါ်မှာစွာကျယ်ကျယ် ဗိုလ်ကျနေကြတာပါ၊ ရပ်ရွာထဲမှာ စွာကျယ်ကျယ်လုပ်ပြီး ဟိုအိမ်ကကြက်ကို ဖြောင်ပစ်ခတ်စား ဟိုဆိတ်အုပ်ထဲက ဆိတ်သတ်စား လုပ်နေကြတာကို ဘယ်သူကမှ မပြောဝံ့ကြသလို သူတို့အပြုအမူတွေကို သူတို့ရဲ့ မိဘဆွေမျိုးများကတောင် မနှစ်မြို့ကြဘူး။

တန်ခွန်တိုင်ကျောင်းဆရာတော်ကြီးက သက်တော် (၇၀)ကျော်ရှိပါပြီ၊ ရွာထဲမှာ လူမိုက်ခေါင်းဆောင် လုပ်နေသူရဲ့ အဖိုးလေးတော်ပါတယ်၊ အညာကျေးလက်ရိုးရာရိုးဓလေ့ အတိုင်း ရပ်ထဲရွာထဲမှာ ဘယ်လို့အနိုင်ကျင့်ဗိုလ်ကျနေပေမဲ့ ရွာဦးကျောင်းဘုန်းကြီးကိုတော့ ကြောက်ရွံ့ ရိုသေကြရ ပါတယ်။

ရပ်ထဲရွာထဲမှာ သူ့မြေးတော်တဲ့ကောင်တွေ ဘယ်လိုအနိုင်ကျင့် ဗိုလ်ကျနေတယ်ဆိုတဲ့ သတင်းတွေကလဲ ဆရာတော်ကြီးနားမှာ မကြားချင်အဆုံး ဆိုသလိုဖြစ်နေလေတော့ တစ်နေ့မှာ ဆရာတော်ကြီးက တစ်အိမ်တစ်ယောက် ကျောင်းကိုလာကြဖို့ အမိန့်ပေးလိုက်ပါတယ်၊ လူမိုက်ခေါင်း

ဆောင် လုပ်နေတဲ့ သူ့မြေးနဲ့ အဖွဲ့ကိုလဲ မပျက်မကွက် လာရမယ်လို့ အမိန့်ပေးခေါ်လိုက်တယ်၊ အဖိုးလေးလဲတော် ငယ်ဆရာ ငယ်ကြောက်လဲဖြစ်လို့ ဆရာတော် အမိန့်ကိုတော့ မလွန်ဆန်ရဲကြပါဘူး၊ သတ်မှတ်တဲ့အချိန်မှာ အားလုံး ကျောင်းဝိုင်းထဲ အရောက်လာကြပါတယ်။

ဆရာတော်က ကျောင်းရှေ့မြေပြင်မှာ ကုလားထိုင် တစ်လုံးနဲ့ ထိုင်နေတော့ အားလုံးလဲ ဆရာတော်ရှေ့က မြေပြင်မှာ ထိုင်နေကြရတယ်၊ လူစုံတဲ့အခါ ဆရာတော်က ကျောင်းသားတစ်ယောက်ကို ကျောင်းအောက်မှာရှိတဲ့ အမှိုက်ကျုံးတောင်းတွေထဲက ထောင့်(ဒေါင့်)တွေ ပေါက်နေတဲ့ တောင်းအိုတစ်လုံးကို ယူလာစေပြီး အားလုံးရဲ့ ရှေ့မှာ မှောက်ထားခိုင်းလိုက်ပါတယ်၊ အားလုံးကတော့ ဆရာတော်ဘာများ လုပ်မလဲဆိုတာ အာရုံစိုက်နေကြတယ်၊ ဘယ်သူမှ စကားလဲ မပြောရဲကြဘူး။

ဆရာတော်ကြီးက တောင်းဆီကို တောင်ဝှေးနဲ့ ညွှန်ပြပြီး "မင်းတို့ အားလုံး ဒီတောင်းကို ကြည့်ကြစမ်း ဘာတွေ့သလဲ"လို့ မေးလိုက်ပါတယ်၊ ထောင့်လေးထောင့် ပေါက်နေတာကလွဲလို့ ဘာမှမတွေ့ရတဲ့အတွက် "ထောင့်တွေ ပေါက်နေတာပဲတွေ့ရပါတယ်ဘုရား"လို့ သံပြိုင်လိုလို လျှောက်ထားကြတော့ အေး အဲဒါ မြင်အောင် လို့ကြည့်ခိုင်းတာ ဒီတောင်း၄ ဒ်ကို သေချာကြည့်ထား ဟို

ထောင့်လေးထောင့်ဟာ အမာခံမရှိပဲနဲ့ သူများထက် ပိုစွာချင်လို့ ပေါက်စရာရှိတော့ အဲဒီနေရာတွေကပဲ အရင် ပေါက်ကုန်တာ ပွတ်မိတိုက်မိ စရာရှိလဲ ဒီနေရာတွေပဲ အရင်းဆုံး အပွတ်အတိုက်ခံရတယ်၊ တွေ့တယ်မို့လား"လို့ မိန့်ကြားလိုက်ပါတယ်။

ရှေ့နားမှာ ထိုင်နေတဲ့ ဒကာကြီးလေးငါးယောက် လောက်ကတော့ ဆရာတော်ဘာကို ဆိုလိုတယ်ဆိုတာ သဘောပေါက်ကြလို့ ကျေနပ်တဲ့ အမူအယာနဲ့ ခေါင်းကို မသိမသာ ငြိမ့်နေကြတယ်၊ ကျန်လူတွေကတော့ တုပ်တုပ် မလှုပ်ရဲဘူး ဟိုအဖွဲ့ကိုလဲ ကြောက်ရသေးတာကိုး။

ပြီးမှ ဆရာတော်ကြီးက သူ့မြေးလူမိုက်များဘက် လှည့်ပြီး "ဟိုကောင်တွေ ငါပြောတာ နားလည်ရဲ့လား မင်းတို့ တတွေ ဘာမှအမာခံ မရှိပဲနဲ့ စွာကျယ်ကျယ်လုပ်မနေကြနဲ့ တစ်နေ့ ပွတ်စရာ တိုက်စရာရှိရင် မင်းတို့လိုကောင်တွေ အရင် ဆုံးခံရမယ်မှတ်ထား"လို့ မိန့်ကြားလိုက်တော့ အားလုံးခေါင်းငိုက်စိုက်ချနေကြတယ်၊ ဘာမှာပြန်မပြော ကြဘူး။

ဆရာတော်ကြီး မိန့်ကြားတဲ့ အတိုင်းပါပဲ သိပ်မကြာ လိုက်ဘူး ဗိုလ်ကျနေကြတဲ့ အဖွဲ့တွေ အချင်းချင်း ဆတ်ကြေး တောင်းကြတာ သူ့နယ်မြေ ငါ့နယ်မြေ ကျူးကျော်ကြတယ် ဆိုပြီး ပဋိပက္ခဖြစ်ကြရာက တစ်ညမှာ ဘယ်အဖွဲ့ကရယ်လို့

တော့ မသိဘူး အဲဒီလူစွာကျယ်များ အဖွဲ့ကို လာခေါ်သွား တာ နောက်ထပ်ပြန်ကို ပေါ်မလာကြတော့ဘူး၊ တစ်ရွာလုံး ကတော့ ဆရာတော်ကြီးပေးတဲ့ ဥပမာ ထိရောက်မှန်ကန် လွန်းလို့ဆိုပြီး ခုထိ ပြောစမှတ်ပြုကြတုံး။

လူကြီးသူမများရဲ့ ပြောပြချက်အရ ဒီအကြောင်းကို ကြားသိရတဲ့အခါ ဆရာတော်ကြီးစကားနဲ့ ဥပမာကို မိမိ ဉာဏ်မှီသမျှနဲ့ အတွေးဆန့်ကြည့်မိပါတယ်။

သတ္တဝါတို့ရဲ့ သန္တာန်မှာ တကယ့်အမာခံ အနုစ်ဆို တာ သီလ သမာဓိ ပညာဆိုတဲ့ ကုသိုလ်တရားစု တွေပါ၊ ဒီတရားတွေဟာ "အမာ"တရားတွေသာဖြစ်တယ်၊ "အစွာ" တရားတွေ မဟုတ်ပါဘူး "ကုသလံဘာဝေတဗ္ဗံ"လို့ မြတ်စွာ ဘုရား ဟောကြားတော်မူတဲ့အတိုင်း ဒီတရားများဟာ အပွတ် အတိုက်ခံတရားတွေ မဟုတ်ပဲ ပွားများရမဲ့ တရားတွေဖြစ်လို့ ပေါက်ထွက်စရာ ပျောက်ပျက်စရာတရား တွေလဲ မဟုတ်ဘူး လောကီအဆင့်ကနေ လောကုတ္တရာ အဆင့် ရောက်အောင် တိုးပွားလာမဲ့ တရားတွေဖြစ်သလို ဒီတရားတွေ တိုးပွားနေသူတို့လဲ ပေါက်ထွက် ပျောက် ပျက်စရာ အကြောင်းမရှိဘူး၊ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့အထိ တိုးတက်စရာသာ ရှိပါတယ်။

အဝိဇ္ဇာတဏှာစတဲ့ အမိုက်တရားစု နောက်ခံအားကိုး နဲ့ ဖြစ်ပေါ်နေတဲ့ မာနတို့ဒေါသတို့စတဲ့ အကုသိုလ်တရားစု

တွေကတော့ "အမာ" တရားစုတွေမဟုတ်ဘူး "အစွာ" တရားစုတွေပါ "အကုသလ်ပဟာတဗ္ဗံ" လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ပယ်ရမဲ့တရား အပယ်ခံရမဲ့တရားတွေသာ ဖြစ်ပါတယ်၊ အမာခံအနှစ်တရားတွေ တိုးပွားလာတာနဲ့အမျှ အပါယ်ခံတရားတွေဟာလဲ လုံးပါးပါးသွားကြရတာဟာ ဓမ္မနိယာမ သဘာဝပါပဲ နောက်ဆုံးပန်းဝင်လို့ဆိုရမဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြတဲ့အချိန်မှာတော့ ပဟာတဗ္ဗတရားတွေ ကွယ်ပျောက်ပြီး ဘာဝေတဗ္ဗတရားများကသာ ထွန်းတောက်စမြဲဖြစ်လို့ သာသနာနဲ့ကြုံကြိုက်ပြီး လူဖြစ်ကြတုံးမှာ ပဟာတဗ္ဗတရားတွေ ကင်းနိုင်သမျှကင်းပြီး ဘာဝေတဗ္ဗဖြစ်တဲ့ ကုသိုလ်အနှစ်များ တိုးပွားနိုင်သမျှ တိုးပွားအောင် ကြိုးစားထားနိုင်မှ အမာခံအနှစ်ကိုယ်ပိုင်ရရှိနိုင်မှာ ပါကလားလို့ သတိထားရင်း အသိပွားမိပါတော့တယ်။

**အစွာဖယ်ရှား အမာပွား ဘုရားတပည့် ပီစေသော်**

❋ ❦ ❋

## ကမ္ဘာကြီးနဲ့ ယာကွက်

"ကမ္ဘာကြီးလုံး၊ လုံး၊ ပြား၊ ပြား ဒကာကြီး အမြဲတမ်း လုပ်ကိုင်စားနေတဲ့ ယာကွက်တွေ ဘယ်ကိုမှ ရွေ့မသွားရင် ပြီးရောမို့လား"

(တောင်တွင်းကြီး နတ်မီတောရ ဆရာတော်)

တောင်တွင်းကြီး နတ်မီတောရကျောင်းကို ဥပုသ်သီတင်းဆောက်တည်ဘို့ လာကြတဲ့ ပရိသတ်ထဲမှာ မြို့ရဲ့အရှေ့တောင်ဘက် မနီးမဝေးမှာရှိကြတဲ့ ဂုံညင်းတန်း ဒိုးတန်းစတဲ့ ရွာတွေက တောင်သူလယ်သမား ဒကာကြီးတွေလဲ ပါပါတယ်၊ မနက်ပိုင်းမှာ ဥပုသ်သီလခံယူပြီးလျှင် ဆရာတော်ကြီးထံမှာ မေးကြမြန်းကြရင်း စကားစမြည်ပြောဆိုလေ့ရှိကြပါ တယ်၊ တရားပွဲကတော့ ညနေပိုင်း(၂)နာရီ လောက်မှ ကျင်းပ တာပါ။

တစ်နေ့မှာ ကျောင်းကို သီတင်းမပျက်လာလေ့ရှိပြီး ဆရာတော်ကြီးနဲ့ အလွန်ရင်းနှီးကျွမ်းဝင်တဲ့ ဒကာကြီးတစ်ယောက်က "ကမ္ဘာကြီးဟာ လုံးပြီးလည်နေတယ်" ဆိုတာဟာ ဘုရားဟောကျမ်းဂန်နဲ့ ညီညွတ်မှုရှိ၊ မရှိ ဆရာတော်ကြီးကို မေးလျှောက်ပါတယ်။

ဒကာကြီးက ဘုန်းကြီးကျောင်းထွက်စစ်စစ် ရှေးရိုးအဘိုးအကြီးဖြစ်သလို သူတို့ခေတ်တုံးက အင်္ဂလိပ်အစိုးရဖွင့်ထားတဲ့ ကျောင်းတွေကိုလဲ "လောကဓာတ်ကျောင်းတွေ"လို့ ခေါ်ကြတယ်၊ ဒီကျောင်းတွေက သင်ကြားတဲ့ ပညာရပ်တွေကိုလဲ (သင်္ချာပညာကလွဲရင် အားလုံးကို မိစ္ဆာဝါဒတွေလို့ပဲ နားလည်ထားကြတာဆိုတော့ ပထဝီပညာတို့ သိပ္ပံပညာတို့ ဆိုတာ အလကားဟာတွေလို့ပဲ ယူဆထားကြတာ၊ အဲဒီထဲမှာ ကမ္ဘာကြီးလုံးတယ်ဆိုတာနဲ့ လကမ္ဘာကိုသွားတယ်ဆိုတာမျိုးကြတော့ပိုပြီးနားမခံသာ ဖြစ်နေပုံရပါတယ်၊ ဒါကြောင့် ဆရာတော်ကြီး အဆုံးအဖြတ်ကို ကြားချင် သိချင်နေကြတာ၊

သိချင်တယ်ဆိုပေမဲ့ တကယ်ကတော့ ကမ္ဘာကြီးလုံးတယ်ဆိုတာကို ဆရာတော်ကြီးကိုယ်တိုင်က လက်မခံပဲ ပယ်ချပြီး ကမ္ဘာကြီးပြားတယ်လို့ ဆရာတော်ကြီးပါးစပ်က ပြောစေချင်တာပါပဲ၊

ဒကာကြီးတွေရဲ့ အခြေအနေနဲ့ အလိုဆန္ဒကို သဘောပေါက်တဲ့အတွက် ဆရာတော်ကြီးက သူတို့ရဲ့အမေးကို

တိုက်ရိုက်မဖြေပဲ "ကမ္ဘာကြီးဟာ ပြားတယ်"ဆိုတဲ့ အယူအဆဟာ မြတ်စွာဘုရားပွင့်တော်မူတဲ့ ခေတ်အခါရောက်မှ ဖြစ် ပေါ်လာတာမဟုတ်ဘူး ဟိုး ရှေးအဆက်ဆက်က ရှိနှင့်ပြီးဖြစ်တဲ့ ဗေဒင်ကျမ်း နက္ခတ်ကျမ်းတွေမှာပါရှိတဲ့ ဗြဟ္မဏဝါဒ အယူအဆတွေဖြစ်ကြောင်းနဲ့ အစချီပြီး...

မြတ်စွာဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာတာဟာ သတ္တဝါတွေကို သံသရာဝဋ်ဒုက္ခက လွတ်မြောက်အောင် လမ်းညွှန်ဆုံးမပေးဘို့ ဖြစ်တယ်၊ မြတ်စွာဘုရားရှင်တို့ရဲ့ ဒေသနာတော်တွေဆိုတာ ဝေနေယျသတ္တဝါတို့ သံသရာမှာ ကျင်လည်ရခြင်း အကြောင်းတရားနဲ့ သံသရာမှ လွတ်မြောက်နိုင်တဲ့ အကြောင်းတရားတွေကို ခွဲခြားပြတဲ့ ဒေသနာတော်ဖြစ်တယ်၊

အထူးအားဖြင့်တော့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်အောင် အထောက်အကူပြုနိုင်တဲ့ သတိပဋ္ဌာန်၊ သမ္မပဒါန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ဆိုတဲ့ ဗောဓိပက္ခိယတရား (သစ္စာသိကြောင်း အထောက်အကူပြုတရား)တွေသာ အဓိကဖြစ်တယ်၊ ကမ္ဘာကြီးလုံးတာ ပြားတာဟာ သံသရာ လည်ကြောင်း သံသရာလွတ်ကြောင်းနဲ့ ဘာမျှ မပတ်သက် လို့ ဘုရားရှင်တို့ အရာမဟုတ်ဘူး ဆိုတဲ့အကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းပြနေပါတယ်၊

နားထောင်နေတဲ့ ဒကာကြီးကတော့ သူလိုချင်တဲ့ အဖြေမဟုတ်တဲ့အတွက် ဆရာတော်ကြီးရဲ့ ရှင်းပြချက်တွေကို နားဝင်ဟန်မတူပါဘူး၊ မျက်မှောက်ကျုံ့ပြီး နားထောင်နေရင်းက ဘာပဲဖြစ်ဖြစ်ဘုရား "ကမ္ဘာကြီးလုံးပြီး လည်နေတယ်"ဆိုတာ တပည့်တော် ဘဝင်ကိုမကျနိုင်ဘူး အိမ်က ကလေးတွေ စာကျက်တဲ့အခါ ဒီအသံကြားရတိုင်း တပည့်တော်နားထဲကနံ့လန့်ကြီးပဲ အဲဒါ စိတ်မချမ်းသာဖြစ်လွန်းလို့ ဆရာတော်ကို မေးလျှောက်ပါတယ်၊ ဆရာတော်ကလဲ တပည့်တော် ဘဝင်ကျအောင် ရှင်းပြပေးဖေါ်မရဘူးလို့ ပြန်လျှောက်ပါတယ်။

ဒါနဲ့ နောက်ဆုံးတော့ ဆရာတော်ကြီးက "ဒကာကြီး ကမ္ဘာကြီးလုံးလုံး ပြားပြား ဒကာကြီး အမြဲတမ်းလုပ်ကိုင်စားနေတဲ့ ယာကွက်တွေကတော့ ဘယ်မှ ရွှေ့မသွားစဉ်မသွားဘူးမို့လားလို့ မေးလိုက်တော့ ဒကာကြီး နဲနဲပြုံးပြီး "ဒီလိုတော့ ဖြစ်မသွားဘူးပေါ့ဘုရား"လို့ ပြန်လျှောက်ထားပါတယ်၊

အေး ဒကာကြီးဘက်ကကြည့်ရင်လဲ ကိုယ်လုပ်နေကြလယ်ကွက်ယာကွက်တွေ ရွှေ့မသွားသမျှ ကမ္ဘာကြီးဘယ်လိုဖြစ်နေနေ ဘာအကျိုးမှမယုတ်ဘူး၊ ဦးဇင်းတို့ သာသနာတော် ဘက်ကကြည့်ရင်လဲ သစ္စာတရား မဂ္ဂင်တရားတွေ သစ္စာသိကြောင်း အထောက်အကူပေးနေတဲ့ ဗောဓိပက္ခိယ

ဆိုတဲ့တရားတွေ ရွေ့စဉ်မသွားရင် သာသနာတော်အတွက် ဘာမျှယိုယွင်း စရာမရှိပါဘူး၊ ဒါကြောင့် ကမ္ဘာကြီးလုံးပြီး လည်နေတယ် ဆိုတာနဲ့တော့ ဘာမှစိတ်မချမ်းမသာ ဖြစ်မနေနဲ့ လောက အကျိုး သာသနာအကျိုး ဘာအကျိုးမှ မယုတ်ပါဘူး၊

အေး ကမ္ဘာကြီးကပြားပြီး ငြိမ်နေတယ်ဆိုလဲ ဒကာကြီး လုပ်နေကျ မြေကွက်ယာကွက် တစ်ခုခု ရေတိုက် စားပြိုပဲ့သွားတယ်ဆိုရင်တော့ ဒကာကြီးဂရုစိုက်ပေရော့ ဦးဇင်းတို့လဲ သစ္စာတရား မဂ္ဂင်တရား ဗောဓိပက္ခိယတရား တွေ ပွန်းပဲ့သွားတယ် တိုးလာရော့လာမယ်ဆိုရင်တော့ ဂရုစိုက် ရတော့မှာပဲ၊ ခုတော့ အေးအေးသာနေပေရော့ ဆိုပြီး နေရာ ကထလိုက်ပါတယ်၊ ဒကာကြီးကလဲ "ဒါတော့လဲ ဒါပေါ့ ဘုရား"ဆိုပြီး ရောယောင်ကျေနပ်သွားပါတော့တယ်။

လောကအကျိုး သာသနာအကျိုးနဲ့ ဘာမှမပတ်သက်တဲ့ ကိစ္စများကို ရေးကြီးခွင့်ကျယ် ပြောဆိုငြင်းခုံနေကြတာကို ကြားရတွေ့ရတိုင်း ဆရာတော်ကြီးရဲ့ ဖြေရှင်းပုံကို ပြန်လည် ပြောပြမိပါတယ်။

ဆရာတော်ကြီးမိန့်ကြားတာဟာ အမှတ်တမဲ့ နားထောင်ရင် ရယ်စရာလိုလို ထင်ရပေမဲ့ သာသနာနဲ့ ကြုံတုံး လူ့ဘဝရတုံးအခိုက်မှာ အဓိကနဲ့သာမညကို ခွဲခြား သိမြင်နိုင်ဖို့အတွက် အတော်လေးနက်တဲ့ အဆိုအမိန့် တစ်ခုလို့ ခံယူမိပါတယ်။

ဒီနေ့ မိမိအလေးအနက် စဉ်းစားပြီး ချိတုံချတုံနဲ့ သံသယပွား ဒုက္ခများနေတဲ့ကိစ္စဟာ ဘာလဲ ကမ္ဘာကြီးလုံးနေတာမျိုးလား ယာကွက်တွေ ရေစားလို့ ပဲ့ထွက်သွားတဲ့ကိစ္စလား ခွဲခြားဝေဖန်ဆုံးဖြတ်နိုင် ကြပါစေ။

# တစ်ယောက်တည်း တည့်အောင်နေတတ်ဖို့

"သတိဆိုတာ မိမိကို လုံခြုံအောင် စောင့်ရှောက်ရင်း သူတစ်ပါးကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးတယ်၊ "မေတ္တာ"ကတော့ သူတစ်ပါးကို လုံခြုံအောင် စောင့်ရှောက် ကူညီရင်း မိမိကိုယ်ကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးပါတယ်။

(တိပိဋကဓရ (ယော) ဆရာတော်)

ရန်ကုန်မြို့၊ ဗဟန်းဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယော)ဆရာတော်ဘုရား၏ ဩဝါဒပါ...

ဆရာတော်ဟာ မိမိကိုယ်တိုင် စံပြအဖြစ် ပြောဆို၊ ပြုမူ၊ နေထိုင်၊ ကျင့်သုံးပြီး တပည့်များကို အတုယူလိုက်နာအောင် ဆုံးမအုပ်ချုပ် သင်ကြားပေးတဲ့ ဆရာတော်တစ်ပါး ဖြစ်ပါတယ်၊ မိမိဆုံးမညွှန်ကြားချက်များရဲ့ သာဓကပြယုဂ်

ကို နဘေးကရှာဖွေ ထုတ်ဆောင်ပြစရာမလိုပဲ ပြောသလိုလုပ်ပြီး လုပ်သလိုပြောတဲ့ ဆရာတော်ဖြစ်လို့ တပည့်များကို ဆုံးမတဲ့အခါမှာ အခြောက်၊ အခြောက်၊ အဆူ၊ အကြိမ်းမပါပဲ လိုရင်းလိုက်နာစရာများကိုသာ အရှယ်မရွေး နားလည်နိုင်အောင် ဆုံးမညွှန်ကြားလေ့ရှိပါတယ်။

ဒါကြောင့်လဲ ဆရာတော်အဆုံးအမများဟာ တိုတိုကျဉ်းကျဉ်းနဲ့ နားထောင်ရသူ တပည့်များအပေါ် ဩဇာသက်ရောက်မှုရှိလွန်းလှသောကြောင့် အလင်္ကာသဘောအရ ပြောရရင် ဩဇာဂုဏ်ရဲ့ ပြယုဂ်များလဲဖြစ်ပါတယ်၊ "ဆရာသမားရဲ့ ချွတ်ယွင်းချက်ကြောင့် ဘယ်တပည့်မှ အကျိုးမဲ့မဖြစ်စေရ" ဆိုတဲ့ ကရုဏာစိတ်ထားနဲ့ နှုတ်မငေါက် တုတ်မခြောက်ပဲ တပည့်သားတိုင်းက လေးစားလိုက်နာလာအောင် အုပ်ချုပ်တဲ့နေရာမှာတော့ မိမိတွေ့ဘူးသမျှ ဆရာများထဲမှာ လေးစားအားကျ အတုယူလောက်တဲ့ စံပြဆရာတော်တစ်ပါးလဲ ဖြစ်ပါတယ်။

၁၃၅၈–ခုနှစ်က တောင်စွန်းဘုံကထိန်ပွဲမှာ မိမိရဲ့ တောင်းပန်လျှောက်ထားချက်အရ ဆရာတော်တရား တစ်ညကြွရောက်ချီးမြှောက်ပါတယ်၊ တရားပွဲပြီး နောက်နေ့ နံနက်ပိုင်းမှာ မိမိတို့ရဟန်းတပည့်များ အပါအဝင် ရွှေစေတီကျောင်းဒကာ ဒကာမများက ကန်တော့ကြတဲ့အခါ ဆရာတော်ဩဝါဒ စကားမိန့်ကြားပါတယ်၊ ဆရာတော်ရဲ့

ဩဝါဒ အနှစ်ချုပ်ကတော့...

လောကမှာ ဘယ်သူမဆို အများနဲ့သင့်မြတ်အောင် နေနိုင်တဲ့ပုဂ္ဂိုလ်ဟာ လောကီလောကုတ္တရာ အကျိုးနှစ်ရပ်လုံးပြီးစီးအောင်မြင်နိုင်သလို ခုရောနောင်ပါ ကိုယ်စိတ်နှစ်ရပ်လုံး ချမ်းသာအေးမြတယ်၊ အများနဲ့သင့်မြတ်အောင် နေနိုင်တတ်ဖို့အတွက် ကိုယ်တစ်ယောက်တည်း တည့်(သင့်မြတ်)အောင် နေတတ်ဖို့က ပိုအရေးကြီးပါတယ်။

တစ်ယောက်တည်း နေတဲ့အခါ ပူလို့ အေးလို့ ဆာလို့ ပြည့်အင့်လို့စတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဖက်ပြီးရန်တွေ့နေကြတာ၊ တွေ့ကြုံရတဲ့ အာရုံအမျိုးမျိုးတို့အပေါ်မှာ ချစ်ခင်စရာ မုန်းတီးစရာလို့ သတ်မှတ်ပြီး ချစ်ခင်စရာ အာရုံကို လိုချင်သလောက်မရလို့၊ မုန်းတီးစရာ အာရုံနဲ့ကျတော့ ဆုံတွေ့ရပြန်လို့နဲ့ မကျေမနပ် ဖြစ်နေကြတာ မရခင်တော့ လိုချင် ရပြီးတော့မာန်တက် ပျက်စီးတော့ပူဆွေးနဲ့ ဖြစ်နေကြတာတွေဟာ ကိုယ်တစ်ယောက်တည်း တည့်အောင်မနေတတ်ကြတာ တစ်ယောက်တည်းရန်းတွေ့နေကြတာတွေပါပဲ။ ဒီလိုဖြစ်ရတာတွေကို အရင်းစစ်လိုက်ရင် အာရုံကို သတိလက်လွတ်ဖမ်းယူမိလို့ပဲ တွေ့ကြုံရတဲ့ အာရုံတွေကို သတိဆိုတဲ့ညှပ်မပါပဲ ဖမ်းယူတာဟာ အဆိပ်ပြင်းတဲ့ မြွေကို အမှတ်တမဲ့ ညှပ်မပါပဲ၊ လက်နဲ့ဖမ်းဆွဲလိုက်သလို အမြီးတို့ ခါးတို့ကို ဆွဲမိရင် အဆိပ်ပျံ့အောင် မြွေကိုက်ခံရတတ်သလို

အာရုံကို သတိမပါပဲ ဖမ်းယူရင် ကိလေသာအဆိပ်ပျံ့အောင် အာရုံက ပြန်ကိုက်တတ်တယ်၊ အာရုံတွေကြောင့် စိတ်ဆင်းရဲ ပူပန်ရ တယ်ဆိုတာဟာ အာရုံအကိုက်ခံရတာပဲ။

မြွေဆိုးကို ပိုင်ပိုင်နိုင်နိုင် ဖိဖိစီးစီး ဖမ်းရင် အကိုက်မခံရပဲ ဘေးလွတ်ရာကို ဖယ်ရှားပြစ်နိုင်လို့ အန္တရာယ်ကင်းရှင်းသလို အာရုံကို သတိညှပ်နဲ့ ကိုင်ဖမ်းရင်လဲ အာရုံအကိုက်မခံရပဲ တရားစွမ်းအားတွေ ပေါ်လာရတာမို့ ပျော်ရွှင်နိုင်တယ်ဆိုပြီး ဆရာတော်လိုက်ဆိုခိုင်းတဲ့ လင်္ကာလေးကတော့....

"တစ်ယောက်တည်းပင် စွမ်းအင်အပြည့် တည့်လိုဘိ သတိဖြင့်သာနေ"တဲ့။

များနဲ့ ဆက်ဆံရာမှာ အဆင်ပြေဖို့ကတော့ မေတ္တာထားရှိရပါလိမ့်မယ်၊ မေတ္တာတရားဆိုတာ သည်းခံခွင့်လွှတ်တတ်၊ အနစ်နာခံတတ်တဲ့ ခန္တီတရားကို အမာခံအဖြစ် ပိုင်နိုင်အောင် လေ့ကျင့်ထားမှ လွယ်လွယ်နဲ့ ရရှိနိုင်မှာပါ၊ ဒီအတွက်လင်္ကာအချုပ်ကတော့...

"အများတကာ၊ ဆက်ဆံရာ၊ မေတ္တာပါမှ အဆင်ပြေ" တဲ့။

လောကမှာ ကြုံတွေ့ရသမျှ ပစ္စည်းဝတ္ထုတွေ အာရုံတွေဆိုတာ ကောင်းတယ်ပဲဆိုဆို မကောင်းဘူးပဲဆိုဆို တန်ဘိုးရှိတယ်ပဲဆိုဆို မရှိဘူးပဲဆိုဆို ဘယ်အရာမှ ကိုယ့်အလိုကျ မဖြစ်နိုင်လို့ လူချမ်းသာဆိုတာဟာလဲ ချမ်းသာအစစ်မဟုတ် အဆိပ်တွေရောနေတဲ့ အရာသာဖြစ်တယ် အခုပြောခဲ့

တဲ့ "သတိနဲ့ မေတ္တာ"ဆိုတာ လောက လူ့ရွာရဲ့ အဆိပ်ဖြေဆေးပါပဲ၊

သတိက မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ရင်း သူတစ်ပါးကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးတယ်၊ ဆိုတဲ့ အကြောင်းကို နာရီဝက်ခန့် အချိန်အတွင်းမှာ လူတိုင်းမှတ်သားမိအောင် ဘုရားရှင်ပေးတဲ့ ဥပမာလေးတွေနဲ့ ကပ်ပြီး ဟောကြားဆုံးမတော်မူပါတယ်၊

လောကသားတိုင်းနဲ့ လောကချမ်းသာတိုင်းဟာ ကိလေသာ အဆိပ်မကင်းနိုင်တာမို့ ဆရာတော်မိန့်ကြားတဲ့ အဆိပ်ဖြေဆေးကိုတော့ အမြဲဆောင်ထားစေချင်ပါတယ်၊

အများနဲ့ မသင့်မမြတ် ရန်တွေ့တတ်သူက သူတစ်ပါး သိမြင်ရင်ရှက်စရာဖြစ်လို့ ရှက်တတ်ကြောက်တတ်တဲ့ ဟိရီဩတ္တပ္ပတရားရှိသူအတွက် ဆင်ခြင်ဖို့ လွယ်ကူပေမဲ့ တစ်ယောက်တည်းရန် တွေ့နေတတ်သူမှာတော့ ဘာကိုရှက်ပြီး ဘယ်လိုဆင်ခြင်ရမယ်လို့ မသိဘဲ ဖြစ်တတ်တာမို့ ဆရာတော် သတိပေးတဲ့ တစ်ယောက်တည်း တည့်အောင်နေတတ်တဲ့ နည်းလေးကို တစ်ဆင့်ကမ်းလမ်း ပေးလိုက်ရတာပါ။

တစ်ယောက်တည်း ပ၂ည့်အောင်စနစ်တကျ နေထိုင်ရင်း တရားစွမ်းအားများ တိုးပွားကြပါစေ။

# ခန္တာကိုယ်တွင်း
# ချွန်ပီယံဘောလုံးပွဲ

"အောင်ပွဲမှန်သမျှတို့တွင် ကိုယ်ဟာကိုယ် အနိုင်ရတဲ့အောင်ပွဲသာ အမြင့်မြတ်ဆုံးပါ၊ ရှုံးပွဲမှန်သမျှထဲမှာလဲ ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ ရှုံးပွဲသာ အယုတ်ညံ့ဆုံး အောက်တန်းအကျဆုံးပါ။

(တိပိဋကဓရ (ယော)ဆရာတော်)

၁၃၅၈–ခုနှစ် တန်ဆောင်မုန်းလထဲမှာပဲ ကေလာသဖ တောင်ပေါ်က သဒ္ဓမ္မသီတဂူကျောင်းတိုက်အတွင်းမှာ ရန်ကုန် တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီမိသားစုတို့ရဲ့ ကောင်းမှု ဖြစ်တဲ့ သိမ်သမုတ်ပွဲမှာ တိပိဋကဓရဓမ္မ ဘဏ္ဍာဂါရိက (ယော)ဆရာတော် ကြွရောက်ပြီး သိမ်သမုတ်ပွဲနဲ့ ရေစက်ချတရားပွဲမှာ နိဗ္ဗာန်ဆိုတဲ့ ဆုဖလားကြီးကို ရယူ

ပိုင်ဆိုင်မည့် ကိုယ့်ခန္ဓာကိုယ်ထဲက ဘောလုံးပွဲကြီးကို စနစ်တကျ ကိုယ်ကအနိုင်ရအောင် ကန်တတ်ဖို့အတွက် အထက်ပါ စကားကိုနဲ့ အစချီပြီး ဟောညွှန်ဆုံးမပါတယ်။

ဒီဘောလုံးပွဲကြီးဟာ ဗဟန်း ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်မှာ နေ့စဉ် နံနက်ဘုရားဝတ်ပြုပြီး တစ်ကြိမ်၊ ညဘုရားဝတ်ပြုပြီး တစ်ကြိမ် တနေ့ (၂)ကြိမ် မှန်မှန် ဆရာတော်ကိုယ်တိုင် ကြီးကြပ်ပြီး ကျင်းပလေ့ရှိကြောင်း မိန့်ကြားပါတယ်၊ ဆရာတော် ဟောညွှန်ချက် အနှစ်ချုပ်ကတော့...

လောကမှာ ဟိုဘက်ဒီဘက်ခွဲပြီး သူများတွေကန်နေကြတဲ့ ဘောလုံးပွဲဆိုတာ ဘယ်ဘက်ကရှုံးရှုံး နိုင်နိုင် ကိုယ့်အတွက် အကျိုးလဲမရှိ အကျိုးလဲမယုတ်ဘူး၊ အဲဒါကြောင့် သူများတွေ အပြင်မှာကန်ကြတဲ့ ဘောလုံးပွဲမျိုးကိုတော့ ကန်လဲမကန်ကြနဲ့ ကြည့်လဲမကြည့်နဲ့ ကိုယ်ခန္ဓာတွင်းက ဘောလုံးပွဲကိုသာ ကိုယ်ကမရှုံးအောင် ဂရုစိုက်ကန်ရမယ်။

ခန္ဓာကိုယ်ဆိုတဲ့ ဘောလုံးကွင်းကြီးထဲမှာ စိတ်ဆိုတဲ့ ဘောလုံးလေးကို အသင်းကြီးနှစ်သင်းလုပြီး ကန်နေကြတာ နံနက်အိပ်ရာထချိန်ကနေ ည အိပ်ရာဝင်ချိန်အထိပဲ တစ်ဘက် က သဒ္ဓါ ဝီရိယ သတိစတဲ့ ဗလငါးတန်းပါဝင်တဲ့ အဖြူရောင် (သုက္ကပက္ခ)လို့ခေါ်တဲ့ ကုသိုလ်အသင်း၊ တစ်ဘက်က လောဘ ဒေါသ စတဲ့ နီဝရဏတရားများ ပါဝင်တဲ့ စိတ်ကို မည်းညစ် ပူလောင်စေတဲ့ အမည်းရောင်

(ကဏှပက္ခ)လို့ ခေါ်တဲ့ အကုသိုလ်အသင်း၊

အဖြူရောင်အသင်းဟာ

၁။ နိဗ္ဗာန်ဆိုတဲ့ ရည်ရွယ် ချက်လဲပါတယ်၊

၂။ မဂ္ဂဆိုတဲ့ လမ်းကြောင်းလဲပါတယ်၊

၃။ သီလ သမာဓိ ပညာဆိုတဲ့ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းတို့ညီမျှတဲ့ အစီအစဉ်လဲပါတယ်၊

၃။ နည်းစနစ်ပိုင်းမှာဆိုရင်လဲ ဘုရားရှင်ချမှတ်ခဲ့တဲ့ အတိုင်း အရိယာအစရှိတဲ့ သူတော်ကောင်းစဉ်ဆက်တို့ စနစ် တကျ ထိန်းသိမ်းလာခဲ့တဲ့ နည်းကောင်း နည်းမှန် စနစ်မှန် ဖြစ်တယ်။ ကန်ကြမဲ့ အသင်းသားတွေကို ကြည့်ရင်လဲ သတိပဋ္ဌာန်, သမ္မပဒါန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဆိုတဲ့ တကယ့်အကောင်းဆုံး ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တွေကို ရရှိထားကြသူတွေ ဖြစ်လို့ အားကောင်း ဒေါင်ကောင်း အရည်အချင်းကောင်းတွေ ချည်းပဲ၊ ဒါကြောင့် သူတို့အသင်းဟာ ဆန့်ကျင်ဘက်ကို ဖယ်ရှားပြီး မိမိတို့ အသင်းကို တိုးပွားစေနိုင်တဲ့ စွမ်းရည်အပြည့်ရှိတဲ့ (ဘာဝေ တဗ္ဗ)အင်အားစု အသင်းဖြစ်တယ်၊

အမဲရောင်အသင်းကတော့ ရည်ရွယ်ချက်လဲမရှိ၊ လမ်းကြောင်းနဲ့အစီအစဉ်လဲမရှိ၊ နည်းစနစ်ရယ်လို့ သတ်သတ် မှတ်မှတ် မရှိကြသလို အသင်းသားတွေဟာလဲ ချည့်နဲ့ သိမ်ကြွေ့ ကလိမ်ကကျစ်၊ မူယာမာယာသမားတွေချည်းဖြစ်

လို့ ကိလေသာ, သံယောဇဉ်, ဩဃ, ယောဂစတဲ့ အမည်ဆိုး တွေနဲ့ ထင်ရှားတဲ့ အသင်းဖြစ်တယ်။ တကယ့်အသင်းကြီး တွေနဲ့ ရင်ဆိုင်လိုက်တိုင်း ပြုတ်အောင် အဖယ်ရှားခံရတဲ့ (ပဟာတဗ္ဗ) အင်အားစုအသင်းညံ့ပါ၊

အဖြူရောင်အသင်းမှာ သတိဆိုတဲ့ ဂိုးသမားက အသင်းခေါင်းဆောင်အဖြစ်နဲ့ တစ်သင်းလုံးကို ထိန်းသိမ်း ပေးပြီး ရှေ့တန်းမှာ ဝိပဿနာဂိုး, မဂ်ဂိုး, ဖိုလ်ဂိုးအထိ အဖိုး တန်ဂိုးတွေကို သွင်းပေးနိုင်စွမ်းရှိတဲ့ "ပညာ"က လှုပ်ရှား တယ်၊ သဒ္ဓ ဝီရိယတို့က တစ်သင်းလုံးကို တက်ကြွနေ အောင် နေရာစုံမှာ လှုပ်ရှားပေးနိုင်ကြတယ်။

အမည်းရောင်အသင်းမှာတော့ တစ်ဘက်အသင်း သားတွေ ဂိုးပေါက်မမြင်နိုင်အောင် ဖုံးကွယ်ပေးနေတဲ့ မောဟ ဆိုတဲ့ ဂိုးသမားက အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူပြီး လောဘဆိုတဲ့ မှုယာမာယာ တစ်ကိုယ်ကောင်းသမားနဲ့ ဒေါသဆိုတဲ့ အကြမ်းအရမ်းသမားတို့ အားကိုးနဲ့ ယှဉ်ပြိုင် နေတာပါ၊

အဓိက သူတို့ရဲ့ အားသာချက်ကိုကြည့်ရင် သဘာ တော့ရင့်တယ်၊ သံသရာအစကတည်းက ခန္ဓာကိုယ်ကို အပိုင် စီးလာကြတဲ့ အသင်းဆိုတော့ ကွင်းရှင်အိမ်ရှင်လိုဖြစ်နေကြ တာ၊ ဒါကြောင့်လဲ အဖြူရောင်အသင်းက "သတိ"ဆိုတဲ့ ဂိုးသမားလစ်ရင် လစ်သလို သူတို့က ခိုးဂိုး၊ သတ်ဂိုး၊ လိမ်

ညာဂိုးစတဲ့ အကာသိလ်ဂိုးတွေကို သွင်းသွင်းသွားတတ်ကြ တာ၊

အဖြူရောင်အသင်းရဲ့ ခေါင်းဆောင် သတိဂိုးသမား က ဂိုးပေါက်လဲလုံခြုံအောင်မစောင့်၊ အသင်းသားတွေအပေါ် လဲ နှိုးဆော်မပေးနိုင်ဘူးဆိုရင် သဒ္ဓါ ပညာ ဝီရိယစတဲ့ အသင်းသားတွေလဲ အင်အားတွေလျော့ပါးပြီး ဘာမှထိထိ ရောက်ရောက် မလုပ်ကြလို့ တစ်ဘက်အသင်းရဲ့ ရမ်းသန်း ကန်လိုက်တဲ့ ဂိုးတွေကို ပေးရပြီး အရှုံးနဲ့ ရင်ဆိုင်နေကြတာ၊ "ရေများရေနိုင် မီးများမီးနိုင်"ဆိုတာမျိုးပေါ့။

အသင်းနှစ်ခုကို ယှဉ်ကြည့်လိုက်ရင်တော့ အဖြူရောင် အသင်းဟာ အထက်အသင်းဖြစ်ပြီး အမည်းရောင်အသင်းက အောက်အသင်းပါ၊ ဒါပေမဲ့ တစ်နေ့တာ ဘောလုံးပွဲကြီးပြီးလို့ ညအိပ်ရာဝင် စာရင်းချုပ်ကြည့်လိုက်တဲ့အခါမှာတော့ အံ့ဩ ဖို့ကောင်းလောက်အောင် အထက်ကြေးသမားတွေ ခွက်ခွက် လန်လန်ရှုံးပြီး အောက်ကြေးသမားတွေကချည်း အနိုင်ရ သွားကြတာ နေ့စဉ်လိုလိုပဲ၊

ဒီလိုဖြစ်ရတာကို ဆန်းစစ်ကြည့်လိုက်ရင် အားပေးပုံ မမှန်ကန်တာလဲ ချွတ်ယွင်းချက်တစ်ခုဖြစ်နေတယ်၊ အပြင်ပမှာ သူတစ်ပါးတွေကန်တဲ့ ဘောလုံးပွဲမှာတော့ လူတွေ ဟာ ကိုယ်နိုင်စေချင်တဲ့ အသင်းကို ဖိပြီးအားပေးတတ် ကြတယ်၊ ကိုယ်ခန္ဓာကိုယ်ထဲက ဘောလုံးပွဲကျတော့

ကိုယ်ကကောင်း ကျိုးကို ရချင်ကြသူတွေဖြစ်လို့ ကောင်းကျိုးကို ပေးနိုင်စွမ်းရှိတဲ့ အဖြူရောင်အသင်း နိုင်စေချင်ပေမဲ့ တကယ်တန်း အားပေးတာကျတော့ အမည်းရောင်အသင်းကို ပိုပြီးစိတ်အား ထက်ထက်သန်သန်နဲ့ အားပေးနေမိကြတယ်၊

ကိုယ်ကနိုင်စေချင်တဲ့ အသင်းဘက်ကို မှန်မှန်ကန်ကန် အားပေးတတ်ကြမယ်ဆိုရင် သတိဆိုတဲ့ ဂိုးသမားကလဲ နိုးနိုးကြားကြားနဲ့ အာရုံနဲ့တွေ့တိုင်းတွေ့တိုင်း စိတ်မှာကပ်ကပ်ပါလာတဲ့ လောဘစိတ်, ဒေါသစိတ် ကလေးတွေကို ပညာအကူနဲ့ ရှုမှတ်ပြီး ပုတ်ထုတ်လွှတ်၊ သဒ္ဓါ ဝီရိယတို့ကလဲ ထက်ထက်သန်သန် လှုပ်ရှားရင် ဒါနဂိုး သီလဂိုး ဘာဝနာဂိုးတွေကစပြီး ဝိပဿနာဂိုးတွေနဲ့ ဖိသွင်းလိုက်ကြတဲ့အတွက် နောက်ဆုံးတော့ အမည်းရောင်အသင်းဟာ သူ့ရဲ့အပယ်ခံ (ပဟာတဗ္ဗ)သဘောအတိုင်း ဘုံးဘုံးလဲ ရှုံးနိမ့်ပြီး အဖြူရောင် အသင်းကသာ သူ့ရဲ့တိုးပွားတတ်တဲ့ ပင်ကိုယ်စွမ်းအား (ဘာဝေတဗ္ဗ)နဲ့အညီ တိုးပွားလာလို့ မဂ်ဖိုလ်ဆိုတဲ့ အဆုံး အဖြတ်ဂိုးတွေကိုသွင်းပြီး နိဗ္ဗာန်ဆိုတဲ့ ချန်ပီယံဆုဖလားကြီး နဲ့ ဂုဏ်ယူဝမ်းမြောက်သွားကြရမှာ ဖြစ်တယ်၊ ဆိုတဲ့ အကြောင်းကို မိန့်ကြားအားပေးရင်း ဩဝါဒကိုနိဂုံးချုပ်လိုက်ပါတယ်။

တစ်ကိုယ်တော်ကန်ရတဲ့ ခန္ဓာကိုယ်တွင်းက ဘောလုံးကြီးမှာ အားပေးပုံ မှန်မှန်ကန်ကန်နဲ့ အနိုင်နွဲပြီး ဒုက္ခအားလုံး ကင်းလွတ်ရာနိဗ္ဗာန်ဆိုတဲ့ ဖလားကြီးကို ကိုင်မြှောက်ခွင့်ရတဲ့ လောကအားလုံးကို လွန်မြောက်တဲ့ ချန်ပီယံကြီးများ ဖြစ်နိုင်ကြပါစေ။

# ဂျို (ချို)တု တရားရှင်

"ကျင့်ကြံအားထုတ်ချင်လို့ မဟုတ်ပဲ ငြင်းချင် ပြောချင်လို့ လာမေးတဲ့ လူကိုတရားနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ပြောပေးလိုက်လို့ကတော့ကွာ 'မြင်း ခေါင်းဂျိုတတ်၊ မျောက်လက်မောင်းအပ်၊ အရပ် မချမ်းသာ' ဆိုတာမျိုး ဖြစ်ကုန်တော့မှာပေါ့..."

(အမရပူရဆရာတော် ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ)

မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရ ကျောင်း ကျေးဇူးရှင်ဆရာတော် (ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ) မထေရ်မြတ် မိန့်ကြားတဲ့ စကားပုံဖြစ်ပါတယ်၊

၁၃၂၉-ခုနှစ်က အမရပူရမြို့ တူးမောင်းတိုက် တိုက် အုပ်ဆရာတော်ရဲ့ ဈာပနကိစ္စကို စီမံဆောင်ရွက်ပေးရင်း ဆရာတော်ပန်းဖျား ဖျားလို့ တူးမောင်းတိုက်မှာ တစ်လ လောက် သီတင်းသုံးအနားယူနေပါတယ်၊

မိမိက အနင်းအနှိပ်လဲ နဲနဲပါးပါး ဝတ်ပြုပေးတတ်တာရယ် စာကြောင်းပေကြောင်း ဝါသနာပါလို့ မေးတတ်လျှောက်တတ်လေ့ရှိတာရယ်ကြောင့် ဆရာတော်အနားမှာ စာဝါချိန်ကလွဲရင် မပြတ်နေပေးရပါတယ်၊

တစ်နေ့မှာ ဆရာတော်နား ဝတ်ပြုပေးနေတုံး ကျောင်းမှာ ဧည့်သည်ရောက်နေတယ်ဆိုပြီး ကိုရင်တစ်ပါးလာပင့်တော့ ဆရာတော်က ခဏလိုက်သွားလိုက်ပါလို့ ခွင့်ပြုတဲ့အတွက် ခဏလိုက်သွားပါတယ်၊ ပြန်ရောက်တဲ့အခါ အကျိုးအကြောင်းမေးတော့ တရားအကြောင်း စာအကြောင်းမေးချင်လို့လားတဲ့ ဒကာကြီးတွေဖြစ်တဲ့အကြောင်းနဲ့ ဒီလိုပဲ မကြာမကြာ လာတတ်လေ့ရှိကြောင်း ကျောင်းလာမေးပြီးလျှင် အရပ်ထဲမှာ တရားဝိုင်းဖွဲ့တယ်ဆိုပြီး ဆွေးနွေးငြင်းခုံလေ့ရှိတဲ့ ဒကာများဖြစ်ကြောင်း လျှောက်ထားလိုက်တဲ့အခါ ဆရာတော်က အဃက်ပါစကားကို မိန့်ကြားလိုက်ပါတယ်။

ဆက်လက်ပြီး– မြင်းဆိုတာ နဂိုကအပြေးသန်ပြီးသား ဂျိုသာတတ်ပေးလိုက်လို့ကတော့ ပြေးပြေးခတ်ခတ်လုပ်လိုက်ရင် အရပ်ပျက်သွားတော့မှာပေါ့၊ မျောက်ဆိုတာမျိုးကလဲ နဂိုက အငြိမ်မနေတတ်တဲ့ အကောင်မျိုး လက်ထဲမောင်းရထားလို့ အိမ်ခေါင်မိုးမရှောင်၊ ဝန်းထရံမရှောင်၊ နေ့မရှောင်၊ ညမရှောင် လျှောက်ခေါက်နေရင် အရပ်ဘယ်ချမ်းသာနိုင် တော့မလဲ၊ ခုမင်းပြောတဲ့ ဒကာတွေဆိုတာလဲ

အဲဒီလို အမျိုးအစားထဲက ဖြစ်ပုံရတယ်၊ ကြည့်ကြက်လဲ လုပ်ပါကွာ တော်ကြာအချိန်မသိ အခါမသိ စားချိန်မှန်းမသိ အိပ်ချိန်မှန်းမသိ ငြင်းကြ ခုံကြလို့ အရပ်မချမ်းသာဖြစ်နေရင် ကိုယ်ပါတာဝန်မကင်း ဖြစ်နေပါအုံးမယ်"လို့ သတိပေး မိန့်ကြားလိုက်ပါတယ်။

ဆရာတော်သတိပေးမိန့်ကြားခဲ့တာ ကြာခဲ့ပါပြီ၊ ဆရာ တော်မိန့်ကြားသလို "မြင်းခေါင်းဂျိုတပ်ပေးလိုက်သလို"လို့ ဆိုရလောက်အောင်အထိ ပြေးပြေးခတ်ခတ်လုပ်သူကိုတော့ မတွေ့ခဲ့မိပါဘူး။ သိပ်မကြာသေးခင်ကမှ မိမိနေခဲ့ဘူးတဲ့ မြို့တစ်မြို့က လူငယ်တစ်ယောက်နဲ့ တွေ့လိုက်ရတယ်၊ အရင်ကတည်းက သိထားဘူးလို့ ရင်းရင်းနှီးနှီးပဲ မိမိနဲ့အတူ ကျောင်းကိုလိုက်လာပြီး၊ "တရားအကြောင်း လျှောက်ထားချင်တယ်" လို့ ပြောလာပါတယ်။

"ပြောစရာရှိ ပြောပါ"လို့ ခွင့်ပြုလိုက်တော့ သူကယခု လက်ရှိ ပရိယတ္တိအလုပ်တွေ မြတ်စွာဘုရားအာဘော်ကျ မဖြစ်ပုံက အစချီပြီး သူတို့သိထားတဲ့ အမှန်တရားဆိုတာ များကို မပြတ်ပြောနေပါတော့တယ်၊ သူတို့သိထားတဲ့ တရား ဆိုတာ သူတို့ဆရာကိုယ်တိုင်က တရားသဘော အပြည့်အစုံ သိပြီးဖြစ်တဲ့ (ရဟန်းကိစ္စပြီးပြီးသား) ပုဂ္ဂိုလ်က ဟောကြားပြတာလို့လဲ ဆိုပါတယ်။

သူ့အမူအယာက သူတို့သာ အစစ်အမှန် သိထားတာ ဖြစ်လို့ တစ်ခြားသူတွေကို ညံ့လှချည်းလားဆိုတဲ့ ပုံစံမျိုးနဲ့ ပြောနေတာပါ၊ ဒီနေ့နာမည် ထင်ရှားတဲ့ ကမ္မဋ္ဌာနာစရိယ မေ့ကထိကထဲက ဘယ်ဘုန်းကြီး ဘယ်ဘုန်းကြီး များထံလဲ သူသွားရောက်ဆွေးနွေးခဲ့ကြောင်းများလဲ ပြောသေးတယ်၊ သူ့အရပ်မှာ (၁၀)ရက်စခန်းလာဟောတဲ့ ဆရာတော်ကိုလဲ စခန်းသိမ်းတဲ့နေ့က လျှောက်ထားမိလို့ အဲဒီကမ္မဋ္ဌာန်းဆရာ တော် ဘာမှပြန်မပြောတတ်ပဲ ဖြစ်သွားကြောင်းလဲ ပါပါတယ်၊

နောက်ထပ်သိရတာကတော့ ဒီသူငယ် ဒီလိုပဲ သူ့ အရပ်မှာ တရားစခန်းလာဖွင့်တဲ့ ဆရာတော်ကို ထော်လော် ကန့်လန့် တွေမေးပြီး ပွဲပျက်အောင်လုပ်ခဲ့လို့ အများက အတော်ချဉ်နေကြောင်းနဲ့ သူ့ကို ခပ်ရှောင်ရှောင်နေကြ ကြောင်းလဲ သိရပါတယ်၊

တရားဆိုတာ ကိုယ်စိတ်နှစ်ရပ် အေးငြိမ်း ငြိမ်သက်ဖို့ ဖြစ်ပေမဲ့ ဒီသူငယ် တရားထူးရပုံကတော့ ကိုယ်ကလဲ မြောက် ဆွဆွ စိတ်ကလဲ အမြဲသူတစ်ပါးကို နှိပ်ကွက်လိုက်မယ်၊ မေးခွန်းနဲ့ အနိုင်ယူလိုက်မယ်ဆိုတဲ့ စိတ်မျိုးမွေးနေပုံပါပဲ၊ သူတို့သိသလို တစ်ခြားသူတွေ မသိနိုင်ဘူးလို့ ယူဆပြီး လူတွေ့တိုင်းလဲပြောချင်နေတဲ့ပုံပါ၊ ပတ်ဝန်းကျင်ကလေးစား ခံရတယ် လူတွေက အထင်ကြီးနေတယ်ဆိုတဲ့ အရှင်မြတ် များကို ပိုပြီးတွေ့ချင်ပြောချင်တယ်ဆိုတဲ့ သူရဲ့ဆန္ဒကိုလဲ ပြောပြပါတယ်၊

ဆရာတော်တစ်ပါး မိန့်ကြားဘူးတယ်"တရားမှုမမှန်ရင် တရားအနယ်မထိုင်သူဟာ သူတစ်ပါးကို အမြဲပုတ်ခတ်လေ့ရှိတယ်"တဲ့ ဒီသူငယ်ကလဲ ဒီလိုအမျိုးအစားထဲက ပါပဲ၊

သူနဲ့တွေ့တဲ့အခါမှာ ကျေးဇူးရှင် အမရပူရ ဆရာတော်မိန့်ကြားဘူးတဲ့ စကားကို ပြန်သတိရမိတော့တယ်၊ ဂျို တပ်ပေးထားတဲ့ မြင်းလို ဂျိုအတု တရားရှင်ဆိုတာ ဒီသူငယ်လို လူပုဂ္ဂိုလ်မျိုးကို ပြောတာထင်ပါရဲ့၊ သူလိုဂျိုအတု တရားရှင် တွေ ဘယ်လောက်များတောင် ရှိနေပြီးလဲ မပြောတတ်တော့ ဘူး၊

မြတ်ဗုဒ္ဓရဲ့ တရားတော်ဆိုတာ ကိလေသာအပူကင်းဝေးဘို့ ဟောကြားထားတာဖြစ်လို့ တရားကိန်းဝပ်တည်ရှိသူရဲ့ သန္တာန်မှာလဲ ကိလေသာဆိုတဲ့ စိတ်ရဲ့အပူတွေ အနှောက်အယှက်တွေ ကင်းဝေးစေပါတယ်၊ ဒီလိုတရားရှင်အစစ်များဟာ သူတစ်ပါးကိုလဲ စိတ်အနှောက်အယှက်ဖြစ်အောင် ပူပန်အောင်မလုပ်တတ်ပါဘူး၊

လောကမှာ အဘိုးတန်တဲ့ ရတနာပစ္စည်းကို ကိုယ်ပိုင်အစစ်အမှန်ရရှိထားသူများဟာ "သူခိုးရွှေရ တစ်ပြပြ"ဆိုသလို လူတိုင်းကိုလိုက်ပြမနေတတ်ပဲ လုံခြုံအောင်သိမ်းဆည်းပြီး လိုအပ်မှသာဆင်မြန်းတတ်ကြသလို တရားကို တန်ဘိုးထားတဲ့ တကယ့်တရားရှင်များဟာလဲ

တရားကို အမြတ်တနိုး သိမ်းဆည်းပြီး လိုအပ်မှ တောင်းဆိုမှ သာ ဟောပြော ဆင်မြန်းတတ်ကြမှာပါ။

လူတွေတိုင်း တရားစွမ်းပြချင်တတ်ကြတဲ့ ဂျိုအတု တရားရှင်များနဲ့ တကယ့်တရားရှင်အစစ်ကို ခွဲခြားနိုင်ဘို့ ဆိုတာ အမှုအယာကြည့်ရုံနဲ့ သိသာလှပါတယ်။

**ခွဲခြားစိစစ်နိုင်ကြပါစေ။**

## ရခဲတဲ့ ကျွန်ဘဝ

လယ်တီဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က မန္တလေးကိုရောက်တဲ့အခါတိုင်း မစိုးရိမ်ကျောင်းတိုက်ကို ဝင်ဖြစ်အောင်ဝင်လေ့ရှိသတဲ့၊ ဆရာတော်ကြီးက သာသနာ့တာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လေ့ရှိတဲ့ သီးတင်းဖော် ညီတော်နောင်တွေကို လေးစားလေ့ရှိတဲ့အတိုင်း မန္တလေးမစိုးရိမ်ကျောင်းတိုက်က ဆရာတော်များကလဲ ပရိယတ္တိသာသနာ့တာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်နေကြတာဖြစ်လို့ ရောက်တိုင်းကိုယ်တိုင်သွားရောက်တွေ့ဆုံပြီး ဝမ်းမြောက်စကားပြောကြားအားပေးရင်း ပိဋကတ်စာပေရေးနဲ့ သာသနာရေးကိစ္စများကိုလဲ ဆွေးနွေးပြောဆိုလေ့ရှိတာပါတဲ့။

တစ်ချိန်မှာတော့ မစိုးရိမ်ကျောင်းတိုက်ရောက်တဲ့အခိုက် လယ်တီဆရာတော်ဘုရားကြီးက မစိုးရိမ်ဆရာတော်များကို "ဆရာတော်လေးတို့၊ သာသနာ့ကျွန်ကော ခံကြရဲ့

လား"လို့ မေးပါတယ်။ လယ်တီဆရာတော် ဘာကိုဆိုလို တယ်ဆိုတာ မစိုးရိမ်ဆရာတော်များက ရိပ်မိပါတယ်။ ဆရာ တော်ကြီးဟာ မိမိနေတဲ့တိုက်တာမှာ အများသံဃာနဲ့ပတ် သက်တဲ့ သောက်ရေသုံးရေတည်တာ၊ တံမြက်လှည်းတာက အစ ကုဋီရေဖြည့်တာအထိ လုပ်လေ့ရှိတာဖြစ်တော့ မစိုးရိမ် ဆရာတော်များကိုလဲ အဲဒီလိုလုပ်၊ မလုပ်မေးလိုရင်းပါ၊ မစိုးရိမ်ဆရာတော်များကလဲ ပရိယတ္တိစာပေသင်ကြားရေး ဘက်မှာသာ အလေးထားဆောင်ရွက်နေကြတာဖြစ်လို့ ဒီလို ကိစ္စတွေဆောင်ရွက်တဲ့ဘက်မှာ ကိုယ်တိုင်ဆောင်ရွက်နိုင်မှု နည်းခဲလေတော့ "ဆရာတော်ဘုရား၊ ရှက်ရှက်နဲ့ပဲ အမှန် အတိုင်းဝန်ခံရတော့မှာပဲ၊ အဲဒီဘက်မှာ တပည့်တော်တို့ ချို့ယွင်းခဲ့ပါတယ်ဘုရား'လို့ ပြန်လျှောက်ကြတယ်။ ဒီတော့ လယ်တီဆရာတော်ဘုရားကြီးက–

"အရှင်ဘုရားတို့ တယ်ညံ့တာပဲ၊ သားကျွန်၊ မယား ကျွန်ဆိုတာ သံသရာတစ်လျှောက်လုံး ခံခဲ့ရလှပြီ၊ သာသနာ့ ကျွန်ဆိုတာ သာသနာတော်နဲ့ကြုံတုန်းမှ ခံခွင့်ရတာ၊တပည့် တော်တို့ အလွန်ကံကောင်းလို့ အခုလို သာသနာတော်နဲ့ကြုံ ကြိုက်ပြီး ဒီအခွင့်အရေးကြီးရကြတာ လက်လွှတ်မခံသင့်ဘူး" လို့ အမိန့်ရှိပါသတဲ့။

(မစိုးရိမ် ထေရုပ္ပတ္တိ)

လယ်တီဆရာတော်ကြီးက မစိုးရိမ်ဆရာတော်များကို ပြောကြားတာဖြစ်ပေမယ့် ဒီစကားဟာ သာသနာနဲ့ကြုံကြိုက်ခွင့်ရသူတိုင်း အလေးအနက်ထားရမယ့် စကားပါ။

သာသနာ့ကျွန်ခံတယ်ဆိုတာ ပရိယတ်ပဋိပတ် (သင်အံလေ့လာခြင်းနဲ့ လိုက်နာကျင့်သုံး ပွားများခြင်း) တာဝန်နှစ်ရပ်ကို ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်များနဲ့ပတ်သက်တဲ့လုပ်ကိုင်ဆောင်ရွက်စရာ(ဝေယျာဝစ္စ) ကိစ္စများကို ဆောင်ရွက်တာ၊ ပရိယတ် ပဋိပတ် သာသနာတော် တိုးတက်ရာ တိုးတက်ကြောင်းဖြစ်တဲ့ စာပေရေးသားခြင်း၊ စာအုပ်စာတမ်း ထုတ်ဝေခြင်း၊ ဟောပြောပို့ချမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခြင်းစတဲ့ ကိစ္စရပ်တွေ အပါအဝင် သာသနာတော်ကို မကြည်ညိုတတ်သေးသူတွေ အားကျကြည်ညိုလာအောင်၊ ကြည်ညိုပြီး သူတွေ ပိုမိုထက်သန်ပြီး အသိဉာဏ်တိုးတက်လာအောင်အထိ သာသနာတော်နဲ့ ပတ်သက်တဲ့ ဆောင်ရွက်စရာတွေအားလုံးပါပဲ။ အဲဒါတွေကို ကိုယ်စွမ်းနိုင်ရာကနေ စွမ်းနိုင်သမျှ ဆောင်ရွက်ကြတာဟာ ကိုယ့်ရဲ့မာန်မာနတွေကို နှိမ့်ချဆောင်ရွက်တာဖြစ်လို့ သာသနာ့ကျွန်ခံတယ်လို့ လယ်တီဆရာတော်ဘုရားက ခံယူပြောဆိုတာပါ။ သာသနာနဲ့ပတ်သက်

ရင် ကိုယ့်ကိုကိုယ် နှိမ့်ချသုံးစွဲတဲ့ သဘောပါပဲ။

မြတ်စွာဘုရားရှင်လက်ထက်တော်က သိကြားမင်းအစရှိတဲ့ ပုဂ္ဂိုလ်တွေကတောင် လူငယ်အသွင်ဖန်ဆင်းပြီး ဘုရားရှင်နဲ့ နောက်ပါသံဃာတော်တွေ ဆွမ်းခံကြွတဲ့အခါ ရပ်သူရွာသားတွေ ကြိုတင်သိရှိနိုင်အောင် ရှေ့ကနေ ကြွေးကြော်နှိုးဆော်တဲ့ အလုပ်ကို လုပ်ကိုင်ကြတာဟာလဲ သာသနာ့ဂုဏ်ခံဟာပါပဲ၊ အများကြားဖူးနေကြတဲ့ ဃောသကနတ်သားဆိုတာ၊ အဲဒီလိုကြွေးကြော်တဲ့ ကုသိုလ်ကြောင့် နတ်ပြည်မှာ အသံသြဇာကောင်းတဲ့ နတ်သားသွားဖြစ်ခဲ့တာပေါ့။

သာသနာဆိုတာ သတ္တဝါအားလုံးနဲ့ ဆက်ဆံပါတယ်၊ သာသနာတော်နဲ့ပတ်သက်တဲ့ ကိစ္စတိုင်းဟာ အများနဲ့ ဆက်ဆံတဲ့ကိစ္စပါ။ ပုဂ္ဂိုလ်သတ္တဝါ ဘာသာအကန့်အသတ် မရှိ အားလုံးအကျိုးအတွက် ဆောင်ရွက်ရတာဖြစ်လို့ ဘယ်လောက်လွယ်ကူပေါ့ပါးတဲ့ကိစ္စဖြစ်ဖြစ် အတိုင်းမရှိ အကျိုး ကြီးမားပါတယ်။ အခုလို သာသနာတော်နဲ့ ကြုံကြိုက်ခွင့်ရကြသူတိုင်း ဒီအခွင့်အရေးမျိုးကို လက်လွှတ်မခံဘဲ တန်ဖိုး ထားပြီး ရခဲတဲ့ ဒီသာသနာ့ဂုဏ်ဘဝကို ရအောင်ခံယူနိုင် ကြပါစေ။

# အံ့ဩဖွယ်ရာအထူးအဆန်းများရဲ့ အနှစ်ချုပ်ဆိုး

အံ့ဩစရာအထူးအဆန်းများကို စိတ်ဝင်စားကြတာဟာ အခုမှမဟုတ်ပါဘူး။ မြတ်စွာဘုရားလက်ထက်တော် ကတည်းက အတော်တွင်ကျယ်ခေတ်စားနေတာပါပဲ။ "ကောတူ ဟလသာလာ"ဆိုတာ "ဘယ်မှာ ဘယ်သူတွေက ဘာအထူး အဆန်းတွေများပြောသလဲ၊ ပြသလဲ"လို့တွေ့ဆုံပြောကြားတဲ့ ဇရပ်ကို ခေါ်တာပါ။ ပိဋကတ်တော်မှာလဲ ဒီအဆန်းတကြယ် ပြောကြားရာဇရပ်အကြောင်း အတော်လေးပါပါတယ်။ အထူးသဖြင့်တော့ ဘာသာရေးနယ်ပယ်က အဆန်းတကြယ်ပြော ကြ၊ ကျင့်ကြ၊ နေထိုင်စားသောက်ကြပုံတွေ ကြားရတွေ့ရသမျှ အချင်းချင်းသတင်းဖလှယ်ကြတာပါပဲ။ လူတွေကလဲ တကယ်ကိုယ်တိုင်တွေ့ကြုံ ခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေ လွတ်မြောက်ရေးထက် အဲဒီတအံ့တဩဖြစ်စရာ ဘာသာရေး သတင်းထူးတွေ

ကိုပဲ ပိုပြီးစိတ်ဝင်စားတတ်ကြပါတယ်။ ဒီလို တအံ့တသြ သတင်းထူးနောက်လိုက်ပြီး အထင်ကြီးကြည်ညို တတ်ကြတဲ့ 'ဃောသပမာဏိက' သမားတွေဟာ တစ်ရာမှာ ရှစ်ဆယ်နှုန်းလောက်ရှိတယ်လို့ ဝိဘင်းဋီကာဆရာက ခန့်မှန်းပြပါတယ်။

ကိုးကွယ်ဆည်းကပ်ထိုက်တဲ့ ဘာသာတရားအစစ် အမှန်ဆိုတာ ကိုယ်ကျင့်စာရိတ္တ (သီလ)၊ စိတ်ဓာတ်ခိုင်မာ ရင့်ကျက်မှု(သမာဓိ)၊ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား (ပညာ)တို့ကို တိုးပွားစေပြီး ပူပင်မှု ဒုက္ခတွေကိုလျော့ပါးကင်း ပျောက်စေနိုင်ရပါမယ်၊ အစွဲအလမ်းကြီးမှု (တဏှာ) ကိုယ့်ကိုယ်ကို အထင်ကြီးမှု (မာန)၊ အယူသီးမှု(ဒိဋ္ဌိ)တွေ လျော့ပါးပြီး စိတ်ရဲ့ အေးချမ်းမှုကို ပေးနိုင်စွမ်းရှိ မရှိဆိုတာ ဘာသာ အစစ်အတုကို ခန့်မှန်းတိုင်းတာရမယ့် ပေတံပါပဲ။

ဒီပေတံကို အသုံးမချဘဲ ထူးဆန်းအံ့သြဖွယ်ရာကို စံထားကိုးကွယ်မိလို့ ဆရာပေါင်းမှားပြီးဘုရား မကယ်နိုင်တဲ့ အထိ ရောက်ခဲ့ရသူတွေထဲမှာ 'အဇာတသတ်'ဟာ သင်ခန်းစာအယူထိုက်ဆုံး ပုဂ္ဂိုလ်ပါပဲ။ တန်ခိုးအပြကောင်းတဲ့ ဒေဝဒတ်ကို အထင်ကြီး ကိုးကွယ်မိရာက အဖသတ်တဲ့ကံကြီးအထိ ထိုက်ခဲ့လို့ ပင်ကိုရှိပြီးသား သောတာပန်ဖြစ်နိုင်

လောက်တဲ့ ပါရမီအရင်းအနှီးတွေ အချီးအနှီးဖြစ်ခဲ့ရပါတယ်။ မြတ်စွာဘုရားရှင်က "အဇာတသတ်ဟာ ကိုယ့်အမြစ်ကိုယ် တူးဖြိုဖြုတ်ဆီးပစ်ခဲ့ပြီ"လို့ ကောက်ချက်ချတော်မူခဲ့ပါတယ်။

ဒီနေ့ မိမိတို့ရရှိနေတဲ့ဘဝဟာ ရတောင့်ရခဲတဲ့ လူ့ဘဝကို ရရှိပြီး ကြုံရခဲတဲ့သာသနာတော်ကြီးနဲ့ ကြုံကြိုက်နေရတာပါ။ လူ့ဘဝကိုရရှိတာဟာ ကံကောင်းထောက်မလို့ဖြစ်သလို သာသနာတော်နဲ့ ကြုံရတာဟာလဲ ပါရမီအထောက်အပံ့ကောင်းရှိလို့ပါ။ ဒီတန်ဖိုးကို အလေးအနက်မထားဘဲ၊ ထူးဆန်းအံ့သြစရာတွေနောက် လိုက်နေကြသူတွေ ဒီနေ့ခေတ်မှာလဲ အတော်တိုးပွားခေတ်စားနေကြပါတယ်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်အရ လူတိုင်း (သတ္တဝါတိုင်း) ဟာ ကိုယ်ပြုထားတဲ့ကံရဲ့ အမွေကိုသာ ကိုယ်ခံစားခွင့်ရှိပါတယ်။ သူတစ်ပါးကံကို ကိုယ်ကခံစားခွင့်မရှိပါဘူး။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်ကို မျက်မြင်ကိုယ်တွေ့ ဖူးမြော်ခွင့်၊ နားနဲ့ဆတ်ဆတ် တရားနာခွင့်ရသူတွေဟာလဲ ကိုယ်တိုင်လိုက်နာကျင့်ကြံမှု မရှိသူတွေမှာဘာအကျိုးမှမထူးခဲ့ပါဘူး။ ကျေးကျွန်တွေဟာ ကျေးကျွန်ပါပဲ။ ရာဇဝတ်သားတွေဟာလဲ ရာဇဝတ်သားပါပဲ၊ လိုက်နာကျင့်ကြံကြသူတွေမှာတော့ အတိတ်ဘဝရဲ့ ဝဋ်ကြွေးအဖြစ်နဲ့ အခုဘဝမှာ ကျေးကျွန်တွေ၊ ဒွန်းစဏ္ဍာလတွေ၊ ပြိတ္တာတွေ

ဖြစ်နေရပေမယ့် ကိုယ်ကျင့်သုံးတဲ့ တရားကျေးဇူးတွေကြောင့် မဂ်ဖိုလ်ရကြ၊ အရိယာဖြစ်ကြပြီး နောင်ကျန်သေးတဲ့ သံသရာတစ်လျှောက်မှာ အပယ်ဘေးဒုက္ခနဲ့ ဘယ်တော့မှမတွေ့ကြုံရတော့တဲ့အပြင်၊ ယုတ်နိမ့်ဆင်းရဲတဲ့ အမျိုးအနွယ်မှာ ဘယ်တော့မှမဖြစ်ရဘဲ သံသရာအာမခံချက်တွေ အပြည့်အဝ ရရှိသွား ကြပါတယ်။

- နည်းဆန်းကိုရှောင်၊ နည်းမှန်ဆောင်၊ နိဗ္ဗာန်ထိ အောင် မဆင်းရဲ၊

ဒါတွေကို ထောက်ထားစဉ်းစားပြီး ထူးဆန်းမှုဟာ ကိုယ့်အတွက်ဘာအကျိုးမှမရှိဘူး၊ စစ်မှန်မှုကသာ ကိုယ်လက်ခံ ကျင့်သုံးနိုင်သလောက် အကျိုးများ တယ်ဆိုတာ သဘောပေါက်လိုက်နာကြစေချင်ပါ တယ်။

# အတိုးကြီးတဲ့ အငှားကို အမြတ်များအောင် အသုံးချပါ

လောကမှာ ငွေချေးပြီးအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်ကြသူတွေ၊ မြေ၊ ယာ၊ ကျွဲ၊ နွားငှားပြီး စိုက်ပျိုးကြသူတွေဟာ အငှားပစ္စည်းကို အရင်းအနှီးလုပ်ပြီး ကိုယ့်အတွက် အကျိုးအမြတ်ကျန်အောင် ကိုယ်အား ဉာဏ်အားနဲ့ စိုက်ထုတ်ကြိုးစားနိုင်မှ တန်ကာကျပါတယ်။ အမြတ်ကျန်အောင် မကြိုးစား မကြံစည်နိုင်ဘူးဆိုရင်တော့ မုချ ရှုံးပြီသာမှတ်၊ အရင်းပဲရတယ်ဆိုတာ ပြောလို့သာပြောနေတာ၊ တကယ်ဖြစ်နိုင်တာမဟုတ်ပါဘူး၊ အမြတ်မရဘူးဆိုရင် ကုန်လွန်ခဲ့တဲ့အချိန် အရှုယ်တွေ၊ စိတ်ဓာတ်ခွန်အားတွေ အများကြီးရှုံးခဲ့ပြီပဲ။ ဒါကတော့ ဘဝသဘောနဲ့ အလုပ်သဘောကို စနစ်တကျ တွက်တတ်သူတိုင်း နားလည်ကြပါတယ်။

လူတိုင်းမှာ အရေးအကြီးဆုံး အငှားပစ္စည်း တစ်ခုရှိနေပါတယ်။ အဲဒါကတော့ တစ်ဘဝ (ဒီလူ့ဘဝ)မှာ အသက်ရှင်နေထိုင်ခွင့် (တစ်ဘဝအတွက် ရုပ်နာမ်ခန္ဓာ)ပါပဲ။

"မနုဿသတ္တဒုလ္လဘ"ကို ရရှိဖို့အတွက် ကုသိုလ်ကံဆိုတဲ့ အဖိုးအခပေးပြီးမှ ရခဲ့ကြတာပါ။ ဒါတောင် အပိုင်မဟုတ်ပါဘူး၊ ကိုယ်ပေးထားတဲ့ ကံအဖိုးအခရှိသလောက်သာ ကံတရားက အသက်ရှည်ခွင့်ပြုပါတယ်။ ဒါကို သဘောပေါက် လက်ခံကြသူတွေဟာ အမှတ်တမဲ့ မနေကြဘဲ အသက်ရှည်ရာ အနာမဲ့ရေးဆိုတဲ့ ကုသိုလ်ကံတွေ ထပ်ဆောင်းပေးနေကြပါတယ်။

ဒီလို တန်ရာတန်ကြေးပေးပြီး ငှားထားတဲ့ခန္ဓာကိုယ်ကြီးဟာ ဒီတိုင်းလဲ အသုံးချလို့ ရသေးတာမဟုတ်ပါဘူး၊ သူ့အတွက် စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေးဆိုတဲ့ နေ့စဉ်အတိုးတွေကလဲ ပေးလို့ကိုမလောက်နိုင်အောင် ကြီးလှပါတယ်။ တကယ်တော့ တစ်ဘဝခန္ဓာဆိုတာ အရင်းလဲများ၊ နေ့ပြန်တိုးလဲ အကြီးစားပေးပြီး ငှားထားရတဲ့ အငှားပစ္စည်းအစစ်ပါပဲ၊ ဒီလောက် နေ့ပြန်တိုး ကြီးကြီးမားမား ပေးနေတာတောင် သူက ကိုယ်ကြိုက်သလို အသုံးချခံသေးတာမဟုတ်ဘူး၊ အမြဲပဲ ဖောက်ပြန်နေသေးတာ၊ အတော်ကိုဇီဇာကြောင်တဲ့ခန္ဓာကြီးပါပဲ။

ဒီလောက် ကရိကထတွေများ အပြစ်အနာတွေများလှတဲ့ ခန္ဓာကိုယ်ကြီးကို အထင်တော့ မသေးလိုက်ပါနဲ့၊ သူ့ကို စနစ်တကျ အသုံးချတတ်မယ်ဆိုရင်လဲ တစ်အောင့် တစ်ခဏနဲ့တောင် မခန့်မှန်းနိုင်

လောက်တဲ့ အကျိုးအမြတ်ကို ရသွားနိုင်ပါတယ်။ လောကထဲမှာ နှိုင်းစရာဆိုလို့ ဘာမှမရှိတဲ့အတွက် လောကကိုလွန်တဲ့ (လောကုတ္တရာ) အကျိုးအမြတ် ဖြစ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်အထိ အကျိုး အမြတ်ရစေပါ တယ်။

မြတ်စွာဘုရားရှင်က မဟာသတိပဋ္ဌာန် သုတ် တော် အဆုံးမှာ ဒီခန္ဓာကိုယ်ကြီးကို စနစ်တကျနဲ့ (၇)ရက်လောက် အသုံးချကြည့်ပါ၊ ဘယ်သူမှကြံ့စဉ် လို့မရနိုင်တဲ့ အကျိုး အမြတ်ဖြစ်တဲ့ မဂ်ဖိုလ်ဉာဏ် ကို ရရှိပြီး ဒုက္ခအားလုံးတို့ရဲ့ လွတ်မြောက်ရာ (နိဗ္ဗာန်)ကို မုချမျက်မှောက်ပြု ခံစားနိုင်ပါမယ်လို့ ဟောမြွက်ညွှန်ကြားထားပါတယ်။

ဒီခန္ဓာကိုယ်ကို စနစ်တကျ အသုံးချရမယ်ဆို တော့ အဲဒီစနစ်က ဘာလဲဆိုတာ သိဖို့လိုပါတယ်၊ အဲဒါကတော့ 'သတိ'ပါ၊ အဲဒီသတိတရားနဲ့ အတိုး တွေကို သုံးသပ်ဆုံ ဖြတ်တတ်ရင် ဒီခန္ဓာကြီးကို အမှတ်တမဲ့ အသုံးမချရက် ကြတော့ပါဘူး၊ ရှိသမျှ ကိုယ်စွမ်းဉာဏ်စွမ်းတွေကိုလဲ သူ့အတွက် နေ့စဉ် အတိုးပေးဖို့လောက်သာ အသုံးချကျေနပ်နေကြတော့ မှာ မဟုတ်ပါဘူး၊ သူ့ကို အသုံးချတတ်ရင် ရနိုင်တဲ့ အကျိုးအမြတ်ဖြစ်တဲ့ နိဗ္ဗာန်အထိ အသုံးချကြတော့ မှာပါ။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်ဆိုတာ ဒီအင်္ဂါးခန္ဓာကိုယ်ကြီးထဲက နိဗ္ဗာန်ထိရမယ့် အကျိုးအမြတ်တွေကို ထုတ်လုပ်ပေးနေတဲ့ စက်ကြီးတစ်ခုလိုပါပဲ၊ ဒီစက်ကြီးပုံမှန်လည်ပတ်ဖို့အတွက် မပြတ်ထည့်ရမယ့် 'ဆီ'ကတော့ 'သတိ' ပါပဲ၊ ဆီမပြတ်ရင် စက်ကြီးပုံမှန်လည်ပတ်ပြီး ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ် အကျိုးအမြတ်တွေသာမက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လိုဆိုတဲ့ အဆင့်မြင့်အသိတွေထိ အမြတ်ရပြီး ဒုက္ခအားလုံးတို့ ကုန်ဆုံးရာနိဗ္ဗာန်ဆိုတဲ့ အမြင့်ဆုံး အကျိုးကို ရရှိမှာသေချာတယ်လို့ မြတ်ဗုဒ္ဓရဲ့ တာဝန်ခံချက်ကို ယုံယုံကြည်ကြည်နဲ့ အသုံးချကြဖို့သာ မိမိတို့ရဲ့တာဝန် ဖြစ်ပါတယ်။ အသုံးချပြီး အမြတ်များများ ရကြပါစေလို့ တိုက်တွန်းဆန္ဒပြုလိုက်ပါတယ်။

❋ ❧ ❋

# ဓမ္မဘောဂီတစဉ်များအတွက်
# မ, တည်ကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၂၀၀,၀၀၀ |
| ၂။ | ဦးညွန့်+ဒေါ်တင်တင်အေး၊(ကိုနေဝင်း) မစန်းစန်းဝင်း သားသမီးမြေးမိသားစု၊ စာတိုက်တန်း၊ အမရပူရ။ | ၁၀၀,၀၀၀ |
| ၃။ | အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ | ၄၀,၀၀၀ |
| ၄။ | ဦးတင်ဝင်း+ဒေါ်အုန်းဝင်း မိသားစု၊ ကျုံကြမိစု၊ တောင်စွန်း။ | ၅၀,၀၀၀ |
| ၅။ | ဦးမြင့်စိုး+ဒေါ်ရွှေ မိသားစု၊ ကျုံကြမိစု၊ တောင်စွန်း။ | ၃၀,၀၀၀ |
| ၆။ | အမ ဒေါ်လှယုံနှင့် ဦးခင်အောင်+ဒေါ်သီသားသမီးမြေးများ၊ ဥယျာဉ်တောင်ရွာ၊ နတ်မောက်မြို့နယ်။ | ၃၀,၀၀၀ |
| ၇။ | ဦးသိန်းဖေ+ဒေါ်ဝေ မိသားစု ကန်အောက်ရပ်၊ တောင်ကြီး။ | ၃၀,၀၀၀ |

| | |
|---|---|
| ၈။ ဦးမောင်ထွန်း+ဒေါ်ခေါက်ထူ မိသားစု နဝဒေးရပ်၊ တောင်စွန်း။ | ၂၅,၀၀၀ |
| ၉။ ဦးရှိန်ဝင်း+ဒေါ်ခင်ချိုဦး တက်လမ်းဆောက်လုပ်ရေးမိသားစု၊ ရန်ကုန်။ | ၂၀,၀၀၀ |
| ၁၀။တိုက်အုပ်စာချဘုန်းကြီး ဦးတေဇဝန္တ | ၁၀,၀၀၀ |
| ၁၁။ဦးစန္ဒာသိရိဘိဝံသ (သ-စ-အ) | ၁၀,၀၀၀ |
| ၁၂။စာချဘုန်းကြီးဦးသောဘဏ | ၅,၀၀၀ |
| ၁၃။စာချဘုန်းကြီး ဦးကေလာသ | ၅,၀၀၀ |
| ၁၄။အရှင်စန္ဒာဓိက၏ခမည်းတော်၊မယ်တော် ဦးစိန်ဝင်း+ဒေါ်သိန်းသိန်း၊မင်္ဂလာလမ်း၊စမ်းချောင်း။ | ၅,၀၀၀ |
| ၁၅။စာရေးဆရာမကြီး ဒေါ်ခင်စောတင့်မိသားစု | ၅,၀၀၀ |
| ၁၆။ဦးကေသရာလင်္ကာရာဘိဝံသ | ၃,၀၀၀ |
| ၁၇။ဦးဉာဏရေ | ၃,၀၀၀ |
| ၁၈။ဦးဣန္ဒကာလင်္ကာရ | ၃,၀၀၀ |
| ၁၉။ဦးကုမုဒဝရ | ၂,၀၀၀ |
| ၂၀။ဦးတေဇနိယ | ၂,၀၀၀ |
| ၂၁။ဦးတေဇာနန္ဒ | ၁,၅၀၀ |
| ၂၂။ဦးအင်္ဂိရ | ၁,၀၀၀ |
| ၂၃။ပဋ္ဌာန်းစာဝါတိုက်၊ သီလရှင်ဆရာလေးများ | ၁၀,၀၀၀ |
| ၂၄။မောင်ဝင်းသော်ဦး (ဆန်ဖရန်စစ်စကို၊ ယူအက်စ်အေ) | ၁၀,၀၀၀ |